ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသော စိတ် မရှိသူအား မကောင်းမှုသည် မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

၁၃၇၈ ခုနှစ် ပြာသိုလဆန်း ၅ ရက် တနင်္လာနေ့။ Monday, 2 January 2017 (၈၇၉၄)

# လူတိုင်း လူတိုင်းက မိမိ၏ ဒေါသ၊ လောဘ ပျောက်အောင်လုပ်မည်ဆိုလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး မြန်မြန်ဆန်ဆန် အောင်မြင်မည်

## မိမိတို့အချင်းချင်းအကြား မှန်မှန်ကန်ကန်၊ ဖြောင့်ဖြောင့်မတ်မတ်၊ ပွင့်ပွင့်လင်းလင်း၊ ဖြူဖြူစင်စင် ဆက်ဆံနိုင်ရန်လို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)



**နေပြည်တော် ဇန်နဝါရီ ၁**

ငြိမ်းချမ်းရေးဖြစ်စဉ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့်လည်း လုပ်၍မရကြောင်း၊ အဖွဲ့အစည်းအချို့နှင့်လည်း လုပ်၍မရကြောင်း၊ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်နေသည့် ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းကြိုးစားမှုရမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်ဆိုသည်ကို မိမိယုံကြည်ပြီးသားဖြစ်ကြောင်း၊ ဘယ်လောက်အချိန်ယူရမလဲဆိုသည်ကိုသာ မသိခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် အချိန်မဆွဲသင့်တော့ဘူးဟုထင်ကြောင်း၊ မိမိတို့ ယခင်နှစ် ပင်လုံညီလာခံကို စလုပ်တုန်းကလည်း တချို့က စောသေးသည်၊ အချိန်နည်းနည်းပေးပါဟု ပြောကြကြောင်း၊ မစောဘူး၊ နောက်ကျနေပြီဟု မိမိပြောခဲ့ကြောင်း၊ ဒီလိုညီလာခံကြီးဖြစ်မြောက်သင့်သည်မှာ ကြာပြီဖြစ်၍ တစ်ရက်နောက်ကျလျှင်တောင် နောက်ကျလွန်းနေပြီဟုပြောပြီး ဖြစ်မြောက်အောင် လုပ်ခဲ့ကြောင်း။

အလားတူ ယခုလုပ်ရမည့်ကိစ္စများကိုလည်း မလိုအပ်တဲ့ အဆောတလျင်လုပ်ခြင်းမဟုတ်ဘဲ အမြန်ဆုံးလုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလိုအပ်ခဲ့သည်မှာ လွတ်လပ်ရေးရကတည်းကပင်ဖြစ်ကြောင်း၊ နှစ်ပေါင်း ၇၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ ယခုအချိန်အထိ ငြိမ်းချမ်းရေးလည်း မရသေးသည်မှာ အချိန်လွန်လာပြီဟုထင်ကြောင်း ပြောကြားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အဆိုပါဌာန၌ ကျင်းပစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးအထိမ်းအမှတ် သံလွင်ပင်ကို ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများခြံရံ၍ စိုက်ပျိုးပေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



**မြန်မာ့လွတ်လပ်ရေးကို ထာဝရထိန်းသိမ်းစေလို**

စာမျက်နှာ - ၆

**ခေတ်ပြောင်းသော်လည်း မပြောင်းလဲနိုင်သော ရန်ကုန် Logo**



စာမျက်နှာ - ၇

**ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏ စကားသံများ**

စာမျက်နှာ - ၉

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးထိန်းသိမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းထောင်ချီသည့် ကာလကတည်းက တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးတို့ဖြင့် မြန်မာနိုင်ငံတစ်ဝန်း ဒေသအနှံ့အပြားတွင် အတူတကွရောနှော နေထိုင်လျက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။

တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်သမိုင်းစဉ်တစ်လျှောက်တွင် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်း ကိုယ့်အရှင်သခင်ဖြင့် အတူတကွ ခံ့ညားထည်ဝါစွာ စုစည်းနေထိုင်ခဲ့ကြသည်ကို မျက်မှောက်ကာလအထိ ကျန်ရှိရစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များက သက်သေပြလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ရှာဖွေတွေ့ရှိထားသော လူတူပရိုင်းမိတ်နှင့် ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားများအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဖြစ်နောက်မကျသောနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့သည်ကိုလည်း တထစ်ချပြောနိုင်သည်။ မြန်မာနိုင်ငံ၏ပထဝီဝင်အနေအထားအရ သွယ်တန်းနေသော တောင်တန်းကြီးများမှာ နယ်နိမိတ်တံတိုင်းကြီးများသဖွယ် ကာရံပေးထားပြီး ပြည်ပမှ အလွယ်တကူ မဝင်ရောက်နိုင်အောင် ဟန့်တားထားသည်။

စုပေါင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာလည်း နေရာဒေသကိုလိုက်၍ အခေါ်အဝေါ်၊ ပြောဆိုသောဘာသာစကား၊ ဝတ်စားဆင်ယင်မှု၊ ယုံကြည်ကိုးကွယ်မှုတို့မှာ ကွဲပြားမှုရှိသော်လည်း မြန်မာဟူသော နယ်နိမိတ်အတွင်း အတူတကွနေထိုင်ခြင်း၏ ပင်ကိုစရိုက်လက္ခဏာနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတို့မှာ အခြေခံအားဖြင့် တူညီပေသည်။

ထိုကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို ပထမမြန်မာနိုင်ငံတော်ကြီးအဖြစ် အမြော်အမြင်ကြီးမားသော ပုဂံမင်းဆက်က နှစ်ပေါင်းတစ်ထောင်ကျော်ကြာ စုစည်းအုပ်ချုပ်၍ နိုင်ငံတော်လုံခြုံရေးအတွက် ခံမြို့၊ ကင်းမြို့များ တည်ဆောက်ထားနိုင်ခဲ့ပြီး တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းအားဖြင့် ပြည့်ဝမ်းစာရှာဖွေရုံသာမက နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချိန်တွင် လိုအပ်သလို တစုတစည်းတည်း ပါဝင်ခဲ့ကြသည်။

တစ်ဖန် တိုင်းပြည်အင်အားယိုင်နဲ့၍ပြိုကွဲရသောအခါ တကွဲတပြားစီဖြစ်နေသော နိုင်ငံတော်ကို တောင်ငူခေတ်တွင် ပြန်လည်စုစည်းကာ ဒုတိယမြန်မာနိုင်ငံတော်အဖြစ် ပြန်လည်ထူထောင်ပြီး မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို ကျယ်ပြန့်စွာပြန်လည်ထူထောင်ခဲ့သည်။ ထိုစဉ်ကလည်း သတ္တိဗျတ္တိနှင့်အမြော်အမြင်ကြီးမားသော မင်းများနှင့်ပြည်ထောင်စုဖွားတိုင်းရင်းသားများ အတူလက်တွဲစွမ်းဆောင်နိုင်မှုကြောင့် ဒေသတွင်းနယ်ပယ်တွင် အချုပ်အခြာအာဏာပိုင်စိုးကာ လွတ်လပ်စွာရပ်တည်နေထိုင်နိုင်ခဲ့သည်။

အလားတူ တိုင်းပြည်အင်အားယုတ်လျော့၍ ထိပါးစော်ကားမှုများရှိလာသောအချိန် ကုန်းဘောင်ပထမမင်းဆက် အလောင်းမင်းတရားလက်ထက်မှစ၍ တတိယမြန်မာနိုင်ငံတော်ကြီးကို ပြန်လည်စုစည်းကာ ပြည်ပရန်၊ ပြည်တွင်းရန်တို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့်လက်တွဲ၍ တွန်းလှန်ချေမှုန်းကာ လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်အဖြစ် ထူထောင်နိုင်ခဲ့သည်။

ထို့နောက် ယိုယွင်းလာ၍ နယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့သော မြန်မာနိုင်ငံတော်ကို မျိုးချစ်မြန်မာခေါင်းဆောင်များနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လက်တွဲကာ နယ်ချဲ့ရန်ကိုတွန်းလှန်နိုင်ခဲ့သောကြောင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် စတုတ္ထမြန်မာနိုင်ငံတော်အဖြစ် ယနေ့ထက်တိုင် ခိုင်ခိုင်မာမာရပ်တည်နေသည်။

နှစ်ပေါင်းထောင်ချီအခွန့်ရှည်တည်တံ့ခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လေးကြိမ်လေးခါ ပြန်လည်စုစည်းကာ တည်ထောင်ထားနိုင်ခြင်းသည် သတ္တိဗျတ္တိနှင့် အမြော်အမြင်ကြီးမားသော ခေါင်းဆောင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်ရေးအတွက် တညီတညွတ်တည်း စည်းစည်းလုံးလုံး လက်တွဲဆောင်ရွက်ခဲ့ကြသည်ကို မမေ့မလျော့ မပေါ့မဆရှိကြရမည်ဖြစ်သည်။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှ ရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ရေနံချောင်း ဇန်နဝါရီ ၁**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မိခင်နှင့်ကလေးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စံပြမိခင်မွေးစမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်အထိ၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိနှင့် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ပြိုင်ပွဲအမျိုးအစား ငါးမျိုးဖြင့်ကျင်းပခဲ့ရာ ရေနံချောင်းမြို့ပေါ်ရှိ ကလေးမိခင်များ လာရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မာမာ(ပြန်/ဆက်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**မကွေး ဇန်နဝါရီ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီက မကွေးမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံးခန်းမ၌ ပြုလုပ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် စိုက်ပျိုးထုတ်လုပ်သူများ၊ ကူးသန်းရောင်းဝယ်သူများ၏ အခက်အခဲများကို သိရှိရန်အတွက် လာရောက်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ပို့ကုန်၊ သွင်းကုန်များကို အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံခြားငွေရရှိရန်အတွက် ပို့ကုန်လုပ်ငန်းကို အလေးထားဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများ၊ ဈေးကွက်များတွင် လက်ရှိတွေ့ကြုံနေရသည့် အခက်အခဲများနှင့် မြန်မာနိုင်ငံအတွက် ရှေ့မှဦးဆောင်သွားမည့် ကုန်သည်ကြီးများက စေတနာသန့်သန့်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက လက်ရှိအခြေအနေများကို တင်ပြဆွေးနွေးသည်။ ဆက်လက်ပြီး တက်ရောက်လာသည့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

## စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် လယ်ယာမြေများအား စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး မြေယာများပြုပြင်

**မြစ်သား ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနက ကြီးမှူး၍ ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် လယ်ယာမြေများအား စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေး မြေယာများပြုပြင်ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းက "မြေယာများပြုပြင်ပေးခြင်းဖြင့် အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာစေခြင်း၊ ထုတ်လုပ်မှု စွမ်းအားမြင့်မားလာခြင်းနှင့်အတူ လုပ်ကွက်ငယ်တောင်သူများ၏ ဝင်ငွေပါတိုးတက်လာစေခြင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း၊ မြစ်သားမြို့နယ်တွင် အသင်းပေါင်းလေးသင်းရှိ အသင်းသား၂၄ ဦး၏ လယ်ယာမြေဧက ၁၃၁ ဒသမ ၄၃ ပြုပြင်ရန် ပံ့ပိုးချေးငွေကျပ် ၃၇ ဒသမ ၇၄၆ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ယနေ့ပြုပြင်မည့် ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင် ဒုတိယတန်းစားအမျိုးအစား ဧက ၁၆ ဒသမ ၈၃ ဧကကို တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်သတ်မှတ်ကာ ပြုပြင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစန်းလွင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အုန်းကြည်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့က အသင်းသားတောင်သူများဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် သမဝါယမဦးစီးဌာနနှင့် အသင်းသားများ၏အင်အားပေါင်းစပ်၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ရွာသစ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းပိုင်လယ်ယာမြေများအား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ထွန်စက်များဖြင့် မြေယာပြုပြင်ခြင်းများကို ကြည့်ရှုခဲ့ကြသည်။

**ရဲဝင်းထွန်း(မြစ်သား)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀




**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

❐ **ရွှေဖုံးမှ**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရာတွင် ဤနေ့ကိုရွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွင့်ရသည့် အကြောင်းအရင်းသည် မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများ ယခုနှစ်တွင် အောင်မြင်ပါစေဆိုသည့် စိတ်ထားဖြင့် ရွေးချယ်ရခြင်းဖြစ်ပါကြောင်း၊ အောင်မြင်ရန်အတွက်လည်း အားလုံးက ဝိုင်းဝန်းပြီး ကူညီရန် လိုအပ်သည်ကို အထူးအထွေ ပြောရန် မလိုအပ်ပါကြောင်း။

မျှော်လင့်ချက်ဆိုသည်မှာ ထပ်တလဲလဲ ပြန်ပြီး ရှင်သန်၍ ရပါကြောင်း၊ သို့သော် ကုန်သွားသည့် အချိန်များမှာ ပြန်ပြီး မရနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် အချိန်ကို မဖြုန်းရန် အင်မတန်အရေးကြီးပါကြောင်း၊ ယခုနှစ်တွင် မိမိတို့ ဘယ်လောက်အထိ အောင်မြင်မှုရချင်သလဲ ဆိုသည်ကို သန္နိဋ္ဌာန်ချပြီး ကိုယ်လိုချင်သည့်အောင်မြင်မှုရအောင် ကြိုးစားရမည်ဖြစ်ပါကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည့် အသုံးအနှုန်းကို သုံးထားပါကြောင်း၊ တချို့က အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဟု သုံးကြပါကြောင်း၊ ပြန်လည်ရင်ကြားစေ့ရေးဟု သုံးသုံး၊ ပြန်လည်သင့်မြတ်ရေးဟု သုံးသုံး ယခင်က သင့်မြတ်ဖူးသည်၊ ယခင်က ရင်ကြားစေ့ရေး ရှိဖူးသည်၊ နောက် ပျောက်ကွယ်သွားသဖြင့် ပြန်ပြီး ပြန်လည်ရရှိအောင် လုပ်သည်၊ ကြိုးပမ်းသည်ဟု အဓိပ္ပာယ်ဆောင်သလားဟု မိမိ စဉ်းစားပါကြောင်း။

ထိုသို့ဆိုလျှင် လုံးဝမှန်ကန်သည်ဟု ပြော၍မရပါကြောင်း၊ မိမိတို့သည် တစ်ချိန်တစ်ခါက တကယ့်ကို မှန်ကန်သင့်မြတ်သည့် ရင်ကြားစေ့ရေး ရခဲ့ပြီလားဆိုလျှင် လွတ်လပ်ရေးကာလကတည်းက စပြီး လုံးဝရရှိခြင်း မရှိသေးပါကြောင်း၊ ပြန်လည်ပြီး တည်ဆောက်ရမယ့် ကိစ္စ၊ အသစ်တည်ဆောက်ရမည့် ကိစ္စ ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် အသစ်တည်ဆောက်သည်မှာ ပြန်လည်တည်ဆောက်ခြင်းထက် လွယ်သည်ဟု ပြော၍ ရပါကြောင်း၊ ပြန်လည်တည်ဆောက်ခြင်းမှာ ယခင်ရှိပြီးသား အဆောက်အအုံကြီးအပေါ် ပြန်ပြင်ပြီး ဆောက်ရခြင်းဖြစ်၍ အခက်အခဲ ရှိနိုင်ပါကြောင်း၊ အသစ်တည်ဆောက်ပါက ကိုယ်လိုချင်သည့်ပုံစံကို ချပြီး တည့်တည့်မတ်မတ်တည်ဆောက်သွားလျှင် ပိုပြီးလွယ်ကူနိုင်ပါကြောင်း၊ ပြန်လည်တည်ဆောက်သည့်အနေဖြင့် ကြည့်ကြည့်၊ အသစ်တည်ဆောက်သည့်အနေဖြင့် ကြည့်ကြည့် ကြိုးစားရမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း၊ အဓိကမှာ စိတ်ဆန္ဒပင်ဖြစ်ပါကြောင်း၊ တကယ်ပြန်လည်တည်ဆောက်ချင်သည့် ဆန္ဒရှိသလားဆိုသည်ကို မိမိတို့ဘာသာ ပြန်ပြီးသုံးသပ်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

လူတိုင်း လူတိုင်းက မိမိ၏ ဒေါသ၊ လောဘ ပျောက်အောင်လုပ်မည်ဆိုလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို မြန်မြန်ဆန်ဆန် အောင်မြင်မည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သည့်အခါ ကိုယ်က ဘာပေးနိုင်သလဲ၊ ကိုယ်က ဘယ်လိုပံ့ပိုးပေးနိုင်သလဲ၊ ကိုယ်က ဘယ်လောက် အနစ်နာခံနိုင်သလဲ၊ ကိုယ်က ဘယ်လောက် စွန့်လွှတ်နိုင်သလဲဆိုသည်ကို စဉ်းစားရန်လိုပါကြောင်း၊ ဟိုဘက်က ဘယ်လောက်ပေးမှာလဲ၊ ဟိုဘက်က ဘယ်လောက်ရနိုင်မှာလဲ၊ ဟိုဘက်က ငါတို့အတွက် ဘာတွေလုပ်ပေးနိုင်မှာလဲ ဆိုသည့်ပုံစံဖြင့် သွားမည်ဆိုလျှင် အောင်မြင်မှု မရနိုင်ပါကြောင်း။

ဤ NRPC စင်တာ အဆောက်အအုံကြီးကို အလုပ်လုပ်နိုင်သည့် အခြေအနေရောက်ရန် အများကြီး ကြိုးစားခဲ့ရပါကြောင်း၊ ထိုသို့ကြိုးစားသော်လည်း အားလုံးက ပြီးမြောက်သေးခြင်း မရှိသေးပါကြောင်း၊ တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း ပိုပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို သင့်တော်သည့်လုပ်ငန်းများ ပြီးစီးနိုင်ရန်၊ လုပ်ငန်းများကို ပံ့ပိုးနိုင်ရန် အဆောက်အအုံကြီးကို တည်ထောင်ရန် ကြိုးစားခြင်းဖြစ်ပါကြောင်း။

တချို့က မေးပါကြောင်း၊ ပင်လုံညီလာခံကြီး အောင်မြင်ပြီးလျှင် မိမိတို့ လိုချင်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ပြီးလျှင် ဤ NRPC က မလိုတော့ဘူးလားဆိုပြီး မေးခွန်းထုတ်သူများ ရှိပါကြောင်း၊ ယင်းကို ယခုအချိန်တွင် မိမိပြော၍ မရသေးပါကြောင်း၊ သို့သော် ယခုတည်ဆောက်လိုက်သည့်၊ တည်ဆောက်နေဆဲမှ တည်ဆောက်ပြီးသည့်အခါတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆက်ပြီး ထိန်းသိမ်းထားရန် အများကြီး လိုအပ်မည်ဖြစ်ပါကြောင်း။

စောစောက သံလွင်ပင်ကို စိုက်ခဲ့ပါကြောင်း၊ သံလွင်ပင်၏ အရေးပါပုံကို အပင်စိုက်စဉ်အခါက ရှင်းပြသွားပါကြောင်း၊ သို့သော် ဤသံလွင်ပင်လေးသည် ဒီနေ့စိုက်ပြီး ပစ်ထား၍ မရပါကြောင်း၊ ဒီနေ့စိုက်ပြီး ပြန်လှည့်မကြည့်လျှင် မကြာခင် သေသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့က ဆက်ပြီး သံလွင်ပင်လေးကို ရှင်သန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း။

မိမိတို့သည် သဘာဝမြေသြဇာဖြင့် ဤသံလွင်ပင်လေးကို ရှင်သန်အောင် လုပ်ရမည်ဖြစ်ပါကြောင်း၊ ရေကိုလုံလောက်အောင် ပေးရမည်ဖြစ်ပြီး သိပ်အလွန်အကျွံပေး၍ မရပါကြောင်း၊ ယင်းမှာ အပင်များ၏ သဘောတရားပင်ဖြစ်ပါကြောင်း၊ ဘာမဆို သင့်တော်အောင်လုပ်မှ ဤအပင်လေးများ ရှင်သန်နိုင်မည်၊ ဖွံ့ဖြိုးနိုင်မည်၊ အသီးအပွင့်များနှင့် ဝေဆာနိုင်မည်ဖြစ်ပါကြောင်း၊ အလွန်အကျွံ လုပ်၍လည်း မရနိုင်ပါကြောင်း။

ယခု ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး အရေးကြီးဆုံးမှာ ယုံကြည်မှုတည်ဆောက်ရန်နှင့် ယင်း၏အခြေခံမှာ ဖြောင့်မတ်ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး သံလွင်ပင်လေးကိုရှင်သန်စေချင်လျှင် အရေးကြီးသည်မှာ မိမိတို့ အချင်းချင်းအကြား မှန်မှန်ကန်ကန်၊ဖြောင့်ဖြောင့်မတ်မတ်၊ ပွင့်ပွင့်လင်းလင်း၊ ဖြူဖြူစင်စင် ဆက်ဆံနိုင်ရန် လိုပါကြောင်း၊ ကိုယ်လိုချင်တာရှိလျှင်လည်း လိုချင်သည်ဟု ပြော၍ရပါကြောင်း၊ လူဖြစ်သည့်အတွက် လိုချင်တာရှိပါကြောင်း၊ မိမိတို့ဆန္ဒချင်းမတူ၍ ငြိမ်းချမ်းရေးများ ပျက်ပြားခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ကိုယ်လိုချင်တာနှင့် သူလိုချင်တာ မတူသဖြင့် သို့မဟုတ် သူလိုချင်တာကို ကိုယ်ကလည်း လိုချင်ပြီး လုသဖြင့် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး ပျက်ပြားခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ်၏ ပထမဦးဆုံးနေ့မှစပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့် စိတ်ဓာတ်များနှင့် ဆက်ပြီးသွားကြစို့ဟု တိုက်တွန်းချင်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေး သင်္ကေတသည် ချိုးဖြူလေးဖြစ်ပါကြောင်း၊ ဖြူစင်ခြင်းဟု ဆိုချင်ပါကြောင်း၊ ဖြူစင် သန့်ရှင်းခြင်းဆိုသည်မှာ တစ်ယောက်နှင့် တစ်ယောက်အပေါ် ဖြူစင်သန့်ရှင်းသော စိတ်ထားများမထားဘဲ တကယ့်စစ်မှန်သည့် ငြိမ်းချမ်းရေးကို မရနိုင်ပါကြောင်း၊ ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို မိမိတို့ မတည်ဆောက်နိုင်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့် စိတ်ထားများ ထားချင်လျှင် မိမိကိုယ်ကို တစ်ချိန်လုံး သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လောဘကို အလှူဒါနဖြင့် အောင်နိုင်စေရာ၏ဟုဆိုသည့်အတိုင်း ကိုယ့်လောဘများနှင့် လိုချင်စိတ်များကို ပေးကမ်းချင်သည့်စိတ်၊ တခြားသူ၏ ဆန္ဒများကို တတ်နိုင်သလောက် မှန်မှန်ကန်ကန်နည်းလမ်းဖြင့် ဖြည့်ဆည်းပေးချင်သည့်စိတ်များဖြင့် အောင်နိုင်ယူရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ဒေါသများကိုလည်း မေတ္တာထားခြင်းဖြင့် အောင်နိုင်ယူရမည်၊ လောဘနှင့် ဒေါသကို အောင်နိုင် နိုင်မည်ဆိုလျှင် မိမိတို့နိုင်ငံတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေး မရှိစရာအကြောင်း ဘာမျှမရှိပါကြောင်း၊ ယင်းစိတ်နှစ်ခုသာ ပျောက်ကွယ်သွားမည်ဆိုလျှင်၊ လုံးဝပျောက်ကွယ်သွားခြင်း မဟုတ်ဘဲ အများကြီးလျော့ကျသွားမည်ဆိုလျှင် မိမိတို့၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်ဟု လုံးဝယုံကြည်ပါကြောင်း။

အချိန်တွေ လွန်လာသည့်အတွက် ယခုနှစ်တွင် ငြိမ်းချမ်းရေး ပန်းတိုင်ကို တကယ့်ကို တည့်တည့်မတ်မတ်သွားနိုင်ပြီဆိုသည့် အခြေအနေဖြစ်အောင် ဝိုင်းဝန်းပြီး ကြိုးစားစေချင်ပါကြောင်း၊ ငြိမ်းချမ်းရေးပန်းတိုင်ကို ရောက်တော့မည်၊ တည့်တည့်ဖြောင့်ဖြောင့် လမ်းပေါ်ကို ရောက်နေပြီဆိုလျှင် အားလုံးဝိုင်းပြီး အမြန်ဆုံးဖြစ်အောင် ကြိုးစားရမည်၊ တည့်တည့်မတ်မတ် လမ်းပေါ်ရောက်ရန်မှာ အကြီးဆုံးစိန်ခေါ်မှုပင် ဖြစ်ပါကြောင်း။

ယင်းစိန်ခေါ်မှုများကို ဤအဆောက်အအုံထဲမှ ဗဟိုပြုပြီး မိမိတို့ ရင်ဆိုင်သွားမည် ဖြစ်ပါကြောင်း၊ ရင်ဆိုင်သည့်အခါတွင်လည်း နိုင်ငံသူ

**စာမျက်နှာ ၉ သို့**




ဓာတ်ပုံ-ကျော်ရဲဆွေ(သတင်းစဉ်)

# တူရကီနိုင်ငံ အစ္စတန်ဘူမြို့ရှိ ညကလပ်တစ်ခုတွင် အကြမ်းဖက်သေနတ်ပစ်ခတ်မှုဖြစ်ပွား

**အန်ကာရာ ဇန်နဝါရီ ၁**

ဇန်နဝါရီ ၁ ရက် နှစ်သစ်ကူးအခါသမယတွင် တူရကီနိုင်ငံ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူရှိ ရီနာညကလပ်တစ်ခု၌ အကြမ်းဖက်သေနတ်ပစ်ခတ်မှုကြောင့် အနည်းဆုံး လူပေါင်း ၃၉ ဦးသေဆုံးခဲ့ပြီး ၆၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။ သေဆုံးသူများအနက် ၁၅ ဦးကျော်မှာ နိုင်ငံခြားသားများဖြစ်သည်။

ဇန်နဝါရီ ၁ ရက် နံနက် ၁ နာရီထိုးပြီးနောက် အကြမ်းဖက်သမားတစ်ဦးက ညကလပ်အတွင်းရှိ နှစ်သစ်ကူးအခါသမယကို ပျော်ရွှင်စွာကြိုဆိုနေကြသည့် ပြည်သူများအား သေနတ်ဖြင့် ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့ကြောင်းနှင့် အကြမ်းဖက်ပစ်ခတ်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်ဟု တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆိုလုက ဆိုသည်။

တူရကီသမ္မတ ရီဆပ်တေရစ်ပ် အာဒိုဂန်က အဆိုပါ အကြမ်းဖက်သေနတ်ပစ်ခတ်မှုအား ရှုတ်ချသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါပစ်ခတ်မှုနှင့် ပတ်သက်ပြီး အသေးစိတ် စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းကဲ့သို့ အကြမ်းဖက်ကျူးလွန်မှုများကြောင့် နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပွားနိုင်သည့်အတွက် အကြမ်းဖက်သမားများကို အမြစ်ပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း ယင်းကြေညာချက်ထဲတွင် ပါရှိသည်။



ရီနာညကလပ်သည် ဘိုစပေါ်ရပ်စ် ရေလက်ကြားကို မျက်နှာမူထားသည့် ခရိုင်တစ်ခုတွင် တည်ရှိပြီး နိုင်ငံခြားသားများနှင့် ချမ်းသာကြွယ်ဝသော ဒေသခံပြည်သူများအကြား ရေပန်းစားလှသည်။ အခင်းဖြစ်ပွားစဉ်တွင် နှစ်သစ်ကူးအခါသမယကို ကြိုဆိုနေကြသည့်ပြည်သူများ စည်ကားများပြားလျက်ရှိသည်။

အခင်းဖြစ်ပွားပြီးနောက် ညကလပ်နှင့်အနီးဝန်းကျင်ကို ဖြတ်သန်းသွားလာမှုများ မပြုလုပ်ရန် ယာယီပိတ်ဆို့ထားသည်။ နိုင်ငံအတွင်းရှိဒေသအားလုံးကို လုံခြုံရေးတင်းကျပ်ထားသည်။

တူရကီနိုင်ငံမြို့တော် အန်ကာရာ၊ အစ္စတန်ဘူမြို့များအပါအဝင် အခြားသောဒေသများရှိ အကြမ်းဖက်မှုအများအပြားကို အစ္စလာမ္မစ် စစ်သွေးကြွများနှင့် ကာ့ဒ်ရှ်သူပုန်များက ကျူးလွန်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ရှန်ဆီးပြည်နယ်၌ အများသုံးသန့်စင်ခန်းပေါက်ကွဲ လူတစ်ဦး သေဆုံးပြီး၊ ခုနစ်ဦး ဒဏ်ရာရ

**ရှီအန်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ဆီးပြည်နယ် ယုလင်မြို့ရှိ အများသုံး သန့်စင်ခန်းတစ်ခု၌ ဒီဇင်ဘာ ၃၁ ရက်တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး အခြားခုနစ်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် သန့်စင်ခန်းမှာ ပြိုကျခဲ့ရာ လူရှစ်ဦးသည် အပျက်အစီးများအောက် ပိမိခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးသမားများက ပိမိသူများကို အပျက်အစီးများအောက်မှ ဆွဲယူထုတ်ခဲ့ပြီးနောက် ယင်းတို့ထဲမှ တစ်ဦးမှာ သေဆုံးခဲ့သည်ဟု အဆိုပါမြို့၏ ဟန်ရှန်ဒေသအုပ်ချုပ်ရေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းဖော်ထုတ်ဆဲဖြစ်ပြီး ယင်းသန့်စင်ခန်းအဆောက်အအုံတည်ရှိနေရာတွင် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ဖြတ်သန်းသွယ်တန်းထားသဖြင့် ယင်းသို့ပေါက်ကွဲမှုဖြစ်နိုင်ဖွယ်ရှိကြောင်း မျက်မြင်တွေ့သူတစ်ဦးက ပြောကြားသည်။


**ဆင်ဟွာ။**



# အင်ဒိုနီးရှားတွင် ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော မီးလောင် လူ ၂၀ ကျော်သေဆုံး၊ အများအပြားဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁**

အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၏မြောက်ဘက်ကျွန်းများဆီသို့ ထွက်ခွာသွားသည့် လူ ၂၅၀ နီးပါး တင်ဆောင်ထားသည့် ကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောတစ်စင်းသည် ဇန်နဝါရီ ၁ ရက်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ခရီးသည် ၂၃ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မြို့တော်ဂျကာတာရှိ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီက ပြောကြားသည်။



ဂျကာတာမြို့ မြောက်ဘက် မူရာအန်ကေးဆိပ်ကမ်းမှ သင်္ဘောထွက်ခွာပြီး မကြာမီမှာပင် မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းဖြစ်သည်။ သင်္ဘော၏ လျှပ်စစ်ဓာတ်အားပေးစက်မှ ဝါယာရှော့(ခ်)ဖြစ်ကာ ယင်းသို့ မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သင်္ဘောပေါ်တွင် လူပေါင်း ၂၄၈ ဦး တင်ဆောင်ထားပြီး မူလခန့်မှန်းထားသည့် လူ ၁၀၀ ထက် နှစ်ဆခန့်ဖြစ်သော လူ ၂၀၀ ကျော်အား ကယ်တင်နိုင်ခဲ့ကာ ၎င်းတို့အနက် ၃၂ ဦးအား ဂျကာတာမြို့ရှိ ဆေးရုံများသို့ တင်ပို့ကာ ဆေးကုသမှုခံယူစေခဲ့ရကြောင်း ဂျကာတာမြို့တော် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ အကြီးအကဲ ဟန်ဒရာဆူဒီရာမန်က ပြောကြားသည်။

**ဆင်ဟွာ။**

# တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်ခတ်ရန် နီးစပ်လာပြီဟု မြောက်ကိုရီးယားခေါင်းဆောင် ပြောကြား

**ပြုံယမ်း ဇန်နဝါရီ ၁**

မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ် ဒုံးကျည် (အိုင်စီဘီအမ်)ကို စမ်းသပ်ပစ်ခတ်ရန် နီးစပ်လာပြီဟု မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင် ကင်ဂျုံအန်က ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း ပဲ့ထိန်းဒုံးကျည်များ စမ်းသပ်ပစ်ခတ်မှုမှာ မကြုံစဖူးသော နှုန်းဖြင့် ပြုလုပ်ခဲ့သော်လည်း ဒုံးကျည်ဆိုင်ရာ ကျွမ်းကျင်သူတို့ကမူ ၎င်းနိုင်ငံအနေဖြင့် အဏုမြူလက်နက် ထိပ်ဖူးတပ်ဆင်ထားသည့် တိုက်ချင်းပစ်ဒုံးကျည်ကို အမေရိကန်ပြည်ထောင်စုအထိ ရောက်ရှိအောင်ပစ်ခတ်နိုင်သည့် စွမ်းရည်ရရှိရန် နှစ်အတော်ကြာ လုပ်ဆောင်ရဦးမည်ဟု ပြောကြားသည်။

တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်နိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်ဟု မြောက်ကိုရီးယားခေါင်းဆောင်က ဇန်နဝါရီ ၁ ရက်တွင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြောကြားသည့် နှစ်သစ်ကူးမိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။

တိုက်ချင်းပစ်(အိုင်စီဘီအမ်)အမျိုးအစား ဒုံးကျည်များသည် အနိမ့်ဆုံးခရီးတာ ကီလိုမီတာ ၅၅၀၀ (၃၄၁၈ မိုင်) ပစ်ခတ်နိုင်အောင် တည်ဆောက်ထားပြီး အချို့သော (အိုင်စီဘီအမ်) ဒုံးကျည်များမှာ ကီလိုမီတာ ၁၀၀၀၀ နှင့် ကီလိုမီတာ ၁၀၀၀၀ အထက် အကွာအဝေးထိ ပစ်ခတ်နိုင်စွမ်းရှိသည်။ မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တို့သည် အကြမ်းအားဖြင့် ကီလိုမီတာ ၉၀၀၀ ခန့်ကွာဝေးသည်။

သို့သော် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ မူဆူဒန် အမျိုးအစား တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်များကို ယုံကြည်စိတ်ချစွာ ဖြန့်ကြက်ချထားနိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွင်းက ယင်းအမျိုးအစား ပဲ့ထိန်းဒုံးကျည်ကို ရှစ်ကြိမ်ခန့် စမ်းသပ်ပစ်ခတ်ခဲ့ရာ တစ်ကြိမ်သာ အောင်မြင်မှုရခဲ့သည်။

မူဆူဒန် အမျိုးအစား တာလတ်ပစ်ဒုံးကျည်သည် ခရီးတာ ကီလိုမီတာ ၃၀၀၀ (မိုင် ၁၈၆၀)ထိ ပစ်ခတ်နိုင်ရန် တည်ဆောက်ထားရာ အဆိုပါဒုံးကျည်ဖြင့် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု၏ ပိုင်နက်နယ်မြေ ဂူအမ်ကျွန်းများထိ ရောက်ရှိအောင် ပစ်ခတ်နိုင်ဖွယ်ရှိသည်။

**ဆင်ဟွာ။**



# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



**(ယခင်အပတ်မှအဆက်)**

ဘယ်လာရုစ်ဝန်ကြီးချုပ် စတန်းနစ်လော့ ရှက်ကက်ဗစ် ပြန်ပြောင်းပြောပြတဲ့ အဲဒီတုန်းက အစည်းအဝေးလုပ်ပုံဟာ အစည်းအဝေးနဲ့မတူဘဲ အပန်းဖြေခရီးထွက်တာနဲ့ တူနေပါတယ်။ ရှက်ကက်ဗစ်က "ဒီအစည်းအဝေးတွေရဲ့ လုပ်နေကျထုံးစံအတိုင်း ရေနွေးငွေ့နဲ့ရေချိုးတာနဲ့ စဖွင့်ပါတယ်။ ပုံမှန်အတိုင်းဆိုရင် ရေနွေးငွေ့နဲ့ရေချိုးပြီးတာနဲ့ သောက်သုံးဖို့ အရက်မျိုးစုံက အဆင်သင့်ပါ။ အဲဒီနေ့ကတော့ အရက်အရင်မသောက်ဘဲ အနှိပ်ခံကြပါတယ်။ အစည်းအဝေးပြင်ဆင်ထားပုံက ဆိုဗီယက်စတိုင်မပျက်အကောင်းဆုံးပြင်ဆင်ထားတာပါ။ အစားအသောက်တွေက အလျှံအပယ်၊ အရက်တွေက ချောင်းစီး၊ အပန်းဖြေစရာတွေကလည်း ပြောမဆုံးပေါင် တောသုံးထောင်၊ အမဲလိုက်ဖို့ အစီအစဉ်တောင် ပါပါသေးတယ်"တဲ့။ ဆိုဗီယက်ပြည်ထောင်စုကြီး ဖြိုခွဲဖို့အရေး ဒီခေါင်းဆောင်ကြီးတွေ စိတ်အေးချမ်းသာစည်းဝေးကြတာဟာ ပစ္စည်းမဲ့ လူတန်းစားခေါင်းဆောင်ကြီးများဆိုတဲ့ အသုံးအနှုန်းဝေါဟာရနဲ့တော့ တယ်မဟပ်လှပါဘူး။

ဒီဇင်ဘာ ၈ ရက် မနက် ၉ နာရီမှာ ခေါင်းဆောင်ကြီးတွေဟာ ဝန်ကြီးချုပ်တွေ အပါအဝင် အခြားအရာရှိကြီးတွေ ခြံရံပြီး အစည်းအဝေးတက်ဖို့ ရောက်လာကြပါတယ်။ ခေါင်းဆောင်ကြီးတွေဟာ အစည်းအဝေးခန်းမကို ရောက်လာကြပေမယ့် ဘာကို ဆွေးနွေးကြမယ်ဆိုတာက ရှင်းရှင်းလင်းလင်း ရှိလှတာ မဟုတ်ပါဘူး။ ဆွေးနွေးကြမယ့် အစီအစဉ်ပထမဆုံးအကြံပြုချက်က ရုရှားအကြံပေးအရာရှိ ဂျနာဒီဘာဗျူလစ်ဆီက ထွက်လာပါတယ်။ ဒီထက်ပြင်းထန်တဲ့ အဆိုပြုချက်တော့ မရှိနိုင်ပါဘူး။ ရှက်ကက်ဗစ်က "ကျွန်တော်ကတော့ ဒီအဆိုပြုချက်ကို သေတဲ့အထိ မှတ်မိနေမှာပါ။ ကျွန်တော်တို့ သဘောတူညီချက်ရဲ့ အဖွင့်စာပိုဒ်ဟာ ဒီအဆိုပြုချက်ပါပဲ။ ပြောရရင် ငြင်းခုံဆွေးနွေးမှုမရှိဘဲ အတည်ပြုခဲ့တဲ့ တစ်ခုတည်းသောစာပိုဒ်လည်း ဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုသည် ပကတိပထဝီနိုင်ငံရေးအရ ဖြစ်စေ၊ နိုင်ငံတကာဥပဒေအရဖြစ်စေ တရားဝင်တည်ရှိမှု အဆုံးသတ်သွားပြီဖြစ်ပါသည်တဲ့။ ဒါဆိုရင် လက်မှတ်ထိုးမယ်လို့ ပြောတဲ့သူတွေထဲမှာ ကျွန်တော်က ပထမဆုံးပါပဲ။

ဒီသဘောတူညီချက်အရ ဆိုဗီယက်ပြည်ထောင်စုခေါင်းဆောင် မစ်ခေးလ်ဂေါ်ဘာချော့ဗ်ကို ဘေးဖယ်လိုက်သလို ဖြစ်စေမှာဖြစ်ပြီး ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်ကို လုပ်ပိုင်ခွင့်အာဏာပိုပေးတဲ့ အဓိပ္ပာယ်သက်ရောက်မှာပါ။ ဒါပေမယ့် ရာစုနှစ်ပေါင်းများစွာ သက်တမ်းရှည်ခဲ့တဲ့ ရုရှားအင်ပါယာနဲ့ သူ့ရဲ့ အမွေခံ ဆိုဗီယက်ပြည်ထောင်စုကို ဖျက်သိမ်းဖို့ဆိုတာ အင်မတန်ကြီးမားတဲ့ သမိုင်းခြေလှမ်းပါ။ ဒီဖြစ်ရပ်ဖြစ်ပြီး နှစ်ပေါင်းများစွာကြာတဲ့အထိ ကမ္ဘာ့ပြည်သူတွေက ဒီခေါင်းဆောင်သုံးဦးဟာ ဒီလောက်အရေးကြီးတဲ့ သမိုင်းအချိုးအကွေ့ဆိုင်ရာ ဆုံးဖြတ်ချက်ကို ကျွန်ရေရရ တည်တည်ငြိမ်ငြိမ်ဆုံးဖြတ်ခဲ့နိုင်သလားဆိုတဲ့အချက်အပေါ် မေးခွန်းထုတ်နေကြမှာပါ။ ဘယ်လာရုစ်ဝန်ကြီးချုပ် ရှက်ကက်ဗစ်က "လူထုကြားပြောနေဆိုနေပုံအရဆိုရင် ကျွန်တော်တို့ဟာ ဒီစာချုပ်ကြီးတစ်ခုလုံးကို မူးရူးပြီး ရေးဆွဲခဲ့တဲ့ပုံမျိုးဖြစ်နေပါတယ်။ ဒါမျိုးလုံးဝမဟုတ်ခဲ့ပါဘူး။ အစည်းအဝေးက ဆိုဗီယက်ခေတ်ပုံစံအတိုင်း စီစဉ်ထားတာဆိုတော့ ဘယ်လက်ဗဇားကျေးလက်စံအိမ်တစ်ခုလုံး ဘယ်နေရာပဲဖြစ်ဖြစ် အရက်က လက်တစ်ကမ်းမှာ ရှိတယ်ဆိုတာကတော့ အမှန်ပါ။ ဒါပေမယ့် အရက်ကိုဘယ်သူမှထိကြတာတော့ မဟုတ်ပါဘူး။ အများသုံး စာပိုဒ်တစ်ပိုဒ်သဘောတူပြီးတိုင်း ဘရန်ဒီကို စတိသဘောသောက်တာပဲရှိပါတယ်" ဆိုပြီး ရှင်းပြခဲ့တာကို မယုံရင်ပုံပြင်မှတ်လို့ပဲ ပြောရမှာပါ။

ဒီလိုနဲ့ နာရီအတော်ကြာကြာ ဆွေးနွေးပြီးတဲ့အခါ စာချုပ်ပါအပိုဒ် ၁၄ ပိုဒ်စလုံးကို ညှိနှိုင်းရရှိခဲ့ပါတယ်။ ညနေ ၃ နာရီဝန်းကျင်ရောက်တဲ့အခါ ဆိုဗီယက်ပြည်ထောင်စုဖျက်သိမ်းမှာကို အတည်ပြုတဲ့စာချုပ်ဟာ အဆင်သင့်ဖြစ်နေပါပြီ။ နောက်တစ်ဆင့်ကတော့ ဒီလိုဖျက်သိမ်းမှာကို တရားဝင်ကြေညာဖို့ပါ။ ဘယ်သူမှ မလုပ်ချင်တဲ့အလုပ်ကို လုပ်ဖို့ တာဝန်ကျတဲ့ ခေါင်းဆောင်ကတော့ ဘယ်လာရုစ်ဝန်ကြီးချုပ် ရှက်ကက်ဗစ်ပါ။ ရှက်ကက်ဗစ်က "ယဲ့လ်ဆင်နဲ့ ခရော့ချော့(ခ)က ကျွန်တော့်ကို နောက်သလိုလိုပြောတယ်။ ဂေါ်ဘာချော့ဗ်ကို အသိပေးဖို့တာဝန်ကျွန်တော့်ကိုပေးဖို့ သူတို့နှစ်ယောက်က ဆန္ဒမဲပေးတယ်ပေါ့။ ဒီတော့ ကျွန်တော်ကလည်း ယဲ့လ်ဆင်ကို ပြန်ပြောလိုက်တယ်။ ခရော့ချော့(ခ)နဲ့ ကျွန်တော်ကလည်း ခင်ဗျားရဲ့ မိတ်ဆွေကြီး သမ္မတ ဂျော့ဘုရှ်ဆီ ဖုန်းဆက်ပြောဖို့ တာဝန်ပေးတယ်ဗျာ" လို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။ ရှက်ကက်ဗစ်က "ကျွန်တော်က မော်စကိုမှာရှိတဲ့ ဂေါ်ဘာချော့ဗ်ရုံးကို ဖုန်းခေါ်လိုက်ပါတယ်။ ဒါပေမယ့် ရုံးက ကျွန်တော့်ကို ဂေါ်ဘာချော့ဗ်ဆီ ချက်ချင်းလွှဲမပေးပါဘူး။ ကျွန်တော့်ကို ဟိုလူ့ဆီလွှဲပေးလိုက် ဒီလူ့ဆီလွှဲပေးလိုက် လုပ်နေပါတယ်။ ကျွန်တော့်မှာ ကျွန်တော်ဘယ်သူဆိုတာကို ထပ်ကာတလဲလဲ ရှင်းပြနေရပါတယ်။ အဲဒီအချိန်မှာ ယဲ့လ်ဆင်က ကျွန်တော်ဖုန်းဆက်နေတာကို ကြည့်ရင်း သမ္မတဘုရှ်ဆီ ဖုန်းဆက်ပါတယ်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ကော့ဇီရက်(ဗ)က တခြားဖုန်းကနေ သမ္မတဘုရှ်ပြောစကားတွေကို ဘာသာပြန်ပေးပါတယ်"လို့ ရှင်းပြပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီး ကော့ဇီရက်(ဗ) ရှင်းပြတာကို နားထောင်နေတဲ့ ခရော့ချော့(ခ) ကလည်း သူ့အတွေ့အကြုံကို ပြန်မျှပါတယ်။ ယူကရိန်းသမ္မတ ခရော့ချော့(ခ)က "ကျွန်တော်မှတ်မိသလောက် သမ္မတဘုရှ်က မေးခွန်းနှစ်ခုမေးတယ်။ ပထမမေးခွန်းက ဆိုဗီယက်ပြည်ထောင်စုကို ဆက်ခံတဲ့နိုင်ငံဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ ကတိကဝတ်တွေကို ဆက်တာဝန်ယူမလားဆိုတဲ့ မေးခွန်းပါ။ ဒုတိယမေးခွန်းက ဆိုဗီယက် နျူကလီးယားလက်နက်တွေရဲ့ကံကြမ္မာ ဘယ်လိုဖြစ်မလဲဆိုတဲ့ မေးခွန်းပါ။ ဆိုဗီယက်နျူကလီးယားလက်နက်တွေရဲ့ကံကြမ္မာ ဘယ်လိုဖြစ်မလဲဆိုတာကို ကျွန်တော်တို့လည်း သမ္မတဘုရှ်ကို ရှင်းမပြနိုင်ခဲ့ပါဘူး။ သိတဲ့အတိုင်းပဲ ဒီပြဿနာကို ကျွန်တော်တို့ ဆွေးကိုမဆွေးနွေးရသေးလို့ပါ။ ဒါပေမယ့် ဆိုဗီယက်ပြည်ထောင်စုရဲ့ ကတိကဝတ်တွေနဲ့ ပတ်သက်လို့ကတော့ ယဲ့လ်ဆင်က ကျွန်တော်တို့ တာဝန်ယူပါမယ့်လို့ ပြောဆိုခဲ့ပါတယ်"လို့ ရှင်းပြပါတယ်။

အဲဒီအတောအတွင်းမှာပဲ ဘယ်လာရုစ်ဝန်ကြီးချုပ် ရှက်ကက်ဗစ်က ဂေါ်ဘာချော့ဗ်နဲ့ တိုက်ရိုက်ပြောခွင့်ရပါတယ်။ ဂေါ်ဘာချော့ဗ်နဲ့ ရှက်ကက်ဗစ်တို့ ပြောဆိုခဲ့တာကိုလည်း ယူကရိန်းသမ္မတ ခရော့ချော့(ခ) က နားထောင်ခွင့်ရခဲ့ပါတယ်။ ခရော့ချော့(ခ)က "အတော်ကြီးကို အဆင်မပြေတဲ့ဆွေးနွေးပြောဆိုမှုပါ။ ဂေါ်ဘာချော့ဗ်က ရှက်ကက်ဗစ်ကို ဒေါ်ပွနေပါတယ်။ ဂေါ်ဘာချော့ဗ်က "ခင်ဗျားတို့ ဘာတွေလျှောက်လုပ်နေတာလဲ။ ဒါဟာ ကမ္ဘာကြီးကို ဇောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်လိုက်တာဗျ။ လူတိုင်းလူတိုင်း စိုးရိမ်သောကဖြစ်ရတော့မှာပဲလို့ ဒေါသတကြီးပြောဆိုခဲ့ပေမယ့် ရှက်ကက်ဗစ်က တည်တည်ငြိမ်ငြိမ်ပဲ ရှင်းပြခဲ့တယ်လို့ဆိုပါတယ်။ ဒီကနေ့မှာတော့ ဘယ်လာရုစ်ခေါင်းဆောင် ရှက်ကက်ဗစ်က အဲဒီအချိန်က ဂေါ်ဘာချော့ဗ်နဲ့ တည်တည်ငြိမ်ငြိမ်ပြောဆိုခဲ့တာကို ဂုဏ်ယူနေပုံဟာ ကြည့်တာနဲ့ သိသာပေါ်လွင်ပါတယ်။

ရှက်ကက်ဗစ်က "ကျွန်တော်က ကျွန်တော်တို့ လက်မှတ်ထိုးမယ့်စာချုပ်နဲ့ ပတ်သက်ပြီး ဂေါ်ဘာချော့ဗ်ကိုရှင်းပြပါတယ်။ ဒီလိုရှင်းပြတော့ ဂေါ်ဘာချော့ဗ်က ဆရာကြီးပုံစံနဲ့ တုံ့ပြန်ပါတယ်။ မင်းတို့ နိုင်ငံတကာကို ထည့်မစဉ်းစားတော့ဘူးလား။ သူတို့ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ မင်းတို့တွေးမိရဲ့လားဆိုပြီး ဟောက်ပါတယ်။ ဒီတော့ ကျွန်တော်က အခုလိုပဲ ယဲ့လ်ဆင်က သမ္မတဘုရှ်ကို ဖုန်းပြောနေတယ်။ သမ္မတဘုရှ်က စိတ်အနှောင့်အယှက်ဖြစ်ပုံမရပါဘူး။ တိတိကျကျပြောရရင် သမ္မတဘုရှ်က ဆိုဗီယက်ပြည်ထောင်စု ဖျက်သိမ်းလိုက်တာကို သဘောတောင်ကျနေသေးတယ်ဆိုပြီး တုံ့ပြန်ခဲ့တာကို ပြန်ရှင်းပြခဲ့ပါတယ်။ နောက်တစ်နာရီအတွင်းမှာ ဒီခေါင်းဆောင်သုံးဦးဟာ သတင်းမီဒီယာတွေရှေ့မှာပဲ ဆိုဗီယက်ပြည်ထောင်စု ဖျက်သိမ်းမယ့်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီလိုလက်မှတ်ရေးထိုးပြီး ကိုယ့်တာဝန်ပြန်လုပ်ရတော့မယ့်အချိန်မှာတော့ ရှက်ကက်ဗစ်က အတော်ကြီးကို တုန်လှုပ်ချောက်ချားခဲ့တယ်လို့ ဆိုပါတယ်။ တုန်လှုပ်ချောက်ချားခဲ့ရတဲ့အကြောင်းအရင်းက ဒီလိုပါ။ အိမ်အပြန်လမ်းကားပေါ်မှာ ရှက်ကက်ဗစ်က သူတို့လက်မှတ်ရေးထိုးခဲ့တဲ့ စာချုပ်နဲ့ပတ်သက်ပြီး ကမ္ဘာကြီးရဲ့တုံ့ပြန်ပုံကို သိချင်တော့ ရေဒီယိုလိုင်း တစ်လိုင်းပြီး တစ်လိုင်း ပြောင်းနားထောင်ခဲ့ပါတယ်။ ဘယ်လိုင်းပဲပြောင်းပြောင်း သူတို့သုံးယောက် အမည်တွေကိုပဲ ပြောဆိုနေကြပါတယ်။ သူ့အမည်ကို ရေဒီယိုအသံလွှင့်ဌာနတွေက ခေါ်ချင်သလို ခေါ်နေကြတာကိုလည်း ရှက်ကက်ဗစ်က အမှတ်တရထည့်ပြောခဲ့ပါသေးတယ်။ ရှက်ကက်ဗစ်က ရေဒီယိုနားထောင်နေရင်း ကျွန်တော်ကြောက်လာတာပါ။ ကျွန်တော်တို့နိုင်ငံ(ဘယ်လာရုစ်)လွှတ်တော်ရဲ့ ၈၂ ရာခိုင်နှုန်းက ကွန်မြူနစ်တွေပါ။ ဒီကွန်မြူနစ်တွေကသာ ကျွန်တော် လက်မှတ်ထိုးခဲ့တဲ့ စာချုပ်ကို အတည်မပြုခဲ့ရင် ကျွန်တော်က ကိုယ့်သေတွင်းကိုယ်တူးခဲ့သလို ဖြစ်နေပါပြီ။ ဒါဆိုရင်တော့ ကျွန်တော့်နိုင်ငံရေးဘဝတော့ ဇာတ်သိမ်းသွားပါပြီဆိုပြီး သူကြောက်စိတ်ဝင်ခဲ့ပုံကို ရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် ရှက်ကက်ဗစ်စိုးရိမ်ခဲ့သလို မဖြစ်ခဲ့ပါဘူး။ ဒီသုံးနိုင်ငံစလုံးရဲ့ လွှတ်တော်တွေက ဆိုဗီယက်ပြည်ထောင်စုဖျက်သိမ်းရေးစာချုပ်ကို အတည်ပြုခဲ့သလို ကျန်ဆိုဗီယက်နိုင်ငံတွေကလည်း တစ်နိုင်ငံပြီး တစ်နိုင်ငံဆိုသလို ပါဝင်လက်တွဲခဲ့ကြပါတယ်။ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ သမ္မတဂေါ်ဘာချော့ဗ် နုတ်ထွက်ခဲ့တဲ့အတွက် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဆိုဗီယက်ပြည်ထောင်စုဆိုတဲ့ အင်ပါယာကြီး ကွယ်ပျောက်ခဲ့ရပါတယ်။

**လွှတ်တော်တွေက ဆိုဗီယက်ပြည်ထောင်စု ဖျက်သိမ်းရေးစာချုပ်ကို အတည်ပြုခဲ့သလို ကျန်ဆိုဗီယက်နိုင်ငံတွေကလည်း တစ်နိုင်ငံပြီး တစ်နိုင်ငံဆိုသလို ပါဝင်လက်တွဲခဲ့ကြပါတယ်။ ဒီဇင်ဘာလ ၂၅ ရက်နေ့မှာ သမ္မတ ဂေါ်ဘာချော့ဗ် နုတ်ထွက်ခဲ့တဲ့အတွက် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှာ ဆိုဗီယက်ပြည်ထောင်စုဆိုတဲ့ အင်ပါယာကြီး ကွယ်ပျောက်ခဲ့ရပါတယ်။**

# မြန်မာ့လွတ်လပ်ရေးကို ထာဝရထိန်းသိမ်းစေလို

ရွှေတိုင်လွင်



ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရှေးဘုရင်မင်းများလက်ထက်ကတည်းက ညီညွတ်လွတ်လပ်မှုတစ္စာ ပြုမူနေထိုင်လာခဲ့ကြသည့် အလွန်မြတ်နိုးဖွယ်ကောင်းသော နိုင်ငံတော်ကြီးတစ်ခုဖြစ်ပါပေသည်။ စိမ်းစိုလွမ်းမောဖွယ်ရာ လယ်ယာတောများ၊ သဘာဝသယံဇာတနှင့် သစ်တောသစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည် ကျက်သရေရှိသော အမိမြန်မာနိုင်ငံတော်ကြီးသည် တစ်ချိန်သောအခါဝယ် မသမာသူကိုလိုနီနယ်ချဲ့တို့၏ ကြီးမားသောလက်နက်အင်အား၊ စစ်အင်အားတို့ဖြင့် အကွက်ချ ဖန်တီးကျူးကျော်မှုကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးသည် တိုင်းတစ်ပါးသူ့ကျွန်ဖြစ်ရပါလေ၏။

ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာနည်းပါးပြီး စာပေနှင့် အထွေထွေ အားနည်းမှုတို့ကြောင့် အပြစ်ရှာ ရန်လိုသူ ကိုလိုနီနယ်ချဲ့တို့၏ ဖန်တီးကြံစည်မှုကို ရှုန်းမထွက်နိုင် ဖြစ်ခဲ့ရလေသည်။ နယ်ချဲ့တို့သည် ဘကြီးတော်ဘုရားလက်ထက် (၅. ၃. ၁၈၂၄)တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲကိုဖန်တီးခဲ့ပြီး ၁၈၂၆ ခုနှစ်တွင် ပြီးဆုံးကာ ရခိုင်နှင့် တနင်္သာရီနယ်မြေတို့ ဆုံးရှုံးခဲ့ရပါလေသည်။ ဒို့ပြင် နယ်ချဲ့တို့သည် ထိုမျှနှင့် မကျေနပ်နိုင်ဘဲ ပုဂံမင်းလက်ထက် (၅. ၄. ၁၈၅၂)တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကို ထပ်မံကျူးကျော်ရန်စဖန်တီးပြီး ၁၈၅၃ခုနှစ်တွင် ပြီးဆုံးလေသည်။ မြန်မာတို့မှ အောက်မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံးနှင့် အထက်မြန်မာပြည်မြေထဲမြို့အထိကို အင်္ဂလိပ်တို့အား အပိုင်စားပေးခဲ့ရပြန်ပါသည်။

## ကိုလိုနီလက်အောက်ကျရောက်

နယ်ချဲ့တို့သည် အလိုရမ္မက်ကြီးသူများဖြစ်သည့် အလျောက် အကွက်ဆင်ဖန်တီးမှု၊ စစ်ပရိယာယ် ကြွယ်ဝစွာဖြင့် အလုံးအရင်းသော စစ်ဗျူဟာတို့ကိုအသုံးချကာ သီပေါမင်းလက်ထက်၌ ၁၈၈၅ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် မြန်မာတို့က နယ်ချဲ့တို့၏ ကျူးကျော်ရန်စ ခြိမ်းခြောက်မှုကြောင့် ဗြိတိသျှတို့အား တိုက်ရန်စစ်ကြေငြာကြီးသုံးကြောင်းခဲ့၍ ချီတက်တိုက်ခိုက်သော်လည်း နည်းပရိယာယ်၊ စစ်စွမ်းရည်၊ ဗြိတိသျှတို့၏ လက်နက် အဆမတန်များသော အင်္ဂလိပ်စစ်တပ်ကြီးအား တိုးမပေါက်နိုင်ဘဲ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ (၂၉) ရက်နေ့တွင် သီပေါမင်းပါတော်မူပြီး မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရလေသည်။ ၁၈၈၆ခုနှစ် ဇန်နဝါရီလ(၁)ရက်နေ့တွင် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက် ကျွန်ဘဝသို့ ရင်နင့်ဖွယ်ကျရောက်ခဲ့ရပါတော့သည်။

ဤသို့သောအခါတွင် မြန်မာတစ်မျိုးသားလုံးတို့သည် လွတ်လပ်လိုစိတ်၊ သူ့ကျွန်မခံလိုစိတ်များ ပြင်းပြလာကာ မျိုးချစ်နိုင်ငံရေးသမားတို့၏ နှိုးဆော်မှု၊ ဟောပြောမှုတို့ကြောင့် နယ်ချဲ့အင်္ဂလိပ်တို့အား ဆန့်ကျင်တွန်းလှန်မှု၊ ခုခံတိုက်ခိုက်မှုများ မြန်မာပြည်အနှံ့အပြားတွင် ဖြစ်ပေါ်လာပါလေတော့သည်။ ထိုအခါ၌ တောင်တန်းမြေပြန့်၊ ပြည်နယ် တိုင်းဒေသအသီးသီးတို့ဝယ် အမျိုးသားတော်လှန်ရေးသမားကြီးများ တဖွားဖွား ပေါ်ပေါက်လာကြပါပေသည်။ ရခိုင်ပြည်နယ်မှ ဦးအောင်သာဇံ၊ ဗိုလ်သာဦး၊ ဦးအောင်ကျော်ရွှီ၊ တနင်္သာရီဒေသမှ မြို့ဝန်များဖြစ်ကြသော ထားဝယ်မြို့ဝန်ဦးရွှေလုပ်၊ မြိတ်မြို့ဝန် ဦးမြတ်လေးတို့ကလည်း သုံးနှစ်သုံးမိုး ခုခံတိုက်ခိုက်ခဲ့ကြသည်။

## အမျိုးသားလွတ်မြောက်ရေးကြိုးပမ်း

ထို့အတူ သာယာဝတီတိုက်သူကြီး ဗိုလ်ဂေါင်းကြီး၊ ဗိုလ်ဂေါင်းလေး၊ ဗိုလ်မြတ်ထွန်းတို့အပြင် မရမ်းချောင်းမှ ဘုန်းတော်ကြီးတို့ကလည်း မြန်မာ့ရဲစွမ်းကို ပြခဲ့ကြလေ၏။ သူ့ကျွန်မခံလို၍ ဗြိတိသျှတို့ကို တွန်းလှန်ကြရာတွင် ဗိုလ်မြတ်ထွန်းမှာ လူအင်အား (၇၀၀၀)ကျော်ထိ စုစည်းကာ နယ်ချဲ့တို့၏ အခြေစိုက်စခန်းများကို စီးနင်းတိုက်ခိုက်ခဲ့ပေသည်။ ထို့အတူ နတ်မောက်မြို့မှ မြို့လုလင်သူကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုးဖြစ်သူ ဗိုလ်မင်းရောင်တို့ကလည်း လူသူအင်အားဖြင့် အင်္ဂလိပ်ဗြိတိသျှတို့ကို ထကြွတွန်းလှန်ခဲ့ကြလေ၏။ မြန်မာတစ်မျိုးသားလုံးတို့သည် တောင်ပေါ်မြေပြန့်အနှံ့မှာ သူ့ကျွန်ဘဝရောက်သည့်အခါ၌ လွတ်လပ်လိုစိတ်၊ သူ့ကျွန်ဘဝမှ လွတ်မြောက်လိုစိတ်၊ မျိုးချစ်စိတ်တို့မှာ တဖွားဖွားပေါ်ပေါက်လာပြီး နည်းမျိုးစုံဖြင့်တွန်းလှန်ကြကာ အမျိုးသားလွတ်မြောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါလေသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့အား အဖွဲ့အစည်းမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် တွန်းလှန်ကြရာဝယ် သာယာဝတီခရိုင်မှ ဂဠုန်ဆရာစံဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကို ခရစ်နှစ် ၁၉၃၀ပြည့်၌ လူအင်အားထောင်နှင့်ချီကာ တွန်းလှန်ဆန္ဒပြခဲ့ပြီး ၁၉၃၈ ခုနှစ် မြန်မာနှစ် ၁၃၀၀ ပြည့် ရေနံမြေသပိတ်ကြီးကလည်း ဗြိတိသျှကိုလိုနီတို့အား တုန်လှုပ်စေခဲ့ပါသည်။ ထို့ပြင် ၁၉၃၈ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် ကျောင်းသားသပိတ်ကြီးကို ရန်ကုန်မြို့၌ ကြီးမားသောဆန္ဒပြမှုကြီးမှ တစ်နိုင်ငံလုံးကူးစက်ကာ မီးစပွားခဲ့ရသည်မှာ နယ်ချဲ့တို့၏လက်ပါးစေ အစိုးရအဖွဲ့ မြင်းစီးပုလိပ်တို့၏ ရိုက်နှက်မှုကြောင့် ဂျပ်ဆင်ကောလိပ်အိုင်အေတန်းမှ ကိုအောင်ကျော် ကွယ်လွန်ခဲ့ရခြင်းကြောင့် ကျောင်းသားသပိတ်မီးတောက်သည် မြန်မာတစ်နိုင်ငံလုံးသို့ ပို၍ကျယ်ပြန့်ကြီးမားလာခဲ့ရပေသည်။

## လွတ်လပ်ရေးဦးတည်

နယ်ချဲ့တို့အားနည်းမျိုးစုံဖြင့် တွန်းလှန်ခဲ့သော်လည်း မြန်မာတိုင်းရင်းသား ရဟန်းပြည်သူတို့မှ အောင်မြင်မှုမရရှိခဲ့ပါဘဲ သေကျေဆုံးရှုံးခဲ့ကြရလေ၏။ ထိုအခါတွင် နိုင်ငံရေးကို အသွင်ကူးပြောင်းလာသော ပညာတတ်ကျောင်းသားခေါင်းဆောင် ဦးနု၊ ကိုအောင်ဆန်း၊ သခင်မြတို့သည် နိုင်ငံရေး နည်းဗျူဟာဖြင့် ပြောင်းလဲဆင်နွှဲမှရမည်ကို သိလာသောကြောင့် ၁၉၃၉ တွင် ပြည်သူ့အရေးတော်ပုံပါတီကို သခင်မြနှင့် သခင်အောင်ဆန်းတို့ ဦးဆောင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့နောက်နိုင်ငံရေးအဖွဲ့အစည်းများကို ညီညွတ်စွာဖွဲ့စည်းထားသည့် ဗမာ့ထွက်ရပ်ဂိုဏ်း (ဗမာ့လွတ်လပ်ရေးဂိုဏ်း) အား ၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ဖွဲ့စည်းကာ ဗမာ့ထွက်ရပ်ဂိုဏ်းဥက္ကဋ္ဌအဖြစ် ဒေါက်တာဘမော်၊ အတွင်းရေးမှူးအဖြစ် သခင်အောင်ဆန်းတို့က ဦးဆောင်ကာ ဗြိတိသျှနယ်ချဲ့ကိုလိုနီတို့အား ဗမာ့လွတ်မြောက်ရေး၊ လွတ်လပ်ရေးကိုဦးတည်လျက် နိုင်ငံရေးဗျူဟာဖြင့် စတင်ဆောင်ရွက်ခဲ့ကြပါလေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်းကြီးသည် ကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဗြိတိသျှဆန့်ကျင်ရေးထိရောက်စေရန် မြေအောက်တော်လှန်ရေးအဖွဲ့ (Underground Unit ) ကိုဖွဲ့စည်းပြီး နောင်တွင် ပြည်သူ့အရေးတော်ပုံပါတီ(The People's Revolutionary Party ) အဖြစ်လည်းကောင်း၊ ထို့မှတစ်ဆင့် (Burma Socialist) ဟူ၍အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့လေသည်။

## ရဲဘော်သုံးကျိပ်

သို့ရာတွင် သခင်အောင်ဆန်းသည် ဗြိတိသျှကိုလိုနီတို့အား နိုင်ငံရေးနည်းဗျူဟာနှင့် ထိုးနှက်၍မရနိုင်၊ ရှေးယခင်က ကြိုးပမ်းခဲ့သူတို့မှာလည်း အသက်ပေးခဲ့ကြသူများစွာလည်းရှိခဲ့ကြပြီး ခိုင်မာတောင့်တင်းသော တပ်မတော်တစ်ခုရှိမှဖြစ်မည်ကိုတွေးမိရာမှ သခင်အောင်ဆန်းတစ်ဖြစ်လဲ ဗိုလ်တေဇ၊ ဗိုလ်လကျာ၊ ဗိုလ်မင်းခေါင်၊ ဗိုလ်စောနောင်တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဦးလွန်းဖေနေအိမ်၌ (BIA) ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းခဲ့လေသည်။ ထိုအဖွဲ့ကို ရဲဘော်သုံးကျိပ်ဟုသမုတ်ပြီး ဦးလွန်းဖေ၏နေအိမ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးပြီး တိုက်ပွဲဝင်ကြရန် သစ္စာအဓိဋ္ဌာန်ပြု သွေးသောက်ပွဲကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က သစ္စာအဓိဋ္ဌာန် ပြုခဲ့ကြလေ၏။ ထို့နောက် ဂျပန်စစ်တပ် တပ်မ(၃၃)၊ (၅၅)တို့ဖြင့် ပူးပေါင်း၍ တိုက်စစ်ဆင်ခဲ့ရာ ရန်ကုန်မြို့ကို ၁၉၄၂ ခုနှစ် မတ်လ(၈)ရက်နေ့၌ သိမ်းပိုက်မိခဲ့၏။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် (BIA) ကိုဖျက်ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို ဖွဲ့စည်းခဲ့လေသည်။ ၁၉၄၃ ခုနှစ် အောက်တိုဘာလတွင် Burma National Army (BNA) ဗမာ့တပ်မတော်ကို ဖွဲ့စည်းခဲ့လေသည်။ ထို့မှတစ်ဆင့် (BPF) ဗမာ့မျိုးချစ်တပ်မတော်ကို ဖွဲ့စည်းဖြစ်ခဲ့ပါတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးချစ်စိတ်ဓာတ် ပြင်းပြစွာဖြင့် အမျိုးသားလွတ်မြောက်ရေးကို ဂျပန်တို့နှင့် ပူးပေါင်းကာ ဗြိတိသျှတို့၏ သူ့ကျွန်ဘဝကို တွန်းလှန်အောင်မြင်ခဲ့ရာ ပထမဆုံးရှေ့ပြေးဗမာ့လွတ်လပ်ရေးကို ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ နံနက် ၇ နာရီ ၃၀ မိနစ်တွင် ကြေညာခဲ့လေသည်။ ထိုလွတ်လပ်ရေးသည် တကယ်တော့ ဂျပန်တို့ကပေးသော အတုအယောင်လွတ်လပ်ရေးပင်ဖြစ်၏။ ယင်းလွတ်လပ်ရေးကို ရွှေရည်စိမ်လွတ်လပ်ရေးဟူ၍ မြန်မာနိုင်ငံရေးလောက၌ ဆိုစမှတ်ရှိခဲ့ပေသည်။

## ပင်လုံစာချုပ်လက်မှတ်ရေးထိုး

ဂျပန်တို့ပေးသော လွတ်လပ်ရေးသည် ပွင့်လင်းမှု၊ ရိုးသားမှုမရှိသည့်ပြင် ကတိမတည်ခြင်း၊ ပြည်သူလူထုကို ဖက်ဆစ်ပီသစွာ ညှဉ်းပန်းနှိပ်စက်ကလူပြုမူလာသည်ကို တွေ့မြင်ရသောကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးက မဟာမိတ်တပ်ဖွဲ့များနှင့် အဆက်အသွယ်ယူကာ ဖက်ဆစ်ဂျပန်တို့အား ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် အပြီးအပိုင် တွန်းလှန်ချေမှုန်းခဲ့ပါတော့သည်။ သို့ရာတွင် နယ်ချဲ့တို့သည် လွတ်လပ်ရေးကို ပေးမည့်အချိန်တွင် အတားအဆီး တစ်ခုဖြစ်သည့် တောင်ပေါ်နှင့် မြေပြန့်ခွဲခြားမှုကို ပြုထားသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်ပေါ်ဒေသတိုင်းရင်းသားခေါင်းဆောင်ကြီးတို့သည် တောင်ပေါ်မြေပြန့် သွေးစည်းညီညွတ်မှုကို ပင်လုံမြို့ကလေး၌ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀နာရီတွင် ပင်လုံစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေး ထိုးနိုင်ခဲ့ပါလေသည်။

ကျွန်ုပ်တို့နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တစ်မျိုးသားလုံးက လေးစားယုံကြည်အားကိုးရသော ဗိုလ်ချုပ်အောင်ဆန်းသည် မမျှော်မှန်းခဲ့သော အကြောင်းတရားဖြစ်သည့် မသမာသူ အာဏာရူး လူသတ်သမားတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် နိုင်ငံအတွက် အသက်ပေးစတေးခဲ့ရပါလေသည်။

## လွတ်လပ်ရေးရ

လွတ်လပ်ရေး၏အရသာ၊ အသီးအပွင့်တို့အား ဗိုလ်ချုပ်အောင်ဆန်းသည် ထိတွေ့သိရှိခွင့် မရတော့ပါဘဲ နိုင်ငံတော်အတွက် အသက်ပေးကာ ကြွေလွင့်ခဲ့ရပါလေသည်။ မြန်မာနိုင်ငံရှိ တစ်မျိုးသားလုံး၏ အားကိုးရာ၊ ယုံကြည်လေးစားရာပုဂ္ဂိုလ် အာဇာနည်ခေါင်းဆောင်ကြီး၏ ကြိုးပမ်းအားထုတ်ခဲ့မှုရလဒ်မှာ ဗြိတိသျှတို့သည် လွတ်လပ်ရေးကို မဖြစ်မနေ အတိအကျပေးခဲ့ရသည့် အခြေအနေသို့ရောက်ရှိလာခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် လွတ်လပ်စွာ ရပ်တည်လာခဲ့ပါလေသည်။

သို့ဖြစ်ရကား သွေး၊ ချွေး၊ အသက်ပေါင်းများစွာတို့ဖြင့်ရင်းနှီးကာ ရရှိလာသော အမိမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို ယခုနှစ် (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့မှသည် ကမ္ဘာကြီးတည်နေသရွေ့ ခိုင်မာစွာရပ်တည်တည်ရှိနိုင်ရေးအတွက် မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား သွေးချင်းအပေါင်းတို့သည် ဒိုးတူပေါင်ဖက်၊ ဥမကွဲသိုက်မပျက် အစဉ်ထာဝရ စည်းလုံးချစ်ကြည်စွာ စောင့်ထိန်းသွားဖို့လိုပေသည်။ အမျိုးသားရေးစိတ်ထားမွေးမြူကာ ထိန်းသိမ်းစောင့်ရှောက်ကြရပါပေမည်ဟု တိုက်တွန်းရေးသား ဂုဏ်ပြုလိုက်ရပါတော့သတည်း။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ခေတ်ပြောင်းသော်လည်း မပြောင်းလဲနိုင်သော ရန်ကုန် Logo

**မျိုးဟိန်း**

ယနေ့အချိန်အခါသည် ဒီမိုကရေစီစနစ်ကို အသစ်တစ်ဖန် ပြန်လည်အသက်သွင်းချိန်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည်နှင့် စတင်လျှောက်လှမ်းစ ဒီမိုကရေစီလမ်းစဉ်သည် အာဏာရှင်၏ ဝါးမျိုခြင်းကိုခံရပြီး ယင်းအာဏာရှင်များကပင် ဆိုရှယ်လစ်လမ်းစဉ်ဆို၍ ပြည်သူကို နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့၏။ ဒီမိုကရေစီ၏ သရုပ်သဏ္ဌာန်နှင့်ပတ်သက်၍ လက်ကျန်မရှိရလေအောင် အစဖျောက်ခဲ့၏။

ဒီမိုကရေစီ၏အသွင်သဏ္ဌာန်ဖြစ်သော ဗိုလ်ရှုခံသည်လည်း ဒီမိုကရေစီနှင့်အတူ ပျက်သုဉ်းခဲ့ပါသည်။ ရွှေတိဂုံစေတီတော်၏ အနီးတွင်တည်ရှိသော ဗိုလ်ရှုခံစင်မြင့်မှာ မဆလလက်ထက်၊ ပြည်သူ့လွှတ်တော် တည်ဆောက်ချိန်တွင် ဖြိုဖျက်ခံရ၏။ ဗိုလ်ရှုခံစင်မြင့်ရှေ့မှာထားရှိသည့် ကြေးဖြင့်သွန်းလုပ်ထားသော ခြင်္သေ့နှစ်ကောင်မှာလည်း နေရာမရဖြစ်သွားရရှာပြီး ရှစ်မိုင်လမ်းဆုံအနီးရှိ ကုန်းမြင့်သာအတွင်း၌ မြေခလျက်ရှိသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရတက်ပြီး ယင်းကြေးသွန်းခြင်္သေ့ရုပ်ကြီးများ တစ်ဖန်နေရာရလာပြန်သည်။ ဆိုဗီယက်ရုရှား နိုင်ငံတော်ကြီး ကောင်းစားစဉ်ကလည်း ဦးထိပ်ရွက်ပန်ဆင်ခဲ့သော လီနင်ရုပ်တုကြီးလည်း ထိုကဲ့သို့ပင် စနစ်တစ်ခု ခေတ်တစ်ခုပြောင်းတိုင်း မခိုင်မမြဲဖြိုဖျက်ခြင်းခံခဲ့ရပါသည်။

သည်အကြောင်းတွေ စဉ်းစားမိတိုင်း မြန်မာ့ဆိုရှယ်လစ်ခေတ်မှသည် ဒီမိုကရေစီအသစ်တစ်ဖန်ပေါ်ပေါက်လာသော ခေတ်အထိ မယိုင်မလဲ ခိုင်မြဲစွာဖြင့် ခေတ်စနစ်ဘယ်လိုပြောင်း ပြောင်း မပြောင်းနိုင်၊မရိုးနိုင် ခိုင်မာစွာ ရပ်တည်လျက်ရှိသော ပန်းပုဆရာကြီး ဦးဟန်တင်၏ အမိမြန်မာပြည်ရုပ်တုကို အမြဲသတိရနေမိပါသည်။

ပန်းပုဆရာကြီး ဦးဟန်တင်သည် မြန်မာ့ပန်းပုလောကကို လက်မှုပညာမှ အနုပညာအဖြစ်မြင်ရအောင် စတင်ဖန်တီးခဲ့သော မြန်မာ့ဂုဏ်ဆောင် ပန်းပုဆရာကြီးတစ်ဦးဖြစ်၏။ အနောက်တိုင်းပန်းပုပညာကို မြန်မာပြည်သို့ အခြေချပေးခဲ့သော ဆရာကြီးတစ်ဦးလည်းဖြစ်၏။

ဆရာကြီး ဦးဟန်တင်နှင့် သိက္ခာမ်းခင်မင်ရုံမက ဆရာတပည့်အဖြစ် ခင်မင်ရင်းနှီးခွင့်ရခဲ့သည်မှာ တစ်စုံတစ်ယောက်က မိတ်ဆက်ပေး၍ မဟုတ်။ မိမိကိုယ်တိုင် ချဉ်းကပ်မိတ်ဆက်ခဲ့ခြင်းကြောင့် ခင်မင်ရခြင်းဖြစ်၏။ ဘဘဦးသုခ၏ တပည့်တစ်ယောက်ဟူ၍ သိသောအခါ ပိုမိုခင်မင်၏။ တစ်ခါတစ်ရံ နိုင်ငံကျော်အနုပညာရှင်ကြီး နှစ်ဦးတို့သည် ဆရာကြီးဦးဟန်တင်၏အိမ်တွင် ထားဝယ်ရိုးရာထမင်းစားရင်း စကားစမြည်ပြောကြ၏။ ထိုအခါ ဆရာကြီးနှစ်ဦး ပြောဆိုကြသော အနုပညာစကားများကို ကြားသိရသဖြင့် ကျေနပ်အားရဆုံးကား စာရေးသူပင်ဖြစ်၏။

ဆရာကြီးဦးဟန်တင်က စာရေးသူအား အိမ်သို့ဝင်ထွက်သွားလာ၍ မိသားစုသဖွယ် ဆက်ဆံပါရန် ခွင့်ပြု၏။ စာရေးသူက တောင်းပန်သဖြင့် ဆရာကြီးထုလုပ်ခဲ့ဖူးသော ပန်းပုရုပ်တုများနှင့် ပတ်သက်၍ ပန်းပုတစ်ခုချင်းစီ အကြောင်းနှင့် မည်သို့ဖန်တီးရသည်ကို ပုံစံငယ်များဖြင့် လက်တွေ့ရှင်းပြခဲ့ဖူး၏။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်သောခေတ်က ရန်ကုန်မြို့တော်ရှိ ပြည်သူ့လွှတ်တော်ကြီးကို ဂျပန်နိုင်ငံအကူအညီဖြင့် တည်ဆောက်ခဲ့၏။ ထိုအခါ ပြည်သူ့လွှတ်တော်၏ ခန်းမအဝင်ဝတွင် ပန်းပုရုပ်တစ်ခုထားရှိရန် ပြည်သူ့လွှတ်တော်တည်ဆောက်ရေးကော်မတီက ပန်းပုဆရာကြီး ဦးဟန်တင်အား တာဝန်ပေး၏။

"အဲဒီအချိန်က ပြည်သူ့လွှတ်တော်ရဲ့ခန်းမအဝင်ဝမှာ ဘယ်လိုရုပ်တုမျိုးထားရမလဲဆိုတာကို စဉ်းစားရတာ လနဲ့ချီပြီးကြာတယ်။ ပန်းပုဆိုတာ ထုတာမကြာဘူး။ ဘယ်လိုရုပ်တုမျိုး ထုရမယ်လို့ တွေးခေါ်ရတာကကြာတာ။ ပြည်သူ့လွှတ်တော်ဆိုတာ နိုင်ငံတကာက သံတမန်တွေ၊ နိုင်ငံ့ခေါင်းဆောင်ကြီးတွေလာလိမ့်မယ်။ နိုင်ငံ့ခေါင်းဆောင်တွေလာတဲ့အခါ အရင်ဆုံးတွေ့



ရမှာက နိုင်ငံကိုယ်စားပြုတဲ့ရုပ်တုပဲ။ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု၊ စစ်သူကြီးမဟာဗန္ဓုလရုပ်တု၊ နောက်ပြီး ဆိုရှယ်လစ်နိုင်ငံဖြစ်နေသောကြောင့် တူသံစဉ်၊ ဒါတွေအားလုံးကို စဉ်းစားခဲ့တယ်။ ရေရှည်အတွက် မသင့်တော်လို့ ပယ်ဖျက်ခဲ့ရတယ်။ အဘက်ဘက်က စဉ်းစားပြီး နောက်ဆုံးမှာ ဗြဟ္မစိုရ်တရား (၄) ပါးအနက် မေတ္တာကိုရွေးချယ်ခဲ့တယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမေတ္တာရဲ့သရုပ်ကို ဘယ်လိုတင်ပြမလဲဆိုတာ ထပ်ပြီးစဉ်းစားရပြန်တယ်။ အမိမြန်မာကိုယ်စားပြုဆိုတော့ အမျိုးသမီးဖြစ်ရမယ်။ အမျိုးသမီးဆိုတာတောင်မှ အသက်အပိုင်းအခြားက မကြီးမငယ်၊ ခန္ဓာကိုယ်အချိုးအစားလှပရမယ်။ Sexy မဖြစ်စေရဘူး။ မျက်နှာက ကြည်လင်သန့်ရှင်းတဲ့မျက်နှာ၊ ရိုးသားဖြောင့်မတ်တဲ့မျက်နှာ၊ ၅၂၈ မေတ္တာ လွှမ်းမိုးတဲ့မျက်နှာမျိုးဖြစ်ရမယ်။ ဒီလိုဆုံးဖြတ်ပြီး ပုံစံငယ်ထုခဲ့တယ်။

ပုံစံငယ်ထုပြီးတာနဲ့ အဲဒီအချိန်က မြန်မာပြည်မှာရှိတဲ့ ပညာရှင်အဖွဲ့ကို ပြသခဲ့တယ်။ စာပေပညာရှင်၊ သမိုင်းပညာရှင် အပါအဝင် အနုပညာရှင်ပေါင်း ၄၀ ကျော်က ဝေဖန်ကြသည်။ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့လည်း ပါတာပေါ့။ ပုံစံငယ်ကိုကြည့်ပြီး ပညာရှင်ကြီးတွေက အမြင်အမျိုးမျိုးနဲ့ ဝေဖန်ကြတယ်။ ဆရာဦးဟန်တင် နောက်ထပ်တခြားအရုပ်တွေလုပ်ပြီး တင်ပြပါဦးပေါ့။ အခြားအရုပ်တွေ ထပ်လုပ်ဖို့ဝေးလို့ ဒီတစ်ရုပ်ဖြစ်ဖို့တောင် စဉ်းစားရတာ ပင်ပန်းလှပြီ။ (ဒါကြောင့် ကိုယ်မကျွမ်းကျင်တဲ့ကိစ္စဆိုရင် မဝေဖန်ချင်တော့ဘူး။)

ဒါနဲ့ အမိမြန်မာပြည်ရုပ်တုကို ဘာကြောင့် ထုလုပ်ရသလဲဆိုတာ ရှင်းပြရတော့တာပေါ့။

ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို အစားအသောက်တွေ ဖွယ်ဖွယ်ရာရာနဲ့ တည်ခင်းဧည့်ခံကျွေးမွေးတဲ့အခါ အိမ်နောက်ဖေးမီးဖိုချောင်မှာ ချက်ပြုတ်ကြော်လှော်တာတွေ၊ ခွေးတလုံးလုံးနဲ့ ပင်ပင်ပန်းပန်း လုပ်ရ၊ ကိုင်ရတာတွေ၊ အနိဋ္ဌာရုံတွေကို ဘယ်ဧည့်သည်ကိုမှ မပြသင့်ဘူး။ ဧည့်သည်ကိုကျွေးဖို့ ကြက်ဘယ်နှကောင် သတ်ရတယ်၊ ဝက်ဘယ်နှကောင် သတ်ရတယ်ဆိုတာ မပြောပြသင့်ဘူး။

ဒီလိုပဲ ကိုယ့်နိုင်ငံကိုလာတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ သံတမန်တွေကို ကိုယ့်နိုင်ငံက စိတ်ပင်ပန်းစေမယ့် အနိဋ္ဌာရုံတွေကို မပြသင့်ဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ စစ်သူကြီး မဟာဗန္ဓုလတို့ဆိုတာ ကိုယ့်လူမျိုးအတွက် မှန်ကန်ပေမယ့် အခြားနိုင်ငံတွေနဲ့ဆက်ဆံရာမှာ သမိုင်းအဖုအထစ်တွေရှိခဲ့ဖူးတယ်။ ဆိုရှယ်လစ်ခေတ်ဆိုတော့ တူသံစဉ်ပါတဲ့ အထိမ်းအမှတ်ပုံထုဖို့ဆိုတာ ပြည်သူ့လွှတ်တော်ကြီးကို နှစ်ပေါင်းဘယ်လောက်ထားချင်သလဲ။ နှစ်ပေါင်း ၁၀၀ လား၊ နှစ်ပေါင်း ၂၀၀ လား၊ နှစ်ပေါင်း ၁၀၀၀ လား။ ဘယ်လောက်ရည်မှန်းထားသလဲ။ ခေတ်စနစ်ဆိုတာ အမြဲတမ်းပြောင်းလဲနေတော့ ခေတ်ပြောင်းသွားတာနဲ့ အဲဒီရုပ်တုက ဖျက်ဆီးခံရမှာပဲ။ ထာဝရမပြောင်းလဲနိုင်တာက ဗြဟ္မစိုရ်တရားထဲက "မေတ္တာပဲ"။ ဒါကြောင့် မြန်မာတို့ရဲ့ မေတ္တာကိုယ်စားပြု အမိ မြန်မာပြည်ရုပ်တုကို ထုလုပ်ရတာ။ နိုင်ငံတကာကလာတဲ့ ဧည့်သည်ကို ထာဝရမပျက်ပြယ်သော မေတ္တာရှေ့ထား၍ သပြေပန်းနှင့် လက်ကမ်းကြိုပါတယ်ဆိုပြီး အမိမြန်မာပြည်ရုပ်တုကို ထုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ရတယ်။

ဒီတော့မှ ပညာရှင်ကြီးတွေက သဘောပေါက်ပြီး သူတို့မှားယွင်းကြောင်း ဝန်ခံတဲ့အပြင် တောင်းပန်တဲ့အထိ ဖြစ်လာခဲ့တယ်။"

ပြည်သူ့လွှတ်တော်ခန်းမ အဝင်ဝတွင်ထားရှိသော အမိမြန်မာပြည်ရုပ်တုအကြောင်းကို စဉ်းစားရာမှ မကြာသေးမီကာလအတွင်း တည်ဆောက်ထားသော်လည်း ခေတ်စနစ်နှင့်မညီသည့် အထိမ်းအမှတ်များပင် ပျက်ရမည့်သဘော ဖြစ်လာခဲ့၏။ အထိမ်းအမှတ်တစ်ခု ခိုင်မာဖို့ဆိုသည်မှာ အနုပညာ တတ်ရုံမျှမဟုတ်ဘဲ အနုပညာရှင်၏ အတွေးအခေါ် အမြော်အမြင်က ရှည်လျားလို့ အနာဂတ်ကို ရှုမျှော်ဖို့လိုပါသည်။ အနာဂတ်ကို မရှုမျှော်ဘဲ ဖန်တီးထားသော အထိမ်းအမှတ် Logo ရုပ်တုတို့မှာ ခေတ်ပြောင်းစနစ်ပြောင်းသည်နှင့် ဖြိုဖျက်ခံရသည်မှာ မလွဲပါ။

မကြာသေးမီက ရန်ကုန် Logo ဒီဇိုင်းပြိုင်ပွဲဟူ၍ ပညာရှင်များ ဝင်ပြိုင်ကြဖို့ ဖိတ်ခေါ်ထားသည်ကို တွေ့လိုက်ရပါသည်။

ရွေးချယ်ခံရသည့် Logo သည် ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဗဟိုအချက်အချာဖြင့် ကိုယ်စားပြု၍ မြန်မာ၏အောင်မြင်မှု အခန်းကဏ္ဍ၌လည်း ပါဝင်နေရမည်ဟုဆိုထားပါသည်။

တကယ်တော့ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ဗဟိုအချက်အချာဟု ရန်ကုန်ကို ရည်ညွှန်းထားခြင်းသည် မသင့်လျော်ဟု ထင်ပါ၏။ ရန်ကုန်ထက်ရှေးကျသော၊ ယဉ်ကျေးမှုထွန်းကားသော မန္တလေးနှင့် ပုဂံကရှိနှင့်ပြီးသားဖြစ်သောကြောင့် ယင်းအယူအဆသည် မှားယွင်းနေသည်ဟုပင် ဆိုချင်ပါ၏။

ရန်ကုန်ကိုမြင်သော အမြင်သည် အနုပညာရှင်အချင်းချင်းတောင်မှ အမြင်ချင်းမတူကြပါ။ အနုပညာစွမ်းအား နက်နဲသိမ်မွေ့လေ အနုပညာအမြင်က နက်ရှိုင်းလေဖြစ်ပါ၏။ အနုပညာရှင်ကို ဘောင်ခတ်ထားခြင်းက နက်ရှိုင်းသော အနုပညာကို မရရှိနိုင်ပါ။ ထို့ကြောင့် ရန်ကုန်ကိုမြင်သော အနုပညာရှင်တို့၏ အမြင် Logo ကိုသာ ဖန်တီးသင့်ခြင်းမှာ အမိမြန်မာပြည်နှင့် ဆရာကြီးဦးဟန်တင် ဆက်စပ်တွေးခေါ်ပုံက သက်သေပြလျက်ရှိပါ၏။

ကျောက်တူးသမားကို မြေအောက်ဘယ်လောက်အထိတူးပါဟု သတ်မှတ်ထား၍ မသင့်ပါ။ ကျောက်ရှိရာကို တူးရပါလိမ့်မည်။ ကျောက်တူးသမားကို ဘောင်ခတ်ထားလျှင် ကျောက်ကောင်းမရရှိနိုင်ပါ။ အနုပညာရှင်ကို ဘောင်ခတ်ထားပါက အနုပညာကောင်းမရရှိနိုင်ပါ။

ဤအခြင်းအရာက ရန်ကုန်ကိုယ်စားပြု Logo နှင့်ပတ်သက်၍ စာရေးသူ၏ ယူဆချက်ဖြစ်၏။

နောက်တစ်ဖန် မရှင်းလင်းသည့်အချက်အား ဒီဇိုင်းများကို ကာလာဖြင့် တင်ပြရမည်။ အဖြူအမည်းလက်မခံပါ။ သတ်မှတ်ချက်အရ အရှေ့မြင်ကွင်း၊ အပေါ်မြင်ကွင်းနှင့် သုံးဖက်မြင်ကွင်းလိုအပ်ပါသည်ဟု ဖော်ပြထားရာ ပန်းချီဒီဇိုင်းလား၊ ပန်းပုဒီဇိုင်းလား မကွဲပြားနိုင်သောကြောင့် စိတ်ဝင်စားသူ အနုပညာရှင်အတွက် အခက်တွေ့နိုင်ပါသည်။ ဖန်တီးမည့် အနုပညာရှင်အတွက် ပန်းပု Logo (သို့) ဖောင်းကြွ Logo ဆိုလျှင် ရှင်းလင်းမည်ဟု ယူဆရပါသည်။

ရန်ကုန် Logo သည် ရန်ကုန်မြို့၏ ထာဝရတည်မြဲဖို့လိုအပ်ပါသည်။ သို့ဖြစ်၍ ရွေးချယ်မည့်ပုဂ္ဂိုလ်များ၌ အရည်အသွေးလည်းလိုပါသည်။ ရွေးချယ်မည့်ပုဂ္ဂိုလ်သည် အနုပညာရှင်ဖြစ်ရုံသာမက အနာဂတ်အတွက် တွေးခေါ်နိုင်သော ပညာရှင်ဖြစ်ဖို့လည်း လိုအပ်ပါသည်။ သို့မှသာ ခေတ်တစ်ခေတ်ပြောင်းလျှင် Logo ပါ လိုက်ပြောင်းရသောအဖြစ်မှ ကင်းဝေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ခေတ်စနစ်ဆိုတာ အမြဲတမ်းပြောင်းလဲနေတော့ ခေတ်ပြောင်းသွားတာနဲ့ အဲဒီရုပ်တုက ဖျက်ဆီးခံရမှာပဲ။ ထာဝရမပြောင်းလဲနိုင်တာက ဗြဟ္မစိုရ်တရားထဲက "မေတ္တာပဲ"။ ဒါကြောင့် မြန်မာတို့ရဲ့ မေတ္တာကိုယ်စားပြု အမိမြန်မာပြည်ရုပ်တုကို ထုလုပ်ရတာ။ နိုင်ငံတကာကလာတဲ့ ဧည့်သည်ကို ထာဝရမပျက်ပြယ်သော မေတ္တာရှေ့ထား၍ သပြေပန်းနှင့် လက်ကမ်းကြိုပါတယ်ဆိုပြီး အမိမြန်မာပြည်ရုပ်တုကို ထုလုပ်ရခြင်းဖြစ်. . .**

# တကယ့်ငြိမ်းချမ်းရေးဆိုသည်မှာ ဆွေးနွေးပွဲစကားဝိုင်းတွင် ထိုင်ပြီး ဆွေးနွေးခြင်းဖြင့်သာ ရနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း (ငြိမ်းချမ်းရေးစကားဝိုင်း)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူများအားလုံးနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ၂၀၁၇ ခုနှစ်တွင် နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒအဝဝနှင့် ပြည့်စုံကြပါစေဟု ဆုတောင်းမေတ္တာပို့လိုက်ပါကြောင်း။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များစကားဝိုင်း(ငြိမ်းချမ်းရေးစကားဝိုင်း) ကျင်းပစဉ်။ (သတင်းစဉ်)

မိမိတို့၏ သန်း ၅၀ ကျော် နိုင်ငံသူ နိုင်ငံသားများထဲတွင် မြောက်မြားစွာသော ဆန္ဒများရှိမည်ဖြစ်ပါကြောင်း၊ ထိုဆန္ဒများအနက် ဘယ်ဆန္ဒသည် အဓိကအကျဆုံးလဲ၊ ဘယ်ဟာတွေကို ဦးစားပေးပြီး အကောင်အထည်ဖော်ရမလဲဆိုသည်ကို ပြည်သူလုထုရွေးချယ်တင်မြှောက်ထားသည့် အစိုးရတစ်ခုအတွက် အကြီးဆုံးတာဝန်တစ်ခု၊ စိန်ခေါ်မှုတစ်ခုဖြစ်ပါကြောင်း။

ဘယ်ဆန္ဒကို ဦးစားပေးရမလဲဆိုသည်ကို ရွေးချယ်ရန်လည်း အရေးကြီးပါကြောင်း၊ ယင်းဆန္ဒများကို ဘယ်လိုပုံစံဖြင့် ဖြည့်ဆည်းပေးရမည်ဆိုသည်ကို ဆုံးဖြတ်ရန်လည်း အင်မတန်မှ အရေးကြီးပါကြောင်း၊ တချို့က နည်းလမ်းက အရေးမကြီးဘူး၊ ကိုယ်လိုရာရရင်ပြီးရောဟု ထင်ကြပါကြောင်း၊ ကိုယ်လိုရာပန်းတိုင်ရောက်ရင်ပြီးရော ဘယ်လိုလမ်းကသွားရ၊ သွားရဆိုပြီး ယူဆသူများလည်း ရှိပါကြောင်း၊ မိမိတို့အမြင်တွင် လမ်းမှားသွားလျှင် ပန်းတိုင်ရောက်သည့်အခါ ကိုယ်ထင်သလို မဟုတ်တာဖြစ်တတ်ပါကြောင်း၊ လမ်းမှန်ကသွားမှသာလျှင် မိမိတို့လိုချင်သည့်ပန်းတိုင်ကို မှန်မှန်ကန်ကန်ရောက်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

၂၀၁၇ ခုနှစ်တွင် စတင်စဉ်းစားရမည်မှာ နိုင်ငံအတွက် ဘာတွေ ပထမဦးဆုံး ဦးစားပေးပြီး လုပ်ရမလဲဆိုသည့်ကိစ္စဖြစ်ပါကြောင်း၊ ယခင်နှစ်က ပြည်သူလူထု အများစု၏ ရွေးချယ်တင်မြှောက်မှုဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရ စတင်ထူထောင်ကတည်းက မိမိတို့ တင်ပြထားသည့်ကိစ္စများရှိပါကြောင်း၊ ဘာတွေကို မိမိတို့ ဦးစားပေးပြီး ဆောင်ရွက်မလဲဆိုသည်ကို မိမိတို့တင်ပြထားပါကြောင်း၊ ထိုထဲတွင် အရေးကြီးဆုံးတစ်ခုမှာ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်သူလူထု၏ ဘဝတိုးတက်ရေးသည် မိမိတို့ဦးစားပေးထားသည့်ကိစ္စနှစ်ခုဖြစ်ပါကြောင်း၊ ထိုနှစ်ခုမှာ ဆက်နွှယ်မှုရှိပါကြောင်း၊ မိမိတို့ နိုင်ငံသည် အေးချမ်းမှ နိုင်ငံသူ နိုင်ငံသားများ၏ဘဝ တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ဘဝတိုးတက်မှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထိုနှစ်ခုကို အရေးအကြီးဆုံး ရည်ရွယ်ချက်အနေဖြင့် သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း။

ပထမနှစ်ဦးပိုင်းမှစပြီး မိမိတို့အစိုးရအဖွဲ့တစ်နှစ်ပြည့်မည့် အချိန်အထိ ဝန်ကြီးဌာန၊ အစိုးရဌာနအသီးသီးမှ တစ်နှစ်အတွင်းဆောင်ရွက်ချက်များ၊ တစ်နှစ်အတွင်း ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများကို ဘယ်လိုနည်းဖြင့် ကျော်လွှားမလဲဆိုသည့် မိမိတို့ ခန့်မှန်းထားသည့် အစီအစဉ်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များအနက် ဦးစားပေးပြီး ကိုယ်တိုင်တာဝန်ယူထားသည့် ကိစ္စတစ်ခုမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ဖွဲ့ပြီး များမကြာမီ မေလမှစ၍ ဒုတိယပင်လုံညီလာခံ၊ ငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပရေးအတွက် ကြိုးစားခဲ့ပါကြောင်း၊ ဒုတိယပင်လုံ ညီလာခံကြီးကျင်းပရန်အတွက် ခြေလှမ်းအများကြီးလှမ်းရန်လိုပါကြောင်း၊ ခြေလှမ်းအများကြီး လှမ်းရန်လိုအပ်သည့်အထဲတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကိစ္စဖြစ်ပါကြောင်း၊ အပစ်အခတ်ရပ်စဲပြီးမှ တကယ့်ငြိမ်းချမ်းရေးကို မိမိတို့ရနိုင်မည်ဖြစ်ပါကြောင်း၊ ပစ်ရင်းခတ်ရင်းနှင့် ငြိမ်းချမ်းရေးရသည်ဆိုသည်မှာ မဖြစ်နိုင်ပါကြောင်း၊ တကယ့်ငြိမ်းချမ်းရေးဆိုသည်မှာ ဆွေးနွေးပွဲစကားဝိုင်းတွင် ထိုင်ပြီး၊ စားပွဲဝိုင်း၌ထိုင်ပြီး ဆွေးနွေးခြင်းဖြင့်သာ ရနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် ဘယ်လောက်ပင် စစ်ပွဲများ တိုက်ခိုက် တိုက်ခိုက် နိဂုံးချုပ်အဖြေမှာ စကားပြောပြီး အဖြေရှာရသည့်ကိစ္စ၊ စားပွဲဝိုင်းတွင် ထိုင်ပြီး ညှိနှိုင်းဆွေးနွေး၍ အဖြေယူရသည့်ကိစ္စပင်ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ်၏ အစပိုင်း ဒီနေ့တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် စကားဖြင့် စချင်သည်ဟု မိမိဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် စကားဆိုသည်မှာ အခုငြိမ်းချမ်းရေးအတွက် လုပ်ကိုင်နေသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် မိမိတို့အစိုးရဘက်မှ အဖွဲ့များဆွေးနွေးရုံသာ မဟုတ်ပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများနှင့် ဆွေးနွေးခြင်းကိုဆိုလိုခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသူ နိုင်ငံသားများ အားလုံးပါလာအောင် မိမိတို့နိုင်ငံသူ နိုင်ငံသားများသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဘယ်လိုအမြင်ရှိသလဲ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်ပြဿနာများ၊ စိန်ခေါ်မှုများကို ဘယ်လို ကိုင်တွယ်ရန် ရည်ရွယ်ချက်ရှိသလဲဆိုသည်ကို သိရန်လိုပါကြောင်း၊ အားလုံးလက်တွဲပြီးလုပ်လျှင် အောင်မြင်မည့်ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ ဒါကို ဆွေးနွေးရန်အတွက် ဘယ်သူနှင့် စတင်ဆွေးနွေးမလဲဆိုသည်ကို စဉ်းစားပါကြောင်း။

အမှန်ပြောရလျှင် မိမိအနေဖြင့် ယခုထက်ငယ်သည့်ကလေးများနှင့် ဆွေးနွေးချင်ပါကြောင်း၊ ပထမဦးဆုံး ကလေးများနှင့်ဆိုလျှင် သိပ်အဆင်မပြေဘူးဆိုပြီး လူငယ်များနှင့် စခြင်းဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် ကလေးများနှင့် ဆွေးနွေးမှုများလည်းလုပ်ချင်ပါကြောင်း၊ စီးပွားရေးသမားများနှင့် ဆွေးနွေးမှုများလည်း လုပ်ချင်ပါကြောင်း၊ ဒါမှ စီးပွားရေးသမားများ၏ နိုင်ငံရေး ငြိမ်းချမ်းရေးအပေါ်အမြင်ကို သိနိုင်မည်ဖြစ်ပါကြောင်း။

ဘယ်လိုစီးပွားရေးသမားများက ဝိုင်းဝန်းပြီး ငြိမ်းချမ်းရေးအတွက် ကူညီနိုင်မလဲဆိုသည်ကို ဆွေးနွေးနိုင်မည်ဖြစ်ပါကြောင်း၊ ဒီလိုဆွေးနွေးပွဲများ လုပ်ခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံးသည် ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို သူတို့လည်း ပိုင်သည်ဆိုသည့်စိတ် ရှိမည်ဖြစ်ကြောင်း၊ ရှိလာစေချင်ကြောင်း၊ အခုခေတ်တွင် နိုင်ငံရေးအရ အင်မတန် အရေးကြီးသည့်စကားလုံးတစ်ခု၊ အသုံးအနှုန်းတစ်ခုမှာ ပိုင်ဆိုင်မှုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုသည်မှာ တစ်နိုင်ငံလုံး၏ပိုင်ဆိုင်မှု ဖြစ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ အားလုံးပိုင်ဆိုင်ရန် မိမိတို့မှာ တာဝန်ရှိပါကြောင်း။

ယခုလိုဆွေးနွေးပွဲများ လုပ်ဖြစ်ရသည့်အကြောင်းအရင်းတစ်ခုမှာ မိမိတို့နိုင်ငံ၌ တူညီသည့်ကိစ္စအများကြီးရှိသည်ကို ပေါ်လွင်စေချင်၍ ဖြစ်ပါကြောင်း၊ လူငယ် ၁၈ ယောက်၏ အတွေးအခေါ်၊ စိုးရိမ်မှု၊ မျှော်လင့်မှု၊ ပူပန်မှုများသည် လူငယ်အများကြီး၏ စိတ်ထဲတွင်ရှိသည့် စိုးရိမ်ပူပန်မှုများ၊ မျှော်လင့်ချက်များနှင့် ထပ်တူထားမှ ထပ်မျှဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ အချင်းချင်းကြားတွင် ပိုပြီး သွေးစည်းညီညွတ်သည့် အနေအထားကိုလည်း ဖြစ်သွားစေချင်ပါကြောင်း။

မိမိတို့အစိုးရဘက်မှ ပြည်သူလူထုကို မတည်နိုင်သည့်ကတိများ မည်သည့်အခါကမျှ မပေးခဲ့ပါကြောင်း၊ ပေးခဲ့သည့်ကတိများမှာ ရိုးရိုးသားသား ကတိများပင်ဖြစ်ပါကြောင်း၊ ၎င်းတို့ကိုလည်း မိမိတို့ တည်ခဲ့ပါကြောင်း၊ ထပ်ပြီး တည်အောင်လုပ်သွားမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ တစ်ယောက်နှင့် တစ်ယောက်အပေါ် ယုံကြည်မှုရှိရန်ဖြစ်ပါကြောင်း၊ ယုံကြည်မှုမရှိဘဲ တိုးတက်မှုမရှိနိုင်ပါကြောင်း၊ ကတိများကြီးကြီးမားမားပေးပြီး နောက်တစ်နေ့ ဖျက်လိုက်လျှင် ကောင်းကျိုးမဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် မဖြစ်နိုင်သည့်ကိစ္စများကို ပြည်သူများအား ကတိမပေးပါကြောင်း၊ ပွင့်ပွင့်လင်းလင်း ဖြောင့်ဖြောင့်မတ်မတ်နှင့် ဆက်ဆံပါမည်ဆိုသည်ကိုပြောပြီး အစိုးရတာဝန်ကို ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုထိလည်း မိမိတို့၏ အစိုးရတာဝန်ထမ်းဆောင်ခဲ့သည့် ၉ လ အတွင်း ပြည်သူကို ပျက်ပြားခဲ့ခြင်းမရှိပါကြောင်း၊ ပြည်သူကိုပေးခဲ့သည့် ကတိလည်း မိမိတို့ ပျက်ပြားခဲ့ခြင်း မရှိပါကြောင်း၊ မိမိတို့ ဖြစ်စေချင်သလောက် ၉ လ အတွင်း ဖြစ်ခဲ့သလားဆိုလျှင် တချို့အရာတွေကတော့ မျှော်မှန်းသလောက် မဖြစ်ပေမယ့် တချို့ကိစ္စတွေမှာတော့ မမျှော်မှန်းဘဲနှင့်လည်း တိုးတက်မှုများ ရှိလာပါကြောင်း၊ ဒါသည် ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပါကြောင်း၊ တခြားနိုင်ငံက သံတမန်များ၊ တခြားဒီမိုကရေစီအပြောင်းအလဲကို ဖြတ်သန်းခဲ့ရသည့်နိုင်ငံမှ သံတမန်များနှင့် ဆွေးနွေးသည့်အခါ သူတို့အနေဖြင့် မိမိတို့၏ တိုးတက်မှုများကို အားရသည်ဟု ဂုဏ်ပြုပါကြောင်း၊ သူတို့အတွေ့အကြုံအရ မိမိတို့၏ ၉ လအတွင်း လုပ်ဆောင်ချက်များကို သူတို့၏ အမြင်တွင် အားရသည်ဟု ဆိုပါကြောင်း၊ သူတို့ပြောကြားမှုများက မိမိတို့အတွက် အားတက်စရာဖြစ်ပါကြောင်း၊ သို့သော် ကျေနပ်နေ၍ မဖြစ်ပါကြောင်း၊ ထပ်ပြီးကြိုးစားနိုင်သည်ဆိုသောစိတ် အပြည့်အဝဖြင့် ဆက်ပြီးလုပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘာပဲလုပ်လုပ် ကောင်းသောအစိုးရများ၏ အခြေခံဖြစ်သည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုဆိုသည့် မှု ၂ ခုကို ဆက်ပြီး ဆုပ်ကိုင်သွားပါမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စကားဝိုင်းသို့ တက်ရောက်လာကြသည့် လူငယ်များက ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ လုပ်ပိုင်ခွင့် ပိုမိုရရှိရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထားရှိရေး၊ မတူကွဲပြားမှုမှ ညီညွတ်မှုတည်ဆောက်နိုင်ရေး၊ ပြည်တွင်းစစ်ကြောင့် ရရှိခဲ့သည့် စိတ်ဒဏ်ရာများကုစားနိုင်ရေး၊ ပြည်သူလူထုကို ဗဟိုပြုသည့် တရားဥပဒေဖြင့် အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များပါဝင်ရေး၊ စစ်ကြောင့် ကိုယ်အင်္ဂါဆုံးရှုံးခဲ့ရသူများအား ကူညီစောင့်ရှောက်ရေးစသည့် ကိစ္စများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လူငယ်များက ဂါရဝပြုပေးအပ်သော အမှတ်တရပန်းစည်း လက်ဆောင်အားလက်ခံပြီး လူငယ်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်သည်။

အဆိုပါစကားဝိုင်းသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးကိုယ်စားပြု လူငယ် ၁၆ ဦး၊ မသန်စွမ်းကိုယ်စားပြုလူငယ် ၁ ဦး၊ အမျိုးသမီးကိုယ်စားပြုလူငယ် ၁ ဦးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ငြိမ်းချမ်းရေးကော်မရှင်မှအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




ငြိမ်းချမ်းရေးစကားဝိုင်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်း-စာမျက်နှာ ၈)

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

နိုင်ငံသားအားလုံး၏ အကူအညီဖြင့်၊ တစ်ကမ္ဘာလုံးမှာရှိသည့် မိမိတို့နိုင်ငံအပေါ် တကယ့်ကို စေတနာထားသည့် မိတ်ဆွေများ၏ဝန်းရံမှုဖြင့် မိမိတို့အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရအောင် လုပ်သွားမည်ဆိုသည်ကို ပြည်သူ ပြည်သားအားလုံးသိအောင် ပြောချင်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ငြိမ်းချမ်းရေးဗဟိုဌာနအတွင်း လှည့်လည်ကြည့်ရှုသည်။

ယဉ်ကျေးမှုတိုင်းတွင် ငြိမ်းချမ်းရေးအမှတ်သင်္ကေတများ ကိုယ်စီကိုယ်င ရှိနေတတ်ပြီး နိုင်ငံတကာအသိအမှတ်ပြု အမှတ်သင်္ကေတတစ်ရပ်မှာ သံလွင်ခက်ကိုကိုက်ချီ၍ ပျံသန်းနေသော ချိုးငှက်ဖြူဖြစ်သည်။ သံလွင်ခက်ကို ကိုက်ချီ၍ ပျံသန်းနေသော ချိုးငှက်ဖြူသည် ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတများအနက် ရှေးအကျဆုံးသင်္ကေတလက္ခဏာ တစ်ခုဖြစ်ပြီး အောင်ပွဲ၏ အထိမ်းအမှတ်အဖြစ်လည်း အမှတ်သညာပြုကြသည်။

သံလွင်ပင်သည် ဖျက်ဆီး၍ မရနိုင်သော အပင်၊ ခံနိုင်ရည်ရှိသော အပင်၊ လူတို့အတွက် အကျိုးပြုသောအပင်၊ ငြိမ်းချမ်းရေးအသွင်ဆောင်သော အပင်၊ လောကအကျိုးသယ်ပိုးသောအပင်အဖြစ်လည်း မှတ်ယူကြသည်။ အရွယ်ရောက်ပြီး သံလွင်ပင်၏ အမြင့်မှာ ပေ ၅၀ နှင့် ပင်စည်လုံးပတ် ၃၃ ပေခန့်ရှိ၍ အနှစ် ၂၀၀၀ ကျော်အထိ ရှင်သန်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဦးစီးဆောင်ရွက်မည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွင့်ပွဲအထိမ်းအမှတ်အနေဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏ စကားသံများ

**နေပြည်တော် ဇန်နဝါရီ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ် ၁၈ ဦးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌တွေ့ဆုံပြီး ငြိမ်းချမ်းရေးစကားဝိုင်းအဖြစ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည့် လူငယ်များ၏ စကားသံများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-



ကိုဇော်သူရိန်ထွန်း။



ကိုဇော်ဝင်းအောင်။



ကိုသူရစိုး။



ဒေါက်တာဝင်းမြတ်အေး။

**စစ်ကိုင်းတိုင်းဒေသကြီးမှ**
**လူငယ်ကိုယ်စားလှယ် ကိုဇော်သူရိန်ထွန်း**

ငြိမ်းချမ်းရေးစကားဝိုင်းကို လာတက်တဲ့ လူငယ်တွေက လူငယ်မူဝါဒကို ရေးဆွဲနေတဲ့ လူငယ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေးခေါင်းစဉ်အောက်မှာ လူငယ်တွေအနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို မေးချင်တာတွေ၊ ဆွေးနွေးချင်တာတွေရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ နှစ်ပေါင်း ၆၀ ကျော်ကြာ စစ်ပွဲတွေဖြစ်ခဲ့ပြီး အခုလူကြီးတွေက ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းနေတာမျိုးရှိပါတယ်။ လူငယ်တွေအားလုံးကတော့ စစ်ပွဲတွေမလိုချင်တော့ပါဘူး။ လက်ရှိဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေအပေါ် အားရတဲ့အပိုင်းတွေရှိသလို အားမရတဲ့အပိုင်းတွေလည်း ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်ဘက်က တစ်ဖက်သတ်သိမ်းသွင်းနေတယ်လို့ ခံစားရကြောင်း ပြောပါတယ်။ ဒီအချိန်ဟာ အခွင့်ကောင်းပါပဲ။ ဒီအချိန်မှ မမီဘူးဆိုရင် နောက်ဘယ်အချိန်မှ မရှိနိုင်တော့ပါဘူး။ NCAအပေါ်မှာ ခြွင်းချက်မရှိလက်ခံပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လက်နက်ကိုင်ပြီး ဆွေးနွေးလို့တော့ မရနိုင်ပါဘူး။ အဲဒီတော့ NCA ကို လက်မှတ်ရေးထိုးပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်တာမျိုးက ယုတ္တိလည်းတန်ပါတယ်။ ဖြစ်လည်းဖြစ်သင့်တယ်လို့မြင်ပါတယ်။ NLD အစိုးရတက်လာတဲ့အချိန်မှာ လူငယ်တွေနဲ့စကားဝိုင်း ပထမဦးဆုံးလုပ်တာဖြစ်ပါတယ်။ နောက်ပိုင်းမှာလည်း ဒီလိုမျိုး ပုံမှန်လေး လုပ်ပေးစေချင်ပါတယ်။ ဒီလိုလူငယ်တွေချည်း မဟုတ်ဘဲ အလွှာအသီးသီးက လူငယ်တွေနဲ့လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တွေ့သင့်ပါတယ်။ ငြိမ်းချမ်းရေးအပြင် ကျန်တဲ့ ပညာရေး၊ စီးပွားရေးစကားဝိုင်းတွေကိုလည်း လုပ်ပေးသင့်ပါတယ်။

**မသန်စွမ်းလူငယ်ကိုယ်စားလှယ်**
**ကိုဇော်ဝင်းအောင်**

ငြိမ်းချမ်းရေးလုပ်ဆောင်မှုတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ မသန်စွမ်းသူတွေအနေနဲ့ ဘယ်လိုမျိုးပါဝင်နိုင်မလဲ။ လက်ရှိလုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာရော မသန်စွမ်းသူတွေကို ဘယ်လောက်အထိ ထည့်သွင်းစဉ်းစားထားသလဲဆိုတာ သိချင်ပါတယ်။ ငြိမ်းချမ်းရေးဆိုတာ လက်ရှိ ကိုယ့်ရဲ့ဘဝမှာ ကောင်းကောင်းမွန်မွန်နဲ့ အေးအေးချမ်းချမ်း အပူအပင်မရှိ၊ တခြားသူတွေရဲ့ အနှောင့်အယှက် အတားအဆီးတွေမခံရဘဲနဲ့ လွတ်လပ်စွာနေထိုင်နိုင်တာကို ငြိမ်းချမ်းရေးလို့ယူဆပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဖို့အတွက် ကြိုးစားနေတာရှိပါတယ်။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီး လှုပ်ရှားနေတာတွေရှိပါတယ်။ မသန်စွမ်းသူတွေအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ဖို့အတွက် ကြိုးစားနေပါတယ်။ လူ့အသိုင်းအဝိုင်းအထဲက မသန်စွမ်းသူတွေကို လက်တွဲပေးကြပါ။ တစ်ဦးနဲ့တစ်ဦးချစ်ချစ်ခင်ခင်နဲ့ ငြိမ်းချမ်းရေးနဲ့အတူတကွ နေထိုင်ကြဖို့လည်း ပြောချင်ပါတယ်။ အရင်က ကြမ်းတမ်းတဲ့ဘဝတွေနဲ့ ဒီနိုင်ငံမှာ နေထိုင်ခဲ့ကြရတယ်။ အခုပြောင်းလဲလာတဲ့ခေတ်စနစ်နဲ့အတူ ၂၀၁၇ ခုနှစ် နှစ်သစ်မှာ မိဘပြည်သူများအားလုံး ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးမှ**
**လူငယ်ကိုယ်စားလှယ် ကိုသူရစိုး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်တွေရဲ့ ငြိမ်းချမ်းရေးစကားဝိုင်းဟာ အင်မတန်မှလိုအပ်တဲ့ စကားဝိုင်းတစ်ခုဖြစ်ပါတယ်။ လူငယ်တွေဟာ နိုင်ငံရဲ့အနာဂတ်ဖြစ်ပါတယ်။ အနာဂတ်ရဲ့ခေါင်းဆောင်တွေ၊ တိုင်းပြည်ရဲ့ အရင်းအမြစ်တွေဖြစ်တဲ့ လူငယ်တွေရဲ့ ပါဝင်ခွင့်တွေကို နေရာတိုင်းမှာရဖို့အတွက် သိပ်ကိုအရေးကြီးပါတယ်။ စကားဝိုင်းတွေကနေတစ်ဆင့် နောက်ဆုံးနိုင်ငံရဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နေတဲ့၊ ကြိုးစားနေတဲ့၊ အဖြေရှာနေတဲ့ နေရာတစ်ခုဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုတဲ့နေရာမျိုးတွေမှာ လူငယ်တွေအနေနဲ့ ပြောဆိုခွင့်ရှိဖို့ မျှော်လင့်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ငြိမ်းချမ်းရေးကို စိတ်ဝင်စားတဲ့ လူငယ်တွေကို အစိုးရကဖိတ်ကြားပေးဖို့နဲ့ ပါဝင်ခွင့်ကို လမ်းဖွင့်ပေးထားဖို့ တောင်းဆိုချင်ပါတယ်။ မငြိမ်းချမ်းခြင်းရဲ့ အကျိုးဆက်တွေကြောင့် လူငယ်တွေဟာ သူများနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားဘဝနဲ့ နေထိုင်ကြရပါတယ်။ သူများနိုင်ငံမှာလည်း သူတို့ရဲ့ဘဝလုံခြုံမှုတွေ၊ ငြိမ်းချမ်းမှုတွေ မရှိပါဘူး။ ဒီလိုမျိုးအခြေအနေတွေကို အစိုးရအနေနဲ့ အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ပေးစေချင်ပါတယ်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

လူငယ်တွေဆိုတာဟာ အနာဂတ်အတွက် ပခုံးပြောင်းတာဝန်ယူမယ့်သူတွေဖြစ်တယ်။ လူငယ်တွေရဲ့လက်ရှိငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့အမြင်တွေ၊ အတွေးတွေဟာ နောင်လျှောက်လှမ်းမယ့်လမ်းမှာ သူတို့ရဲ့ အတွေးအခေါ် အယူအဆတွေဟာ အင်မတန်အရေးပါမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတယ်။ လူငယ်မူဝါဒကို စပြီးရေးဆွဲတဲ့ ရည်ရွယ်ချက်ကလည်း လူငယ်တွေကို စနစ်တကျစုစည်းပြီးတော့ နိုင်ငံအတွက်အကျိုးရှိမယ့် လုပ်ငန်းတွေကို ဘယ်လိုလုပ်ကြမလဲ။ လူငယ်တွေရဲ့ အခွင့်အရေးတွေလည်း အပြည့်အဝရရှိဖို့နဲ့ လူငယ်တွေရဲ့ လုပ်နိုင်စွမ်းအားဟာ အမြင့်မားဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာအတွက် လုပ်တာဖြစ်ပါတယ်။

လူငယ်မူဝါဒပေါ်ပေါက်လာတဲ့အခါမှာ လူငယ်မူဝါဒဟာ တိုင်းပြည်အတွက် လူငယ်တွေဘယ်လိုအကျိုးပြုမယ်ဆိုတာကို ရေးဆွဲထားတာဖြစ်တဲ့အတွက်ကြောင့် လူငယ်တွေရဲ့ အကျိုး၊ တိုင်းပြည်ရဲ့အကျိုးနဲ့အများကြီးဆက်စပ်တဲ့အတွက်ကြောင့် မူဝါဒပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မူဝါဒဆိုတာကလည်း တစ်ခါရေးပြီးတာနဲ့ တစ်သက်လုံး ဒီပုံစံအတိုင်းသွားတာ မဟုတ်ပါဘူး။ ပိုမိုကောင်းမွန်ဖို့ ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**သတင်းစဉ်(သတင်းအဖွဲ့)**



## ကဗျာဆရာ တင်မိုး ကွယ်လွန်ခြင်း (၁၀)နှစ်ပြည့် လွမ်းဆွတ်ခြင်းအမှတ်တရပွဲ ပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၁**

ကဗျာဆရာတင်မိုး ကွယ်လွန်ခြင်း(၁၀)နှစ်ပြည့် လွမ်းဆွတ်ခြင်း အမှတ်တရပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆရာတင်မိုးကိုချစ်မြတ်နိုးကြသည့် စာပေ၊ အနုပညာ၊ နိုင်ငံရေးနယ်ပယ်အသီးသီးမှ သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟများတက်ရောက်ခဲ့ကြပြီး ကဗျာဆရာကြီးတင်မိုးနှင့်အတူ မန္တလေးတက္ကသိုလ်၌ ဆုံတွေ့ကာ အတူပညာဆည်းပူးသင်ယူခဲ့သူ ဆရာဦးသိန်းနိုင် (ဂုဏ်ထူး ဦးသိန်းနိုင်) က အမှတ်တရစကားပြောကြားသည်။

ဆက်လက်၍ ဆရာတင်မိုးနှင့်အတူ မန္တလေးတက္ကသိုလ်မှသည် ကွယ်လွန်သည်အထိ ချစ်ခင်ရင်းနှီးသော သူငယ်ချင်းတစ်ယောက်အဖြစ်သာမက စာပေရေးရာ၊ နိုင်ငံရေးများတွင် အတူဆောင်ရွက်ခဲ့ကြသူများဖြစ်သည့် ဆရာမောင်မိုးသူက ကျောင်းသားဘဝတွင် ဆရာကြီးနှင့် စာပေခရီးဖြတ်သန်းမှုနှင့် အမှတ်တရအကြောင်းများကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်မှာသာမက အမေရိကန်ပြည်ထောင်စု၌ ဆရာတင်မိုး၏ နောက်ဆုံးအချိန်ကာလများတွင်လည်း စာပေ၊ ဂီတအနုပညာရပ်များကို စိတ်တူကိုယ်တူ လုပ်ကိုင်ခဲ့သည့် ဆရာဦးဝင်းဖေက ဆရာတင်မိုး၏ သုံးကြောင်းကဗျာအကြောင်းနှင့် ကွယ်လွန်ချိန်က အမှတ်တရအကြောင်းများကိုလည်းကောင်း၊ ဆရာတင်မိုးနှင့် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်းကို ရောက်ခဲ့ဖူးသည့်အပြင် တာဝန်အတူထမ်းဆောင်ခဲ့သူ ဆရာမောင်ခင်မင်(ဓနုဖြူ)က ဆရာတင်မိုးနှင့် ဘဝဖြတ်သန်းခဲ့မှု အမှတ်တရပုံရိပ်များနှင့် စာပေခရီးဖြတ်သန်းခဲ့မှုများအကြောင်းကိုလည်းကောင်း၊ ၁၉၉၁ ခုနှစ်တွင် ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ် ဆရာတင်မိုး ဆောင်ရွက်ခဲ့စဉ်က ပန်းချီတာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဆရာမြင့်မောင်ကျော်က ဆရာတင်မိုး၏ ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာဘဝနှင့် စာပေခရီးဖြတ်သန်းမှုအတွေ့အကြုံများမှ အမှတ်တရအကြောင်းများနှင့် ဆရာကြီး၏ ပုံတူရုပ်တုထုလုပ်ခဲ့ရသည့် အကြောင်းများကိုလည်းကောင်း၊ ဆရာကြီး၏ မြန်မာပြည်၌နေထိုင်ခဲ့သည့် နောက်ဆုံးနှစ်များတွင် အတူသွားလာနေထိုင်ခဲ့သဖြင့် လွယ်အိတ်ကြီးဟု တင်စားခေါ်ဝေါ်ခံရသည့် ဆရာ ဦးယဉ်မင်းပိုက်က ဆရာတင်မိုး၏ ကဗျာ၊ စာပေခရီးဖြတ်သန်းခဲ့မှုအတွေ့အကြုံ အမှတ်တရများနှင့် စိတ်နေသဘောတို့ကိုလည်းကောင်း၊ အင်းစိန်အကျဉ်းထောင်အတွင်း ဆရာတင်မိုးနှင့် လေးနှစ်ခန့် နေထိုင်ခဲ့သူ ဆရာစောသက်ထွေး ခေါ် နေခြူး က ဆရာကြီးနှင့် အကျဉ်းထောင်အတွင်းဆုံတွေ့ခဲ့စဉ်က အမှတ်တရအကြောင်းများနှင့် သွန်သင်ဆုံးမဩဝါဒပေးပုံများ အကြောင်းတို့ကိုလည်းကောင်း၊ ဆရာမောင်ရစ်က ဆရာတင်မိုး၏ အမှတ်တရအကြောင်းအရာများကိုလည်းကောင်း အသီးသီးအမှတ်တရစကားများပြောကြားခဲ့ကြသည်။

ထို့နောက် ဆရာတင်မိုး၏ မြေးဖြစ်သူ စန္ဒြာမိုးမြင့် ကလေးနှင့် မာယာတို့က ဆရာတင်မိုး ဖွဲ့ဆိုခဲ့သော ကဗျာတို့ကို ရွတ်ဆိုခြင်း၊ ဆရာဇော်နောင်က ဆရာကြီးအတွက် အမှတ်တရကဗျာ ရွတ်ဆိုခြင်း၊ ၈၈ မျိုးဆက်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီက ဆရာတင်မိုး ကွယ်လွန်ခြင်း (၁၀) နှစ်ပြည့် လွမ်းဆွတ်ခြင်းအတွက် ပေးပို့သည့် ကဗျာအား ဆရာမင်းထက်နိုင်က ရွတ်ဆိုခြင်းနှင့် ဆရာကြီး၏ သမီးဖြစ်သူ ဒေါ်မိုးမိုးနှင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

အဆိုပါအခမ်းအနားနှင့်ပတ်သက်၍ ကဗျာဆရာကြီး တင်မိုး၏ အငယ်ဆုံးသမီးဖြစ်သူ ဒေါ်မိုးချိုသင်းက "အဓိကကတော့ အမေရိကန်နိုင်ငံ လော့စ်အန်ဂျလိစ်မြို့ကနေ အဖေ့ရဲ့ အရိုးပြာအိုးကိုသယ်လာတာပါ။ အရင်တုန်းက သယ်ခွင့်မရခဲ့ဘူး။ အဖေက သူချစ်တဲ့တိုင်းပြည်ကို ပြန်ချင်တဲ့သူဆိုတော့ အခုကျတော့ အခွင့်အလမ်းသာနေပြီဖြစ်လို့ အဖေ့ကိုလိုက်ပို့တာပါ။ ဒီကိုရောက်တဲ့အချိန်မှာ အဖေ့ရဲ့ မိတ်ဆွေအပေါင်းအသင်းတွေက အဖေ့အကြောင်းကို ပြောကြမယ် ဆိုကြမယ်ဆိုတော့ အမှတ်တရအနေနဲ့ လုပ်ဖြစ်သွားတာပါ" ဟု ဆိုသည်။

ဆရာကြီးတင်မိုးကို မြင်းခြံခရိုင် တောင်သာမြို့နယ် ကန်မြဲဇဂျမ်းရွာ၌ ၁၉၃၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အဘ စက်ချုပ် ဦးဘအိုနှင့် အမိ ဒေါ်စံထယ်တို့က မွေးဖွားခဲ့သည်။ အမည်အရင်းမှာ ဘဂျမ်းဖြစ်ပြီး မွေးချင်းသုံးဦးအနက် ဒုတိယမြောက်ဖြစ်သည်။

ဆရာကြီး၏ အရိုးပြာအိုးကို မိသားစုဝင်များက အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ပြန်လည်သယ်ဆောင်လာပြီး ဒီဇင်ဘာ ၂၈ ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းမြှုပ်နှံခဲ့သည့်အပြင် အုတ်ဂူတွင် ဆရာတင်မိုး၏ နာမည်ကြီး သုံးကြောင်းကဗျာတစ်ပုဒ်ဖြစ်သည့် "ဆေးလိပ်လည်း တို၊ နေလည်းညိုပြီ၊ ငါ့ကိုပြန်ပို့ကြပါလေ"ဟူသည့် ဩဇ္ဇာသည်ကြီးကဗျာကို ရေးထိုးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

## သဲကုန်းမြို့နယ် အင်းမမြို့ အင်းမဈေး၌ မီးလောင်မှုဖြစ်ပွား

**သဲကုန်း ဇန်နဝါရီ ၁**


ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက်ရှိ အင်းမဈေးတွင် ဒီဇင်ဘာ ၃၁ ရက် ည ၉ နာရီ ၂၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုမီးလောင်မှုကြောင့် အင်းမဈေးအတွင်းရှိ ဈေးဆိုင်ခန်းပေါင်း ၂၅၇ ခန်းရှိသည့်အနက် အလျား ရှစ်ပေ၊ အနံ ခြောက်ပေ၊ အမြင့် ၁၀ ပေ၊ သွပ်မိုးပျဉ်ခင်း အမျိုးအစားအထည်ဆိုင် ၁၆ ဆိုင်၊ ကုန်စုံဆိုင် ၅၃ ဆိုင်နှင့် အခြားကုန်ရောင်းချသည့်ဆိုင် ၁၇ ဆိုင် စုစုပေါင်း ၈၆ ဆိုင် မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၄ စီး၊ ရေသယ်ယာဉ် လေးစီး၊ တပ်မတော်ပိုင်ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ၁၉ စီးနှင့်အတူ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများ၊ တပ်မမှူး၊ ဗျူဟာမှူးနှင့် ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့မှူးတို့က အနီးကပ်ကြီးကြပ် ငြိမ်းသတ်ခဲ့ရာ ယင်းနေ့ည ၁၀ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ အင်းမရဲစခန်းမှ (ပ)၃/၂၀၁၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၈၅)ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူရအောင်(ပြည်)**

◆




## မုံးကိုးဒေသခံ တိုင်းရင်းသားပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မူဆယ် ဇန်နဝါရီ ၁**

မူဆယ်ခရိုင် မုံးကိုးမြို့တွင် ယခုအခါ နယ်မြေဒေသ အေးချမ်းသာယာလာပြီဖြစ်၍ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကိန်မိုင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဦးသက်အောင်တို့အဖွဲ့သည် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် မုံးကိုးမြို့သို့ရောက်ရှိပြီး ထောက်ပံ့ပစ္စည်းနှင့် အနွေးထည်များပေးအပ်လှူဒါန်းခဲ့သည်။

မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် နယ်မြေဒေသ အေးချမ်းသာယာလာပြီဖြစ်၍ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား စိစစ်လက်ခံ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ မြို့မဈေးအတွင်း ငြိမ်းချမ်းစွာ ရောင်းဝယ်လျက်ရှိသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားများ ပြောကြားပြီး မြို့တွင်း၌ လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဌာန/ပုဂ္ဂလိကပိုင် အဆောက်အအုံများ၏ အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အမှတ်(၅)ရပ်ကွက်ရှိ ရာစုသစ်အိမ်ရာဝင်းအတွင်း ယာယီဖွင့်လှစ်ထားရှိသည့် စာသင်ကျောင်း၌ ပညာသင်ကြားလျက်ရှိသော အထက (မုံးကိုး)၊ အမက (ဖော်ကျုံး)၊ အမက (ခွဲ)(မန်ဂျပ်)တို့မှ ကျောင်းသားကျောင်းသူ ၄၇၂ ဦးတို့အား ကြည့်ရှုအားပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ခြင်း၊ ပညာသင်ကြားပို့ချလျက်ရှိသည့် ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေပေးခြင်း၊ တက္ကသိုလ်ဝင်တန်း တက်ရောက်နေသည့် သံဃာ သုံးပါးအတွက် အထူးထောက်ပံ့ငွေ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အနွေးထည် ၈၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



ထို့နောက် မုံးကိုးမြို့ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိခဲ့ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။ ဖြစ်စဉ်အတွင်း ထိခိုက်သေဆုံးခဲ့သည့် ဦးပုကိုင်းလီငယ် မိသားစုအား ငွေကျပ် ငါးသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းမိသားစုများအား စားသောက်ဖွယ်ရာများ၊ ရပ်ကွက်(၆)ရှိ ကက်သလစ် (စိန့်ဖရန်စစ်) ဘုရားကျောင်းသို့ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ဒေသခံစစ်ဘေးရှောင် ပြည်သူများအား ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အနွေးထည် ၁၀၄၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

မုံးကိုးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအတွင်း နိုင်ငံတော်အစိုးရဌာနများ၊ တပ်မတော်၏ကူညီစောင့်ရှောက်မှုနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည့် ထောက်ပံ့မှုများကို ပေးအပ်ခဲ့ကြသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စိုးရိမ်မှုများ လျော့နည်းသွားပြီဖြစ်ကြောင်းနှင့် အစိုးရတာဝန်ရှိသူများ၊ စေတနာရှင်များအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားကြသည်။

**(ခရိုင်/ပြန်ဆက်)**

**✱ ကျောဖုံးမှ**

အရေးကြီးလူနာများ အချိန်နှင့်တစ်ပြေးညီပို့ဆောင်ရာတွင် အချိန်မီမရောက်ရှိသဖြင့် အသက်အန္တရာယ်ဆုံးရှုံးခြင်းဖြစ်စေနိုင်ကြောင်း စသည်ဖြင့် ယာဉ်မောင်းများ၊ ကုန်သည်များနှင့် ခရီးသည်တို့က ပြောသည်။

ထို့ကြောင့် လိုင်စင်မဲ့ယာဉ်နှင့် ယာဉ်မောင်းအပါအဝင် စည်းကမ်းမဲ့ယာဉ်ကြီး၊ ယာဉ်ငယ်မဟူ မော်တော်ယာဉ်စည်းကမ်းဥပဒေများအတိုင်း ထိရောက်စွာဆောင်ရွက်မည်ဆိုပါက ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခြင်းမှ လျော့နည်းသွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက ပြောကြသည်။ **စိုင်း(သီပေါ)**

## ပြည်တွင်းရေးရာ

# သီပေါကင်းထောက်လူငယ်မောင်မယ်များနှင့် ပြင်ဦးလွင်မှ ကင်းထောက်များ တွေ့ဆုံ အထိမ်းအမှတ်ကျောက်စာတိုင်၌ ကတိသစ္စာပြု

**သီပေါ ဇန်နဝါရီ ၁**

ဒေသန္တရဗဟုသုတရှာမှီးရေးနှင့် ကင်းထောက်များအချင်းချင်း ရင်းနှီးချစ်ခင်မှုရရှိရေးအတွက် ကင်းထောက်ကြီးများနှင့် ကင်းထောက်ဆရာ ဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နန်းမူမူအေးတို့ဦးဆောင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ကင်းထောက်လူငယ်မောင်မယ် ၆၅ ဦးသည် ဒီဇင်ဘာ ၃၁ရက်က ပြင်ဦးလွင်မြို့နယ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ရှေးဦးစွာ ကင်းထောက်မောင်မယ်များသည် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး သန့်ရှင်းရေးလုပ်အားဒါနပြုကြသည်။ ဆက်လက်၍ ပြင်ဦးလွင်မြို့အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်၌ ပြင်ဦးလွင်မြို့မှ ကင်းထောက် မောင်မယ်များက ခရီးဦးကြိုဆိုကြပြီး နှစ်မြို့နယ်ကင်းထောက်များက ကတိသုံးပါးနှင့် ကင်းထောက်ကျင့်ဝတ် ၁၀ ပါးတို့ကို ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ ကင်းထောက်အစဉ်အသင့်တေးသီချင်းကို သံပြိုင်သီဆို၍ ပြင်ဦးလွင်ကင်းထောက်ဆရာဦးမြဝင်းထံ သီပေါကင်းထောက်အဖွဲ့က အထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

ထို့နောက် အထက (၁) ကင်းထောက်ပြခန်းတွင် ပြသထားသော တောစခန်းထွက်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သော ရွက်ဖျင်တဲထိုးနည်း၊ ကြိုးကျစ်နည်း၊ အချက်ပြအလံအမှတ်အသားများ၊ ကင်းထောက်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ပစ္စည်းများကို ပြင်ဦးလွင်ကင်းထောက်ဆရာမ ဒေါ်သန်းသန်းယုက လက်တွေ့ရှင်းလင်းပြသသည်။

ဆက်လက်၍ အငြိမ်းစားသစ်တောဝန်ထောက် ဦးလမင်းတည်ထောင်ထားသော မြန်မာနိုင်ငံ စာရေးဆရာအသင်း စာကြည့်တိုက်သို့ ဝင်ရောက်လေ့လာကြရာ ဦးလမင်းနှင့် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသက်နိုင်(ပြင်ဦးလွင်-သက်နိုင်)က လူငယ်များ စာပေဖတ်ရှုရန်လိုအပ်ကြောင်းနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်အဆက်ဆက် ဘူမိနက်သန်ကင်းထောက်ကြီးများ ကတိသစ္စာခံယူခဲ့သည့် အထိမ်းအမှတ်ကျောက်စာတိုင်တွင် ကတိသစ္စာပြုကြပြီး တောစခန်းချကာ ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# စာပေမြင့်မှ လူမျိုးတင့်မည်

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် အခမ်းအနားများကျင်းပ

### နေပြည်တော်

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီး၌ ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်လည်း ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။

ယနေ့အားကစားပြိုင်ပွဲများအဖြစ် ဖူဆယ်ပြိုင်ပွဲရုံတွင် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအသင်းက ခြောက်ဂိုး-ငါးဂိုးဖြင့်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ၁၀ဂိုး-၆ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသည်။

လွန်ဆွဲပြိုင်ပွဲအုပ်စုပွဲစဉ်၏ နောက်ဆုံးပွဲစဉ်များကို လေ့ကျင့်ရေးကွင်းအမှတ် (၃) တွင် ယှဉ်ပြိုင်ကစားပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်ပရိသတ်များ လာရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မောင်မောင်ဇော်)**





### သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်ဘီးစီးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီက သဲဖြူကျေးရွာတွင် စတင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်က သေနတ်ပစ် ဖောက်တာလွှတ်ပေးခဲ့သည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲကို သဲဖြူကျေးရွာမှ သာယာဝတီမြို့အထိ ရန်ကုန်ပြည်လမ်းတစ်လျှောက် ခုနစ်မိုင်အကွာအဝေးကို သာယာဝတီခရိုင်တွင်း ရှစ်မြို့နယ်မှ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။**(အပေါ်ပုံ)**

စက်ဘီးစီးပြိုင်ပွဲကို သာယာဝတီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား အမျိုးသမီး ဆုရရှိသူ အသီးသီးကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ Myanmar C.P.Livestock Co.,Ltd. မှ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုချီးမြှင့်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အားကစားသမားများအား စက်ဘီးငါးစီး ကံစမ်းမဲဖောက်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

### ဗန်းမော်

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် မြို့မအလယ်တန်းကျောင်း၌ ကျင်းပရာ အထက်တန်း အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ **(ယာပုံ)**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် လွတ်လပ်ရေးနေ့နှင့် အမျိုးသားရေးတာဝန်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်နှင့် ကျွန်ုပ်၏မျှော်မှန်းချက်၊ လွတ်လပ်ရေးနေ့ ဒို့မမေ့ခေါင်းစဉ်တို့ဖြင့် အထက်တန်းကျောင်းသား ကျောင်းသူ ၂၁ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၃ ဦး၊ မူလတန်းကျောင်းသား ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၈၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ **ကျော်စွာ(ဗန်းမော်)**



### မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု၍ ကျေးရွာချင်းဆက်လမ်းများ မြေဖို့ပြုပြင်ဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့မှ နိုင်ငံရေးပါတီဝင်များနှင့် အမှတ် (၁၀၀၈) နယ်ခြားစောင့်တပ်မှ တပ်မတော်သားများသည် ဒီဇင်ဘာ ၃၁ ရက်က မိုင်းယုမြို့ ဝမ်တာကြန့်ကျေးရွာအုပ်စုရှိ ဝမ်ပေ့ါကျေးရွာ၊ ဝမ်နားမြက်ကျေးရွာနှင့် ဝမ်ဒွန်းနွဲ့ကျေးရွာချင်းဆက်လမ်းများအား စုပေါင်း၍ မြေဖို့ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ် တူလာတူလီကျွန်းကျေးရွာမှ ရာအိမ်မှူး တစ်ဦးပျောက်ဆုံး

**နေပြည်တော် ဇန်နဝါရီ ၁**

မောင်တောမြို့နယ် တူလာတူလီကျွန်းကျေးရွာမှ ရာအိမ်မှူးတစ်ဦး ဒီဇင်ဘာ ၃၀ ရက် ညပိုင်းက ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် တူလာတူလီကျွန်းကျေးရွာမှ ရာအိမ်မှူး လာလူမျာသည် ဒီဇင်ဘာ ၃၀ရက် ည ၇ နာရီက ကျေးရွာလုံခြုံရေး လာရောက်ဆောင်ရွက်သော မင်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှထွန်းအား ရွာထိပ်သို့ လိုက်ပို့ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း ဒီဇင်ဘာ ၃၁ ရက် ည ၁၀ နာရီတွင် မင်းကြီးကျေးရွာ ရဲကင်းစခန်းသို့ လာရောက်အကြောင်းကြားသဖြင့် ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တစ်ဖက်နိုင်ငံသို့ထွက်ခွာမည့် မသက်ဘသူ ၂၅ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ပင်လယ်ပြင်လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်သည် ယနေ့ နံနက် ၂ နာရီ မိနစ် ၅၀ ခန့်တွင် မသက်ဘဖွယ် လက်ခတ်လောင်းလှေ နှစ်စင်းအား တွေ့ရှိသဖြင့် မီးအချက်ပြ၍ခေါ်ယူစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ လိပ်ရကျေးရွာ၏တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လောင်းလှေများပေါ်တွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွာမည့်သူ ၂၃ ဦးနှင့် လာရောက်ခေါ်ယူသည့် တစ်ဖက်နိုင်ငံသားနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ရာ တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရန် မောင်တောမြို့မရဲစခန်းသို့ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

၀



# တစ်ကိုယ်တော်တေးစီးရီးအတွက် ပြင်ဆင်နေတဲ့ ဂျူးစံသာ

**ခရီးသွားခြင်းကိုနှစ်သက်တဲ့ ဂျူးစံသာဟာ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှာ သူ့ရဲ့တစ်ကိုယ်တော် တေးစီးရီးထွက်ဖို့ ပြင်ဆင်နေပါတယ်။ ဂျူးစံသာရဲ့ လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်းကိုတော့ ယခုလိုဆက်သွယ်မေးမြန်းဖြစ်ခဲ့ပါတယ်. . .။**

**လတ်တလော အနုပညာလှုပ်ရှားမှု. . .**

လတ်တလောအနုပညာလှုပ်ရှားမှုကတော့ သီချင်းခွေထုတ်ဖို့လုပ်နေပါတယ်။ ကျွန်မဗီဒီယိုဇာတ်ကား ရိုက်ဖို့ လက်ခံထားတာရှိပါတယ်။ ဗီဒီယိုဇာတ်ကားက သူငယ်ချင်းသံယောဇဉ်ဇာတ်လမ်းပုံစံပါပဲ။ ဇာတ်ညွှန်း မရသေးတော့ သေချာပြောပြလို့ မရသေးဘူး။ ဒီဗီဒီယိုဇာတ်ကားက ကျွန်မအတွက် ပထမဦးဆုံး သရုပ်ဆောင်မယ့် ဇာတ်ကားလေးပါ။ ပွဲတွေတက်ဖို့လည်း လက်ခံထားပါတယ်။

**ပညာရေးဘက်ကရော. . .**

ပညာရေးအနေနဲ့ တတိယနှစ်အောင်စာရင်းထွက်ထားပါတယ်။ ကျောင်းပြီးဖို့တစ်နှစ်ကျန်သေးတယ်။

**ပြီးခဲ့တဲ့ သီတင်းကျွတ်နဲ့ တန်ဆောင်တိုင်ကာလမှာ ခရီးသွားဖြစ်လား. . .**

သီတင်းကျွတ်မှာ ပျဉ်းမနားမြို့ နှစ်ကျိပ်ရှစ်ဆူပွဲမှာ ညလုံးပေါက်သီချင်းဆိုဖြစ်ခဲ့ပါတယ်။ တန်ဆောင်တိုင်မှာတော့ ပြင်ဦးလွင်ကိုအလည်ခရီးအနေနဲ့ သွားဖြစ်ပါတယ်။ ကျွန်မက ခရီးသွားရတာ နှစ်သက်တဲ့သူဆိုတော့ ခရီးလည်း ခဏခဏသွားဖြစ်တယ်။ ပြည်တွင်းခရီးလည်းသွားတယ်။ ပြည်ပခရီးလည်းသွားပါတယ်။ ခရီးသွားလို့ မရောက်ဖူးသေးတဲ့ဒေသကိုရောက်ရင် ဒေသထွက်အစားအစာတွေနဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေကို လေ့လာရတာ သဘောကျတယ်။ ဓာတ်ပုံရိုက်ရတာလည်း ကြိုက်တယ်။ သဘာဝ အလှအပတွေကို သဘောကျတယ်။ ကိုယ်မရောက်ဖူးတဲ့နေရာတွေကို ရောက်တယ်။ ကိုယ်မသိသေးတဲ့အကြောင်းအရာတွေကို သိရတဲ့အတွက် ခရီးသွားရတာကို ကြိုက်နှစ်သက်တာပါ။ ရန်ကုန်မှာနေရတဲ့ အချိန်ထက် ခရီးသွားနေရတဲ့ အချိန်ကိုပိုပြီးပျော်ပါတယ်။

**သွားခဲ့တဲ့ခရီးတွေထဲက အမှတ်တရခရီး တစ်ခုအကြောင်း. . .**

ကျွန်မ ပြည်တွင်းခရီးစဉ်ထဲမှာ လိုက်(Rally)သွားတဲ့ Myanmar Toursim အဖွဲ့နဲ့အတူ လူတွေအများကြီး၊ ကားခုနစ်စီး၊ ရှစ်စီးလောက် သွားကြတဲ့ ခရီးဖြစ်တယ်။ ပထမဆုံး တစ်ခေါက်ကတော့ ရှမ်းပြည်နယ် တာချီလိတ်အထိကို ကားနဲ့တက်ကြတယ်။ ရွှေတြိဂံဒေသအထိကို ကားနဲ့သွားတယ်။ ဒုတိယတစ်ခေါက် ကတော့ ရခိုင်ရိုးမတစ်လျှောက်သွားပြီး မြောက်ဦး၊ ငပလီအထိသွားတဲ့ ခရီးစဉ်တွေကတော့ ကျွန်မဘဝတစ်သက်တာ မမေ့ဖျောက်လို့မရနိုင်တဲ့ အမှတ်တရခရီးစဉ်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခေါက်ခရီးထွက်တာနဲ့ မြို့တွေအများအပြားကိုရောက်တယ်။ ရောက်တဲ့မြို့တွေရဲ့ အထင်ကရနေရာတွေကို လေ့လာခွင့်ရတယ်။ နောက် ကျွန်မတို့မြန်မာနိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေးပါ။ ဒီခရီးတွေကို အတော်များများက ကားနဲ့မသွားကြဘူး။ လေယာဉ်တွေနဲ့သွားကြတာများတယ်။ ဒီနေရာမှာ ကျွန်မအနေနဲ့ အသိပေးချင်တာက မြန်မာနိုင်ငံရဲ့လမ်းပန်းဆက်သွယ်ရေးက လုံခြုံစိတ်ချရတဲ့အကြောင်း၊ သွားလို့ရတဲ့အကြောင်း၊ မိုးတွင်းမှာတော့ နည်းနည်းခက်ပေမယ့် သွားလို့ရတဲ့အကြောင်း ပြောချင်တာပါ။ ကြောက်စရာကောင်းတဲ့ တောင်တွေပေါ် တက်လိုက်ဆင်းလိုက်၊ ကားမောင်းပြီးသွားရတဲ့အတွက် ကိုယ်တိုင်တော့ မမောင်းပေမယ့် ကိုယ်တိုင်မောင်းနေရသလို ခံစားရတယ်။ တကယ်ကိုလှပတဲ့ရှုခင်းတွေ၊ မြန်မာနိုင်ငံမှာ တန်ဖိုးမဖြတ်နိုင်တဲ့ သူများနိုင်ငံတွေထက် အလွန်လှပတဲ့နေရာတွေအများကြီးရှိပါတယ်။ အဲဒီခရီးစဉ်တွေကတော့ ကျွန်မအတွက် အမှတ်ရဆုံး ခရီးစဉ်တွေပါပဲ။

**ပြည်ပခရီးစဉ်အနေနဲ့ရော. . .**

ပြည်ပခရီးစဉ်ကတော့ ပြိုင်ပွဲသွားပြိုင်ရတဲ့ ဗင်နီဇွဲလားနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံ ခရီးစဉ်ကတော့ ကျွန်မအတွက် အမှတ်တရဖြစ်တဲ့ ခရီးစဉ်ပါပဲ။ အမှတ်တရအဖြစ်ဆုံးကတော့ ဗင်နီဇွဲလားနိုင်ငံပါ။ မြန်မာနိုင်ငံနဲ့ မတူတဲ့ပုံစံဖြစ်တဲ့ တောင်ပေါ်မှာအိမ်ဆောက်နေတာတွေကို လေ့လာဖြစ်တယ်။ အဲဒီတုန်းကတော့ ပြိုင်ပွဲအနေနဲ့သွားတာဆိုတော့ သိပ်တော့မလည်ပတ်ဖြစ်ခဲ့ပါဘူး။ အဲဒီခရီးဟာ ပင်ပန်းပေမယ့်လည်း အလွန်ကိုပျော်စရာကောင်းတဲ့၊ နှစ်သက်ခဲ့တဲ့ ခရီးစဉ်လေးတစ်ခုပါ။ ဖိလစ်ပိုင်နိုင်ငံခရီးစဉ်တုန်းကတော့ တစ်လလောက်နေခဲ့တာဆိုတော့ တော်တော်များများ အနှံ့လည်ပတ်ဖြစ်တယ်။ ဖိလစ်ပိုင်နိုင်ငံကလည်း တော်တော်လှပါတယ်။ မြန်မာနိုင်ငံနဲ့ယှဉ်ပြောရရင် ကျွန်မက မြန်မာနိုင်ငံသား၊ မြန်မာလူမျိုးဆိုတော့ မြန်မာနိုင်ငံကိုပဲပိုကြိုက်တယ်။ မြန်မာနိုင်ငံမှာလည်း အလွန်လှတဲ့နေရာတွေ၊ ခရီးသွားလုပ်ငန်း (Tourism) လုပ်လို့ကောင်းမယ့် နေရာတွေ၊ တကယ့်သဘာဝအလှတွေနဲ့ ဓာတ်ပုံရိုက်လို့ကောင်းတဲ့နေရာတွေ အများကြီးရှိပါတယ်။

**ပြိုင်ပွဲတွေထပ်ပြိုင်ဖို့ရှိလား. . .**

ကျွန်မပြိုင်ပွဲတွေထပ်ပြိုင်ဖို့ အစီအစဉ်မရှိသေးပါဘူး။ ကျောင်းလည်းတက်နေတော့ အစီအစဉ်မရှိသေးတာပါ။ အခုလက်ရှိ တစ်ကိုယ်တော်ခွေထုတ်ဖို့စီစဉ်နေပါတယ်။ ယခုနှစ် နှစ်လယ်ပိုင်းမှာထွက်နိုင်ဖို့ ကြိုးစားပြီးလုပ်နေပါတယ်။ အဲဒီအခွေမှာသီချင်း ၁၁ ပုဒ်လောက်ထည့်မယ်လို့တော့ စီစဉ်ထားပါတယ်။ သီချင်းတွေအကုန်မရသေးတော့ ရတဲ့သီချင်းတွေကိုပဲ အသံသွင်းနေပါတယ်။ ခွေအမည်ကတော့ မစဉ်းစားရသေးပါဘူး။ သီချင်းအားလုံး ပြီးသွားရင် မီဒီယာတွေကိုရော ကျွန်မရဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ကနေပါ ကြေညာသွားပါမယ်။ သီချင်းထဲကတစ်ပုဒ်ကို အမြည်းအနေနဲ့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ အခွေမထွက်ခင် တင်ပေးသွားမှာပါ။

**ရှေ့ဆက်ပြီးအနုပညာကို ဘယ်လိုလုပ်ဆောင်သွားမလဲ. . .**

ရှေ့ဆက်ပြီးတော့ အနုပညာအလုပ်ကိုဆက်လုပ်သွားမှာပါ။ တခြားအပြင်အလုပ်လုပ်ဖို့ စိတ်ကူးထားတာရှိပါတယ်။ ဒါပေမယ့် မသေချာသေးပါဘူး။ အခုတော့ အနုပညာအလုပ်ကိုပဲ တစိုက်မတ်မတ်လုပ်နေပါတယ်။ အနုပညာအလုပ်ကို ဆက်လုပ်သွားဦးမှာပါ။ ရပ်ဖို့တော့ အစီအစဉ်မရှိသေးပါဘူး။

**ပရိသတ်တွေအတွက် စကားလက်ဆောင်. . .**

ကျွန်မကိုအားပေးတဲ့ပရိသတ်တွေကို တကယ်ကိုကျေးဇူးတင်ပါတယ်။ We Love Fan တွေနဲ့ အခြားပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဆက်လက်လုပ်ဆောင်သွားမယ့် အနုပညာအလုပ်တွေကိုလည်း အားပေးပါဦးလို့ ပြောချင်ပါတယ်။ ပရိသတ်တွေအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါကြစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**မင်းလှသား**



## မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂-၁-၂၀၁၇(တနင်္လာနေ့)**

နံနက်ပိုင်း

- ၆း၀၀ မြဝတီအဖွင့်
- ၆း၀၁ အဖွင့်နှုတ်ခွန်းဆက်စကား
- ၆း၀၂ နိုင်ငံတော်သီချင်း
- ၆း၀၃ တရားတော်
- ၇း၁၆ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၇း၃၀ မျိုးချစ်တပ်မတော်
- ၇း၄၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၀၀ မြဝတီနေ့စဉ်သတင်း
- ၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
- ၉း၂၀ ကျန်းမာသုတ
- ၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၁၀း၀၀ Casual Talk
- ၁၀း၁၅ အစွန်းလွတ်ရာဆီသို့
- ၁၀း၂၅ မေးမြန်းစူးစမ်း
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၀း၅၅ Liked
- ၁၁း၀၀ နိုင်ငံတကာသတင်း
- ၁၁း၁၀ ပျိုပျိုမေ
- ၁၁း၂၀ မြန်မာ့ရှုခင်း
- ၁၁း၃၅ Cooking Art
- ၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၀၀ အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
- ၁၂း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၄၅ Guide For You

ညပိုင်း

- ၄း၀၀ မြဝတီအဖွင့်
- ၄း၀၁ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ နိုင်ငံတော်သီချင်း
- ၄း၀၃ အဖွင့်သီချင်း
- ၄း၀၅ တစ်ပတ်အတွင်းမွေးမြူရေးသတင်း
- ၄း၁၅ မျိုးချစ်တပ်မတော်
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၄၅ သီချင်းလက်ဆောင်
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈၅)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အရုဏ်ဦးရဲ့ ပန်းသခင် အပိုင်း(၈၆)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - အိန်ဂျယ်ချစ်သူ အပိုင်း(၁၅)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - အမျိုးသားရေးတေးကဗျာ
  - ဒို့တာဝန်အရေးသုံးပါး
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
    - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၂၄)
  - မြဝတီရုပ်မြင်သံကြားသတင်း
  - တရားတော်
  - သင့်အတွက်မနက်ဖြန်

# ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာ လှုပ်ခတ်နေတဲ့ ကစားသမားများ

**၂၀၁၇ ခုနှစ်၏ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ဈေးကွက်ကတော့ စတင်လို့လှုပ်ခတ်လာခဲ့ပါပြီ။ အဲဒီလိုလှုပ်ခတ်လာခဲ့တဲ့ အပြောင်းအရွှေ့ဈေးကွက်ထဲမှာတော့ စတားရစ်၊ ဘရာဟီနို၊ ရှနိုက်ဒါလင်၊ ဂလင်းဂျွန်ဆင်တို့လည်း ပါဝင်လို့လာခဲ့ပါတယ်။**




လီဗာပူးတိုက်စစ်မှူး စတားရစ်ဟာ လီဗာပူးအသင်းကနေ ထွက်ခွာဖို့ မရှိပေမယ့် လီဗာပူးအသင်းအနေနဲ့ကတော့ ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့အထက်ရမယ်ဆိုရင်တော့ ရောင်းထုတ်ဖို့စီစဉ်နေပါတယ်။ အဲဒီလို လီဗာပူးအသင်းစီစဉ်နေစဉ်မှာပဲ စတားရစ်ရဲ့ လုပ်ခလစာနဲ့ လီဗာပူးအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးမှုတွေကြောင့် ဝက်စ်ဟမ်းအသင်းအနေနဲ့ အငှားစာချုပ်နဲ့ ခေါ်ယူဖို့ စီစဉ်နေခဲ့ပါတယ်။

ဝက်စ်ဘရွန်းအသင်းရဲ့ တိုက်စစ်ပိုင်းမှာ အားထားရတဲ့ ကစားသမားတစ်ဦးအဖြစ် ရပ်တည်ခဲ့ဖူးတဲ့ ဘရာဟနိုဟာ နွေရာသီအပြောင်းအရွှေ့ကာလကတည်းက အသင်းပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်နေခဲ့သူပါ။ အခုတစ်ကြိမ်မှာလည်း ဘရာဟီနိုကိုခေါ်ယူဖို့ အဲဗာတန်အသင်းက စိတ်ဝင်စားနေတာဖြစ်ပြီး ဘရာဟီနိုကို စာချုပ်ချုပ်ဆိုနိုင်ရေးအတွက်လည်း အဲဗာတန်အသင်းနဲ့ စတုတ်စီးတီးအသင်းတို့ အပြိုင်ဖြစ်နေခဲ့ပါတယ်။

ဆောက်သမ်တန်အသင်းရဲ့ ဗဟိုနောက်ခံကစားသမားတစ်ဦးဖြစ်တဲ့ ဗီဂျယ်ဗန်ဒစ်ဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်ကတည်းက မန်စီးတီးအသင်းက ခေါ်ယူဖို့ရှိနေခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အခုဇန်နဝါရီဈေးကွက်မှာတော့ ခံစစ်ပိုင်းအတွက် အားဖြည့်ဖို့ရှိနေတဲ့ ချယ်လ်ဆီးအသင်းရဲ့ စိတ်ဝင်စားမှုကိုခံထားရတဲ့ ကစားသမားတစ်ဦးဖြစ်လာပါတယ်။ ဆောက်သမ်တန်အသင်းကတော့ ဗီဂျယ်ဗန်ဒစ်ကို ခေါ်ယူမယ်ဆိုရင် ပေါင်သန်း ၅၀ ရမှ ရောင်းထုတ်မယ်လို့ ဆိုထားပါတယ်။

ဆန်းဒါးလန်းအသင်းအနေနဲ့ အသင်းရဲ့အဓိကတိုက်စစ်မှူး ဂျာမိန်းဒီဖိုးကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူဖို့စီစဉ်နေတာကြောင့် ဒီဖိုးကို အသင်းမှာဆက်ရှိနေဖို့ ဆန္ဒပြင်းပြနေချိန်မှာပဲ ဘယ်နောက်ခံကစားသမား ဗန်အန်ဟော့ကို ခရစ္စတယ်ပဲလေ့အသင်းက စိတ်ဝင်စားနေတဲ့ဆိုတဲ့သတင်းတွေထွက်လာပါတယ်။ ခရစ္စတယ်ပဲလေ့အသင်းကလည်း ဘယ်နောက်ခံကစားသမားလိုအပ်နေတာမို့ ဆန်းဒါးလန်းအသင်းကပဲ ကစားသမားကို ဆက်ထိန်းထားနိုင်မလား၊ ဆမ်အလာဒိုက်ကပဲ သူ့ရဲ့နည်းပြသစ်တစ်ဦးအနေနဲ့ ခရစ္စတယ်ပဲလေ့အသင်းအတွက် ကစားသမားဖြည့်တင်းမှုအစီအစဉ်ကို အကောင်အထည်ဖော်သွားနိုင်မလားဆိုတာကလည်း ဇန်နဝါရီဈေးကွက်ရဲ့ စိတ်ဝင်စားစရာတစ်ခုပါ။

မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ရှနိုက်ဒါလင်ကို ဝက်စ်ဘရွန်းအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၃ သန်းကျော်ပေးပြီး ခေါ်ဖို့စီစဉ်နေပေမယ့် မန်ယူအသင်းကတော့ ဝက်စ်ဘရွန်းရဲ့ကမ်းလှမ်းမှုကို ငြင်းဆိုထားပါတယ်။ မန်ယူအသင်းအနေနဲ့ ရှနိုက်ဒါလင်ကို ပေါင် ၂၄ သန်းနဲ့ ၂၀၁၅ တုန်းက ဆောက်သမ်တန်ကနေ ခေါ်ခဲ့တာဖြစ်လို့ အနည်းဆုံးဝယ်ခဲ့ရတဲ့ဈေးနှုန်းရမှ ရောင်းချမယ်လို့ ဆိုထားတာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ဂလင်းဂျွန်ဆင်ကို ခေါ်ယူဖို့ စတုတ်စီးတီးအသင်းကို ချဉ်းကပ်မှုတွေ ပြုလုပ်နေပါပြီ။ ဝက်စ်ဟမ်းအသင်းနည်းပြဘီလစ်ဟာ အသင်းရဲ့ လိုအပ်နေတဲ့ ညာနောက်ခံနေရာကို ဖြည့်ဖို့ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်ကတည်းက ဂျွန်ဆင်ကို ကမ်းလှမ်းခဲ့တာဖြစ်ပြီး အခုဇန်နဝါရီဈေးကွက်မှာတော့ အာဆင်နယ်နောက်ခံလူ ဂျန်ကင်ဆန်နဲ့ စပါးနောက်ခံလူ ထရစ်ပီယာတို့ကိုပါ ခေါ်ယူဖို့ပြင်ဆင်နေတာဖြစ်ပါတယ်။

အဲဗာတန်အသင်းဟာ ချာတန်လူငယ်တိုက်စစ်မှူး လွတ်ခ်မန်းကို အခုဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာ ပေါင် ၁၀ သန်းအထိပေးပြီး ခေါ်ဖို့ ချာတန်အသင်းနဲ့ သဘောတူထားပါတယ်။ ချာတန်အသင်းကတော့ လက်ရှိအချိန်မှာ အငှားနဲ့သဘောတူထားတာဖြစ်ပေမယ့် အဲဗာတန်အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူး ဒီလိုဖူးမှာ အေစီမီလန်အသင်းကို ပြောင်းရွှေ့မှာဖြစ်တာကြောင့် လွတ်ခ်မန်းကို အငှားနဲ့မဟုတ်ဘဲ အပြီးသတ်ဝယ်ယူလိုကြောင်း အဲဗာတန်အသင်းက ပြောကြားထားပါတယ်။

နည်းပြမော်ရင်ဟိုအနေနဲ့ လူငယ်ဂိုးသမား ဆမ်ဂျွန်စတုန်းကို အသင်းကနေ အငှားစာချုပ်နဲ့ ထွက်ခွာခွင့်ပြုမယ်လို့ဆိုထားပါတယ်။ အဲဒါကြောင့် အက်စ်တွန်ဗီလာအသင်းက အသက်(၂၃)နှစ်အရွယ် ဂိုးသမား ဆမ်ဂျွန်စတုန်းကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာဖြစ်ပြီး ဆမ်ဂျွန်စတုန်းကို ဘရစ္စတိုစီးတီးအသင်း၊ ဝီဂန်အသင်းနှင့် စတုတ်စီးတီးအသင်းတို့ကလည်း ခေါ်ယူဖို့စိတ်ဝင်စားနေပါတယ်။ အဲဒါကြောင့် အပြောင်းအရွှေ့ကာလအတွင်းမှာ ဘယ်အသင်းကို ဂိုးသမား ဆမ်ဂျွန်စတုန်း ရောက်ရှိမလဲဆိုတာ စောင့်ကြည့်ရဦးမှာပါ။

နော့ဝှစ်ချ် တောင်ပံကစားသမား ရော်ဘီဘရက်ဒီကိုတော့ အက်စတွန်ဗီလာအသင်း၊ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့က ခေါ်ယူဖို့စီစဉ်နေပြီး နော့ဝှစ်ချ်အသင်းကတော့ အသင်းမှာ ဆက်ထားဖို့ ဆန္ဒရှိနေခဲ့ပါတယ်။ ဒါပေမယ့် ကစားသမားကိုယ်တိုင်ကတော့ လက်ရှိစာချုပ်သက်တမ်း ၁၈ လကျန်သေးပေမယ့် အသင်းကနေ ထွက်ခွာဖို့ တာဆူနေပါတယ်။ **(ငွေကြယ်)**

# ပေါလ်ကလီးမန့်အား နည်းပြသစ်အဖြစ် ဆွမ်ဆီး ခန့်အပ်မည်

ပရီမီယာလိဂ်ကလပ် ဆွမ်ဆီးအသင်းသည် ပေါလ်ကလီးမန့်အား နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်ပြီဖြစ်သည်။




ဆွမ်ဆီးအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အောက်ခြေတွင် ရပ်တည်လျက်ရှိသည့်အသင်းဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း၏ လက်ထောက်နည်းပြဖြစ်သူ ပေါလ်ကလီးမန့်အား ယခုလာမည့်တစ်ပတ်အတွင်း စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဒါဘီအသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပေါလ်ကလီးမန့်သည် လက်ရှိတွင် ဆွမ်ဆီးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာ စာချုပ်ချုပ်ဆိုခဲ့မည်ဆိုပါက ဆွမ်ဆီးအသင်း၏ ယခုဘောလုံးရာသီအတွင်း ခန့်အပ်ခဲ့သည့် တတိယမြောက်နည်းပြဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ပေါလ်ကလီးမန့်သည် ဒါဘီအသင်းတွင် နည်းပြအဖြစ် ရှစ်လကြာတာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ဖေဖော်ဝါရီလအတွင်းက နည်းပြအဖြစ်မှ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ ဆွမ်ဆီးအသင်းသည် ယခုဘောလုံးရာသီအတွင်း နည်းပြဂွီဒိုလင်၊ နည်းပြ ဘော့ဘရက်ဒလေတို့ကိုလည်း နည်းပြအဖြစ်ခန့်အပ်ခဲ့သည့်အသင်းဖြစ်သည်။

**(ငွေကြယ်)**




## အင်နီယေစတာအား ၂၀၂၀ အထိ ဆက်ရှိရန် စာချုပ်သစ်ချုပ်ရန်စီစဉ်

ဘာစီလိုနာအသင်းသည် အသက်(၃၂)အရွယ်ရှိ အသင်းခေါင်းဆောင် အင်နီယေစတာအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်ထားပြီး ကွင်းလယ်ကစားသမား အင်နီယေစတာအနေဖြင့် အသင်းနှင့် ကာလရှည်စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။

အင်နီယေစတာ၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ် ဇွန်လ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဘာစီလိုနာအသင်းအနေဖြင့် ၂၀၂၀ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စီစဉ်နေကြောင်း သိရသည်။

အင်နီယေစတာသည် ၂၀၁၅ ခုနှစ်အတွင်းက အသင်းခေါင်းဆောင် ဇာဗီထွက်ခွာသွားပြီးနောက်ပိုင်း အသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ အင်နီယေစတာသည် ဘာစီလိုနာအသင်းနှင့်အတူ လာလီဂါဖလား ရှစ်ကြိမ်၊ စပိန်ဘုရင့်ဖလားလေးကြိမ်၊ စပိန်စူပါဖလား ခုနစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားလေးကြိမ်နှင့် ယူအီးအက်ဖ်အေစူပါဖလား သုံးကြိမ် ဆွတ်ခူးထားသည့်ကစားသမားတစ်ဦးဖြစ်သည်။ **(ငွေကြယ်)**

# လှိုင်မြို့နယ် ဗဟိုလမ်းပေါ်၌ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁**

လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်းနှင့် သရက်မြိုင်လမ်းကြားတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နံနက် ၆ နာရီခန့်က အမည်မသိ အသက်(၂၈)နှစ်အရွယ်ခန့် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် လှိုင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦးမှာ လည်ပင်းထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

စုံစမ်းဆောင်ရွက်ချက်အရ သေဆုံးသူမှာ မရမ်းကုန်းမြို့နယ်နေ သီဟဇော်(၃၀)နှစ် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်ကြောင်းသိရပြီး သေဆုံးသူတွင် တစ်ကျပ်သားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး၊ တစ်မတ်သားခန့်ရှိ ရွှေဆွဲပြားတစ်ခု၊ ငါးမူးသားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်းတို့အား ဝတ်ဆင်ထားကြောင်းနှင့် ဆင်းကတ်နှစ်ခုသုံး လက်ကိုင်ဖုန်းတစ်လုံးတို့ပါ ပျောက်ဆုံးသွားကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် သေဆုံးသူနှင့်ဆက်သွယ်မှုရှိသူ၊ ရင်းနှီးသူများ၏ နောက်ကြောင်းများအား လိုက်လံစုံစမ်းရာ သေဆုံးသူ သီဟဇော်အသုံးပြုသော လူမှုကွန်ရက် Facebook တွင် သူငယ်ချင်းဖြစ်သူ ဇင်လေးဆိုသူအား မှတ်တမ်းဓာတ်ပုံရယူ၍ အုပ်ချုပ်ရေးအဖွဲ့များ၊ အမာခံသတင်းပေးများထံ ဇင်လေး၏ဓာတ်ပုံများအား လိုက်လံပြသစုံစမ်းခဲ့ရာ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် နေထိုင်သူဖြစ်ကြောင်း စုံစမ်းသိရသည်။

၎င်းအား ဖမ်းဆီးရမိရေးအတွက် အဆိုပါရပ်ကွက်အတွင်း စုံစမ်းထောက်လှမ်းဆောင်ရွက်ခဲ့ရာ အဆိုပါအမျိုးသမီးမှာ အငှားယာဉ်မောင်းနှင့်နေသူဖြစ်ကြောင်း စုံစမ်းသိရ၍ ဒီဇင်ဘာ ၂၆ ရက် နံနက် ၂ နာရီခန့်တွင် နေအိမ်သို့ ပြန်လာသူ မသဇင်ခိုင်(ခ)ဇင်လေး(ခ)သဇင်(ခ) သဇင်ဖြိုး(၃၂)နှစ်အား မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာမှ အမှုမှန်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူ မသဇင်ခိုင်(ခ)ဇင်လေး(ခ)သဇင်(ခ) သဇင်ဖြိုးအား စစ်ဆေးရာ သားဖြစ်သူ ကျန်းမာရေးမကောင်းသဖြင့် ခင်မင်ရင်းနှီးသူ မိတ်ဆွေခုနစ်ဦးထံမှ ယူဆောင်ထားသော အကြွေးငွေ ၂၃ သိန်းကျော်ခန့်အား ပေးဆပ်ရန်ရှိနေချိန်တွင် သီဟဇော်နှင့် ရင်းနှီးပတ်သက်ခဲ့ကြောင်း၊ နိုဝင်ဘာ ၉ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် သီဟဇော်နှင့်တွေ့ပြီး သီဟဇော်က ၎င်းနှင့်အတူ လိုက်ပါလာခဲ့ကြောင်း၊ ၎င်းနောက် ဗိုလ်တထောင်ကမ်းနားသို့သွားရောက်ကာ စကားပြောဆိုခဲ့ကြကြောင်း၊ ည ၁၂ နာရီခန့်တွင် ဗဟန်းမြို့နယ်ရှိ KTV ဆိုင်သို့ သွားရောက်၍ ၂ နာရီခန့် သီချင်းဆိုခဲ့ကြကြောင်း၊ နိုဝင်ဘာ ၁၀ ရက် နံနက် ၂ နာရီခွဲခန့်တွင် ၎င်း KTV ဆိုင်မှထွက်လာပြီး ကားလျှောက်မောင်းနေခဲ့ရာ နံနက် ၃ နာရီခန့်တွင် လှိုင်မြို့နယ် ဗဟိုလမ်းသို့ရောက်ရှိစဉ် ၎င်းမှာ အိပ်ငိုက်လာသဖြင့် ကားအားလမ်းဘေးသို့ ရပ်ကာ သီဟဇော်အား ကားမောင်းတတ်ပါက မောင်းနိုင်ကြောင်း ပြောဆိုပြီး ကားနောက်ခန်းအတွင်းသို့ ဝင်ထိုင်စဉ် သီဟဇော်မှ အောက်သို့အပေါ့ဆင်းသွားပြီး ကားပေါ်သို့ပြန်တက်စဉ် ၎င်းမှ ယာဉ်ပေါ်တွင် အသင့်ဆောင်ထားသော ဓားမြှောင်ဖြင့် လည်ပင်းအား ထိုးခဲ့ကြောင်းနှင့် သီဟဇော် ဝတ်ဆင်ထားသော ဆွဲပြားပါရွှေဆွဲကြိုး၊ ရွှေလက်စွပ်တို့အားယူဆောင်ကာ သီဟဇော်အား အခင်းဖြစ်နေရာ၌ ထားခဲ့ကြောင်း၊ ယင်းနောက် ယာဉ်ပေါ်တွင်ကျန်ရှိသည့် သီဟဇော်၏ လက်ကိုင်ဖုန်း၊ လက်ပတ်နာရီ၊ ဖိနပ် တစ်ရံနှင့် ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သော ဓားမြှောင်တို့အား ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ကာ သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏကမာကြည်တံတားပေါ်မှ ပုဇွန်တောင်ချောင်းအတွင်း လွှင့်ပစ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။



အမှုမှ သက်သေခံယာဉ်၊ လက်ကိုင်ဖုန်းနှင့် ရွှေထည်ပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ပြီး အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၁**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ယာဉ်မတော်တဆမှု ၇၄၄ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၆၇ ဦး၊ ဒဏ်ရာရရှိသူ ၁၃၀၇ ဦးရှိခဲ့ပြီး လအလိုက်ဖြစ်စဉ်များမှာ-

| စဉ် | လအမည် | ဖြစ်ပွားမှုပေါင်း | သေဆုံး | | | ဒဏ်ရာရ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ဇန်နဝါရီ | ၅၇ | ၆ | ၄ | ၁၀ | ၅၂ | ၃၃ | ၈၅ |
| ၂ | ဖေဖော်ဝါရီ | ၄၇ | ၈ | ၁ | ၉ | ၄၅ | ၃၀ | ၇၅ |
| ၃ | မတ် | ၇၀ | ၉ | ၁၄ | ၂၃ | ၇၂ | ၄၆ | ၁၁၈ |
| ၄ | ဧပြီ | ၆၉ | ၁၂ | ၁၀ | ၂၂ | ၁၂၁ | ၁၁၈ | ၂၃၉ |
| ၅ | မေ | ၇၃ | ၁၁ | ၃ | ၁၄ | ၅၅ | ၃၈ | ၉၃ |
| ၆ | ဇွန် | ၅၉ | ၇ | ၂ | ၉ | ၇၀ | ၂၄ | ၉၅ |
| ၇ | ဇူလိုင် | ၈၀ | ၉ | ၆ | ၁၅ | ၆၆ | ၅၃ | ၁၁၉ |
| ၈ | သြဂုတ် | ၇၀ | ၈ | ၄ | ၁၂ | ၇၂ | ၂၈ | ၁၀၀ |
| ၉ | စက်တင်ဘာ | ၅၀ | ၉ | ၂ | ၁၁ | ၃၉ | ၁၁ | ၅၀ |
| ၁၀ | အောက်တိုဘာ | ၅၈ | ၃ | ၆ | ၉ | ၆၄ | ၃၆ | ၁၀၀ |
| ၁၁ | နိုဝင်ဘာ | ၆၁ | ၁၁ | ၄ | ၁၅ | ၇၁ | ၄၆ | ၁၁၇ |
| ၁၂ | ဒီဇင်ဘာ | ၅၀ | ၁၂ | ၆ | ၁၈ | ၅၆ | ၆၀ | ၁၁၆ |
| | စုစုပေါင်း | ၇၄၄ | ၁၀၅ | ၆၂ | ၁၆၇ | ၇၈၄ | ၅၂၃ | ၁၃၀၇ |

**သန်းဦး(လေးမျက်နှာ)**

# ဆိပ်ဖြူမြို့နယ်တွင် ဒီဇင်ဘာလအတွင်း တရားမဝင်သစ် ၆၁ တန်ကျော်သိမ်းဆည်းရမိ

**ဆိပ်ဖြူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၌ တရားမဝင်သစ် ၆၁ ဒသမ ၃၇၇၆ တန်ကို ကဇွန်းမနယ်တွင် သိမ်းဆည်းရမိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အတွင်း၌ တရားမဝင်သစ်များ သယ်ယူမှုပပျောက်စေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများကကြီးကြပ်၍ နယ်မြေခံရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက သတင်းများအရ ကဇွန်းမနယ်တစ်ဝိုက်မှ တရားမဝင်သစ်များကို ဒီဇင်ဘာ ၁၉ ရက်မှ ၃၁ ရက်အထိ တရားမဝင် ပိတောက်ခွဲသား ၅၇ ဒသမ ၄၉၅၀ တန် (ကာလတန်ဖိုး ကျပ် ၂၅၈၇၂၇၅၀)၊ အခြားသား ၃ ဒသမ ၈၈၂၆ တန် (ကာလတန်ဖိုးကျပ် ၉၅၁၉၃၀) စုစုပေါင်း သစ်တန်ချိန် ၆၁ ဒသမ ၃၇၇၆ တန် (ကာလတန်ဖိုးကျပ် ၂၆၈၂၄၆၈၀) တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ကဇွန်းမကျေးရွာ ဘုန်းတော်ကြီးကျောင်း သိမ်ကျောင်းဘေးတွင် သိမ်းဆည်းရမိခဲ့သည့် ပိတောက်ခွဲသား ၈ ဒသမ ၄၀၀၄ တန်၏ ပိုင်ရှင်များကို စုံစမ်းဖော်ထုတ်ခဲ့ရာ ကဇွန်းမရွာသစ်ရပ်နေ ဦးချစ်စံ (၃၉)နှစ်(ဘ)ဦးလှရွှေ၊ ကဇွန်းမကျေးရွာနေ ဦးရဲကြည်(၄၀)နှစ်(ဘ) ဦးကံစိန်နှင့် တစ်ရွာတည်းနေ ဦးဝင်းဦး (၄၀)နှစ် (ဘ)ဦးမောင်မဲတို့ ပိုင်ဆိုင်သည့် သစ်များဖြစ်ကြောင်း စုံစမ်းဖော်ထုတ်ရမိကာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် သိန်းဝင်းက ၎င်းတို့သုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ကဇွန်းမနယ်မြေခံရဲစခန်း၌ အမှုဖွင့်တိုင်တန်းခဲ့ပြီး ကဇွန်းမနယ်မြေခံရဲစခန်းမှ (ပ) ၃၃/၂၀၁၆ ၊ပပက ၆(၁)ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်း တရားမဝင်သစ်များသယ်ယူမှု ပပျောက်စေရေးအတွက် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ဖမ်းဆီးရမိသော တရားမဝင်သစ်များ၏ ပိုင်ရှင်များကိုလည်း စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်

**ကိုဖွဲ(အညာမြေ)**

ASIA KING ကျိုက်ထီးရိုး (နေ့စဉ်)
အထူး Special Package ခရီးစဉ်များ Jan 6, 13, 20, 27 ထွက်မည်
(ခရီးစဉ်အစ / အသုံးမည်သည့်အပိုကြေးမှ ပေးရန်မလိုပါ)
+ အလောင်းတော်ကဿပ (သီးသန့်) (၃)ရက် Hotel 75000
+ အလောင်းတော်ကဿပ၊ မန္တလေး၊ ပြင်ဦးလွင်၊ Hotel 130000
စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်းဆေတီ (၅)ရက် Guest 100000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်ဆန်း၊ ကက္ကူ Hotel 130000
မိန်းမရဲတောင် (၄)ရက်၊ လွိုင်ကော်ပါ (၅)ရက် Guest 75000
+ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက် Hotel 75000
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်၊ Hotel 130000
ဖော်လပြိုင်၊ ကျိုက္ကမီ၊ စက်ခဲ (၄)ရက် Guest 90000
+ နေ့ချင်းပြန်ခရီးစဉ်များ ကျိုက်ထော်-ဘားအံ / တောင်ဒိုင်း-ဘားအံ
Ph: 09 43114301, 09 420221257, 09 420051117

Asia Top မှ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
09 43164118, 09 421099574, 09 8635520

အပါတ်စဉ် သောကြာနေ့ထွက် တနင်္ဂနွေ ပြန်ရောက်
ဘုတောင်းပြည့် အစိဌာန်အောင်, ထားဝယ် ရှင်ကိုးရှင်
၂၀၁၇ ခုနှစ် ၊ နှစ်သစ်ကူး သင်္ကြန်အစီစဉ်သစ်
ထားဝယ်, မြိတ်, ကော့သောင်း, ကျွန်းများခရီးစဉ်
သုခမိန်စင 09 51 55654 / 09 965155654 / 01 - 253079

အပတ်စဉ် ၉၉၅ ဈေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား
ဈေးနှုန်း သတင်း
အချက်အလက်များ ပြည့်စုံစွာ...
တရုတ် တိုင်ဝမ် ဆက်ဆံရေးနှင့် နှင့် ဒေါ်နယ်ထရမ့်
SPECIAL REPORT
■ အောင်ဆန်းစုကြည် ခံစားမှု၊ အပိုင်း (၁၅)
■ စီဂျေကီဝိုင်း ၂၀၁၇ တစ်နှစ်စာ ဟောကိန်း
■ ဆေးရုံတွေက ပျောက်တတ်တဲ့အကျင့်ဆိုး ပျောက်သွားပြီလား ■ နိုင်ငံတကာ အိမ်ခြံမြေ
■ အမေရိကန်စီးပွားရေးလုပ်ငန်း မော်ဒယ်သစ်
■ အာရှလွတ်လပ်သော ကုန်သွယ်ရေးဦးဆောင်မှု တရုတ် ရယူမည်လော
■ မန္တလေး စီးပွားသတင်းများ... နှင့်
အိမ်ထောင်နှစ်ဆက်နှင့် အထက် ရှိသူထံမှ အိမ် မြေ ဝယ်မည်ဆိုလျှင်
အမှတ် ၉၉ - (A) မြေညီ ၊ ၄၂ လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ၊ ဖုန်း ၇၈၇၁၈၃ ၊ ၇၃၀၁၀၂ ၊ ၀၉ ၅၁၁၁၂၆၁၅၅

# အများပြည်သူသိရှိစေရန် သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၈၈) ၇လွှာ(အေ)တွင် တည်ရှိသော Yoma Marine Enterprise Co.Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းထွန်း [၁၂/မဂဒ(နိုင်)၀၈၉၃၃၆] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတားမြစ်အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်း တည်ထောင်ဖွင့်လှစ်ထားသော Yoma Marine Enterprise Co.Ltd သည် အထက်ဖော်ပြပါ နေရပ်လိပ်စာမှလွဲ၍ အခြားမည်သည့်နေရာတွင်မှ ရုံးခွဲဖွင့်လှစ်ထားခြင်းမရှိသည့်အပြင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းလုံးဝမရှိပါ။ အချို့သော မသမာသူများက Yoma Marine Enterprise Co.Ltd ၏ ကိုယ်စားလှယ်ဟူ၍လည်းကောင်း၊ Yoma Marine Enterprise Co.Ltd နှင့် အတူတူဖြစ်သည်ဟူ၍လည်းကောင်း သဘော်သားအချို့ကို လိမ်လည်ဖျားယောင်းသွေးဆောင်ခေါ်ယူနေသည်ဟု သိရှိရပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းထွန်း Yoma Marine Enterprise Co.Ltd အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လိမ်လည် အသုံးပြုသူများအား ထိုကဲ့သို့ ဆက်လက်အသုံးမပြုရန်ပြင်းထန်စွာသတိပေး တားမြစ်အပ်ပါသည်။ အကယ်၍ လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများပြည်သူ သိရှိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးထွန်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်တင် LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၆/၈၅)
အမှတ်(၅၀)၊ ပထမထပ်၊ အခန်း(အေ-၇) ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၇၀၈၇၀၊ ၀၉- ၉၇၂၀၉၀၉၀၂

# ငွေကြေးစိုက်ထုတ်၍ အိမ်တိုင်ရာရောက် ဝန်ဆောင်ပေးမည်

နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များတွင် ပါရှိလိုသည့် လူကြီးမင်းတို့၏စီးပွားရေး၊ လူမှုရေး၊ သာရေး၊ နာရေးအစရှိသည့် ကြော်ငြာများအား ဒီဇိုင်းကိစ္စများ အပါအဝင်ကြော်ငြာပါရှိပြီးသည်အထိ ငွေကြေးစိုက်ထုတ်၍ တာဝန်ယူဆောင်ရွက်ပေးပြီး သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာပါရှိပြီးမှ ကြော်ငြာခကျသင့်ငွေပေးချေသည့် စနစ်ဖြင့် အိမ်တိုင်ရာရောက် ဝန်ဆောင်ပေးပါမည်။

ဖုန်း-၀၉-၇၉၅၆၁၆၉၇၅၊ ၀၉-၂၅၃၁၀၃၂၃၃

ဗလငါးတန် ဖွံ့ဖြိုးဖို့ ဓာအုပ်ဓာပေ ရှေ့လာစို့

# အမည်ပြောင်း

ရွှေပြည်သာမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade (VI) AII တွင် ပညာသင်ကြားနေသော ဦးမင်းမင်းဝင်း၏သား မောင်စည်သူအောင်အား ယနေ့မှစ၍ မောင်ဇေယျာလင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ချောင်းမြို့နယ်၊ အထက(ကမြိုင်)နဝမတန်းမှ မောင်အာကာလွင်(ခ)မောင်ဆောင်းမင်းခန့်၏ဖခင် ဦးနီလွင်နှင့်ဦးသိန်းညွန့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅H၊ လူနေရပ်ကွက်အမှတ်-ကျိုက္ကဆံ၊ မြေကွက်အမှတ်-၇၄၂၊ အကျယ်အဝန်း(၀. ၀၂၄)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ်(၆)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြကြည်[၁၂/ဗဟန(နိုင်)၀၆၅၃၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမိုးကျော်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၉၆၃၆

# သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(စ) နိုင်ငံတော်ကသဘောတူလက်ခံထားသော သက်ကြီးရွယ်အိုများ၏ အခွင့်အရေးဆိုင်ရာနိုင်ငံတကာကြေညာစာတမ်းများ၊ သဘောတူစာချုပ်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးရွယ်အိုသက်သေခံကတ်ပြားများ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ မှန်ကန်စေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) သက်ကြီးရွယ်အိုများ ကြုံတွေ့ရသည့်ပြဿနာများ၏ အခြေခံအကြောင်းအရင်းများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖော်ထုတ်နိုင်မည့်လေ့လာမှုများ၊ သုတေသနပြုခြင်းများ တိုးမြှင့်ဆောင်ရွက်ပြီး ထိရောက်သောလုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဈ) သက်ကြီးရွယ်အိုများ၏ ပြဿနာများ၊ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ပြည်သူများ နားလည်သဘောပေါက်စေရန် အသိပညာပေးခြင်း၊

(ည) စောင့်ရှောက်ရေးဌာနများ၊ အပန်းဖြေနားနေရန်နေရာများ၊ သက်ကြီးရွယ်အို နေ့ပိုင်း စောင့်ရှောက်ရေးဌာနများနှင့် ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း၊ လမ်းညွှန်ချက်များနှင့် စည်းကမ်းချက်များချမှတ်ခြင်း၊ လိုအပ်သောပံ့ပိုးမှုများပေးခြင်း၊

(ဋ) သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရေးသည် မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိသည်ဟူသောခံယူချက်တိုးပွားလာစေရန် ကျောင်းများနှင့် အခြားသင့်လျော်သောနေရာများတွင် ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အခြားအစီအစဉ်များ ပြုလုပ်ပေးခြင်း၊

(ဌ) သက်ကြီးရွယ်အိုများခံစားခွင့်ရှိသော ဝန်ဆောင်မှုများနှင့် ပတ်သက်၍ သတင်းအချက်အလက်များပေးခြင်း၊

(ဍ) မျိုးဆက်သစ်လူငယ်များကို သက်ကြီးရွယ်အိုဘဝအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်းသော အစီအမံများကို မိတ်ဆက်ပေးခြင်း၊ သင့်လျော်သော လူမှုဖူလုံရေးအစီအစဉ်များကို စတင်ဆောင်ရွက်ခြင်းနှင့် ၎င်းအစီအစဉ်များတွင် လူငယ်များပါဝင်လာရေးအတွက် တိုက်တွန်းအားပေးမှုပြုလုပ်ခြင်း၊

(ဎ) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများနှင့် ကောင်းကျိုးများအား ကာကွယ်ရန်၊ မြှင့်တင်ရန်နှင့် ခွဲခြားဆက်ဆံမှုများအား တားဆီးရန်အတွက် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဏ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရမည်။

၇။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၈။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့၏ကုန်ကျစရိတ်များကို ဝန်ကြီးဌာန၏ ဘဏ္ဍာငွေအရအသုံးငွေ စာရင်းမှ ကျခံရမည်။

**အခန်း (၄)**

**ဒေသဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) နိုင်ငံတော်၏သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာစီမံကိန်းကို မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ထိုစီမံကိန်းကို စောင့်ကြည့်ကွပ်ကဲနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အဆင့်သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ သက်ကြီးရွယ်အိုထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးဆိုင်ရာ အသင်းအဖွဲ့များမှကိုယ်စားလှယ်များပါဝင်သည့် ၁၅ ဦးထက်မပိုသော သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကိုဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအတွက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာ အစိုးရဌာနများ၊အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင့်လျော်သည့် ကိုးဦးထက်မပိုသောပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီများကို ဖွဲ့စည်းပေးရမည်။

(ခ) လိုအပ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ခရိုင်နှင့် မြို့နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၁။ ဒေသဆိုင်ရာကော်မတီများသည် မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏လမ်းညွှန်ချက်နှင့်အညီသက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်၏ သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေး ဆိုင်ရာစီမံကိန်းနှင့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဒေသ၏ဓလေ့ထုံးတမ်း၊ လူမှုအဖွဲ့အစည်း ကျင့်စဉ်များနှင့် လိုက်လျောညီထွေရှိစေမည့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ရေးနှင့် ကြည့်ရှုစောင့်ရှောက်ရေးအစီအစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ခ) ဤဥပဒေပါရည်ရွယ်ချက်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ဒေသဆိုင်ရာကော်မတီများ၏ ရုံးလုပ်ငန်းတာဝန်များကိုသက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများက ဆောင်ရွက်ပေးရမည်။

၁၃။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဒေသဆိုင်ရာကော်မတီများ၏ အဖွဲ့ဝင်သည် သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၁၄။ ဒေသဆိုင်ရာကော်မတီများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အရအသုံးငွေစာရင်းမှ ကျခံရမည်။

**အခန်း(၅)**

**သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများ**

၁၅။ သက်ကြီးရွယ်အိုတိုင်းသည် ဤဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာမှုတို့ကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့် ရှိစေရမည်။

၁၆။ သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများတွင် အောက်ပါတို့ပါဝင်သည်-

(က) အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့်မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုခံယူရေးတို့တွင်သင့်လျော်သောအထောက်အပံ့ရရှိခွင့်၊

(ခ) ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊

(ဂ) တစ်သီးပုဂ္ဂလ လွတ်လပ်ခွင့်၊ မိမိဘဝအတွက် ဆုံးဖြတ်ချက်များချမှတ်ရန်ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့်ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ခွင့်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များနှင့်အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်မှုများအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊

(င) သက်ကြီးရွယ်အိုဘဝ၌ သင့်တင့်သော ဝင်ငွေပုံမှန်ရရှိရေးနှင့်နေထိုင်မှုအဆင့်အတန်းရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊

(စ) စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီးနှင့်မြေးများထံမှ စရိတ်ထောက်ပံ့မှုရပိုင်ခွင့်၊

(ဆ) နိုင်ငံတော်နှင့်စေတနာရှင်များက ကူညီထောက်ပံ့သော သက်ကြီးရွယ်အို ထောက်ပံ့ငွေကိုရခွင့်၊

(ဇ) နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာသွားလာနိုင်ခွင့်နှင့် သင့်လျော်သောယာဉ်စီးခ လျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့်၊

(ဈ) ၎င်းတို့၏ရပ်ရွာအတွင်း၌ ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစုစောင့်ရှောက်မှုနှင့် အိမ်အခြေပြု၊ရပ်ရွာအခြေပြုစောင့်ရှောက်မှုဆိုင်ရာ အထောက်အကူများ ရပိုင်ခွင့်၊

(ည) ခွဲခြားဆက်ဆံခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ လျစ်လျူရှုခြင်း၊ စွန့်ပစ်ခြင်း၊ အမြတ်ထုတ်ခြင်းနှင့် မတရားပြုကျင့်ခြင်းစသည့်အချက်များမှ အကာအကွယ်ပေးမှုရရှိခွင့်၊

(ဋ) နာရေးကိစ္စဖြစ်ပေါ်သည့်အခါ ၎င်းတို့ ကိုးကွယ်ရာဘာသာဓလေ့ထုံးစံအရ သင်္ဂြိုဟ်ခွင့်နှင့် သင်္ဂြိုဟ်စရိတ်ကျခံရန် အခက်အခဲရှိသူသက်ကြီးရွယ်အိုများအတွက် စရိတ်ကင်းလွတ်ခွင့်၊

(ဌ) မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ခွင့်ပြုသော သက်ကြီးရွယ်အိုဆိုင်ရာ အခြားအခွင့်အရေးများ ရရှိခွင့်။

**အခန်း(၆)**

**မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ခြင်း၊ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် သားသမီးမြေးတို့၏ တာဝန်များ**

၁၇။ အရွယ်ရောက်သော မိသားစုဝင်သားသမီးနှင့် မြေးများသည်မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့်ပစ္စည်းများရှိလျှင် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိလျှင် -

(က) မိဘဘိုးဘွားများအား ၎င်းတို့၏ လိုအပ်သော စားဝတ်နေရေးနှင့် မိသားစုစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးစောင့်ရှောက်မှုတို့အတွက်သားသမီးနှင့်မြေးများ၏ဝတ္တရားနှင့်အညီ စရိတ်ထောက်ပံ့ရန်နှင့် ပုံမှန်ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ခ) မိဘဘိုးဘွားများအား စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့်ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့်စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအားသတ်မှတ်ချက်များနှင့်အညီ လစဉ်သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်။

၁၈။ သားသမီးနှင့် မြေးတို့က စွန့်ပစ်ထားခြင်း သို့မဟုတ် လျစ်လျူရှုပြီး မထောက်ပံ့ခြင်းကြောင့် ဆင်းရဲချို့တဲ့သည့် သို့မဟုတ် မိမိကိုယ်တိုင် ရပ်တည်နိုင်ခြင်းမရှိသည့် စရိတ်ထောက်ပံ့မှု လိုအပ်သောမိဘ ဘိုးဘွားကဖြစ်စေ၊ ၎င်းတို့၏ ဆွေမျိုးမိတ်ဆွေကဖြစ်စေ၊ ၎င်းတို့၏ကိုယ်စား ရပ်မိရပ်ဖသို့မဟုတ် ဘိုးဘွားရိပ်သာတာဝန်ခံပုဂ္ဂိုလ်ကဖြစ်စေ မိဘဘိုးဘွားများအား စရိတ်ထောက်ပံ့ရန် လုံလောက်သောငွေကြေးနှင့် ပစ္စည်းများရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်နိုင်ပြီး ထောက်ပံ့နိုင်စွမ်းရှိသည့် အရွယ်ရောက်သောသားသမီး သို့မဟုတ် မြေးများကလစဉ်သို့မဟုတ် တစ်လုံးတည်း စရိတ်ထောက်ပံ့ရန် ယင်းတို့အပေါ် သက်ဆိုင်ရာတရားရုံးတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၁၉။ ပုဒ်မ ၁၈ အရ လျှောက်ထားမှုတွင် လျှောက်ထားခံရသူသားသမီး သို့မဟုတ် မြေးသည် မိဘ ဘိုးဘွားကို စရိတ်ထောက်ပံ့ရန် တာဝန်ရှိသော လျှောက်ထားခံရသူ မိမိအပြင် အခြားသားသမီးများ၊ မြေးများရှိပါက ယင်းတို့ကို ပူးတွဲလျှောက်ထားခံရသူအဖြစ် ထည့်သွင်းပေးရန် တရားရုံးသို့ တောင်းဆိုခွင့်ရှိသည်။

၂၀။ သက်ဆိုင်ရာ တရားရုံးသည် -

(က) ပုဒ်မ ၁၈ အရ စရိတ်ထောက်ပံ့ရန် လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး လျှောက်ထားခံရသူကလုံလောက်သောအကြောင်းမရှိဘဲ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများအား လစဉ်သို့မဟုတ် တစ်လုံးတည်းစရိတ်ထောက်ပံ့ရန်ပျက်ကွက်ကြောင်း သက်သေခံအထောက်အထားအထင်အရှားတွေ့ရှိပါက လျှောက်ထားခံရသူကို မိဘဘိုးဘွားတစ်ဦးလျှင် လစဉ် ကျပ် ၅၀၀၀၀ ထက်မပိုသော စရိတ်သို့မဟုတ် တစ်လုံးတည်း စရိတ်ကို ပေးစေရန် အမိန့်ချမှတ်နိုင်သည်။ ထိုသို့ချမှတ်သည့် စရိတ်ကို ပေးဆောင်ရန် ပျက်ကွက်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဒဏ်ငွေမဆောင် ပျက်ကွက်သကဲ့သို့ မှတ်ယူ၍ ငွေဒဏ်အရကောက်ခံခြင်းတို့ စီရင်ပိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့် ချမှတ်ပြီးနောက် ပြောင်းလဲလာသည့် အခြေအနေအရလျှောက်ထားခံရသူက ၎င်း၏ဝင်ငွေ လျော့နည်းလာကြောင်း သို့မဟုတ် ဝင်ငွေမရှိကြောင်းခိုင်လုံသော အထောက်အထားများဖြင့် တင်ပြပြီး စရိတ်လျှော့ပေါ့ ခွင့်ပြုရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားလာပါက သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ပြင်ဆင်၍ ချမှတ်နိုင်သည်။

၂၁။ မြန်မာနိုင်ငံသက်ကြီးရွယ်အိုများဆိုင်ရာကော်မတီသည် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီတို့သည် စရိတ်ထောက်ပံ့မှု လိုအပ်သော မိဘဘိုးဘွားများအား သားသမီးနှင့်မြေးတို့က စရိတ်ထောက်ပံ့ရန် လုံလောက်သော ငွေကြေးနှင့် ပစ္စည်းများမရှိသည့် သို့မဟုတ် အလုပ်လုပ်ကိုင်ပြီး ထောက်ပံ့နိုင်စွမ်းမရှိသည့် ကိစ္စတွင်လည်းကောင်း၊ စရိတ်ထောက်ပံ့မည့် သားသမီးနှင့်မြေးများ မရှိသည့် ကိစ္စတွင်လည်းကောင်း ရန်ပုံငွေမှ ထိုက်သင့်သောအထောက်အပံ့အကူအညီ ပေးနိုင်ရန် လိုအပ်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

**အခန်း(၇)**

**သက်ကြီးရွယ်အိုများအား ထောက်ပံ့ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် ယေဘုယျတာဝန်ဝတ္တရားများ**

၂၂။ အိမ်အခြေပြု ရပ်ရွာအခြေပြု စောင့်ရှောက်မှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများသည်ရပ်ရွာအတွင်းရှိသက်ကြီးရွယ်အိုများကို အိမ်အခြေပြု ရပ်ရွာအခြေပြု စောင့်ရှောက်မှုပေးရေးအတွက်ယေဘုယျအားဖြင့်အောက်ပါတာဝန်ဝတ္တရားများ ရှိကြသည် -

(က) သက်ကြီးရွယ်အိုများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတက်ကြွရေးအတွက် ဝိုင်းဝန်းအားပေးပြီး ကြည့်ရှုစောင့်ရှောက်မှုပေးရမည်။

(ခ) စရိတ်ထောက်ပံ့မှု လိုအပ်သော သက်ကြီးရွယ်အိုများအား မိမိတို့ တတ်စွမ်းနိုင်သမျှ စရိတ်ထောက်ပံ့ခြင်းနှင့် ကြည့်ရှုစောင့်ရှောက်ခြင်းတို့ ပြုရမည်။

(ဂ) သက်ကြီးရွယ်အိုများအား လူမှုရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ကို လူမှုရေးလှုပ်ရှားမှုအသွင်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(ဃ) သက်ကြီးရွယ်အိုများ၏ အခွင့်အရေးများအား ကာကွယ်ရေးနှင့် ၎င်းတို့၏လိုအပ်ချက်များအား ဖြည့်ဆည်းပေးရေးအတွက် လူမှုရေးအသိစိတ်ဖြင့် စီစဉ်ဆောင်ရွက်ရမည်။

(င) လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်သည့် ဖြစ်စဉ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ အမြင်များကို သိရှိအောင် ဆောင်ရွက်ပြီး သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ပြုစုစောင့်ရှောက်ခြင်းနှင့်လေးစားခြင်းတည်းဟူသော လူမှုတန်ဖိုးထားမှုများကိုကျောင်းများအပါအဝင် အများပြည်သူအား အသိပညာပေးမှု မြှင့်တင်ဆောင်ရွက်ရမည်။

(စ) သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုများကို အားပေးကူညီရမည်။

(ဆ) အိမ်နီးချင်းအပြန်အလှန်ကူညီသော ရိုးရာအစဉ်အလာစေတနာ့ဝန်ထမ်း စိတ်ဓာတ်အားမြှင့်တင်ရန်နှင့် အကူအညီလိုအပ်သော သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရန်အတွက် သက်ကြီးရွယ်အိုများ၏ အိမ်နီးချင်းများကို အားပေးတိုက်တွန်းရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကရင်ပြည်နယ်အတွင်းရှိမြို့နယ်အားလုံးတွင် မူးယစ်ဆေးစွဲသူများဆေးဖြတ်ရန် ကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်သွားမည်



## ဆီမီးလောင်မှု ဇာတ်တိုက်လေ့ကျင့်

**မြစ်ကြီးနား ဇန်နဝါရီ ၁**

မီးလောင်မှု အမျိုးအစားများထဲတွင် စက်သုံးဆီမီးလောင်မှုသည် လျင်မြန်စွာ ကျယ်ပြန့်သည့် မီးလောင်မှုအဖြစ်သို့ ရောက်ရှိရုံမက မီးငြိမ်းသတ်သူများကိုလည်း ထိခိုက်ဒဏ်ရာရရှိနိုင်သော အမျိုးအစားဖြစ်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လက်ဦးမှုရယူ၍ စနစ်တကျ လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန၏ ဆီမီးလောင်မှု ဇာတ်တိုက်လေ့ကျင့်ခန်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနော ဥယျာဉ် ၆၃ ဧကကွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု ကြီးမားပျံ့နှံ့မှုမရှိခင် ခေတ်မီမီးငြိမ်းသတ်ရေးပစ္စည်း Water Mist Gum ဖြင့် ငြိမ်းသတ်သရုပ်ပြသပြီး မီးငြိမ်းသတ်ယာဉ်များဖြင့် အပူရှိန်မြင့်မားသည့် ဆီမီးတောက်လောင်မှုကို ပတ်ဝန်းကျင်အအေးပေးစနစ်အတွက် ရေမှုန်ရေမွှားပိုက်များဖြင့်လည်းကောင်း၊ အဓိက ဆီမီးလောင်မှုကို အမြှုပ်ဆေးရည်သုံးပိုက်ဖြင့်လည်းကောင်း မီးငြိမ်းသတ်သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆီမီးလောင်မှု ဇာတ်တိုက်လေ့ကျင့်ခန်း သရုပ်ပြ မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် အသင့်အနေအထားရှိရန် လိုအပ်သကဲ့သို့ မီးလောင်မှုဖြစ်ပွားချိန်တွင် ယခုကဲ့သို့ လျင်မြန်ပြီးသတိရှိစွာ ငြိမ်းသတ်နိုင်ရန်အတွက် လေ့ကျင့်မှုများစွာ ပြုလုပ်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးစွဲသူများ မိမိတို့သဘောဆန္ဒအရ ဆေးဖြတ်နိုင်ရန် ကရင်ပြည်နယ် ကုသရေးဦးစီးဌာန (ဘားအံပြည်သူ့ဆေးရုံ)၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ (MANA)တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင်၌ မူးယစ်ဆေးစွဲရောဂါကုသမှု ရက်တိုသင်တန်းဖွင့်လှစ်ခဲ့ရာ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးသုံးစွဲသူများ မြင့်တက်လျက်ရှိရာ ဖမ်းဆီးအရေးယူခြင်းအပြင် ကုသမှုပိုင်းဆိုင်ရာများဖြင့် ပူးတွဲလုပ်ဆောင်ရန် လိုအပ်လျက်ရှိရာ ကရင်ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် စီစဉ်ဆောင်ရွက်မှုတွင် အလေးထား ပူးတွဲပါဝင်သွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ထောင်နှင့် အချုပ်ခန်းများတွင် မူးယစ်ဆေးမှုဖြင့် အကျဉ်းကျခံနေရသူ များပြားနေကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ပြောကြားချက်များအရ သိရသည်။

" ဆေးစွဲတဲ့သူတစ်ယောက် မကောင်းမှန်းသိလို့ ဆေးဖြတ်ချင်တဲ့ သူတစ်ယောက်ကို ကျွန်တော်တို့က ဆေးရုံမပို့နိုင်ဘူးဆိုရင် ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ ဒီလူတွေအတွက်ရည်မှန်းပြီး ဒီနေ့သင်တန်းကိုလုပ်တာပါ ကရင်ပြည်နယ်ဝန်ကြီးချုပ်ကလည်း ဆေးစွဲသူတွေ ဆေးဖြတ်ကုသနိုင်ဖို့ မြေနေရာချထားပေးတာရှိတယ်။ ဒီမိုကရေစီခေတ်မှာ အချုပ်ခန်းတွေ လူလျှော့သွားရမယ့်ဆိုတဲ့ဟာ တိုးလာနေတာက ကျွန်တော်တို့ အားနည်းချက်ပါပဲ။ ဒါကြောင့် ဥပဒေပြင်ဆင်ရမယ်ဆိုတာ သုံးစွဲတဲ့လူတွေဆိုရင် ကမ့်တွေမှာပို့ပြီး ဆေးဖြတ်ခိုင်းရမယ်။ ပြီးရင် ပြန်သွား၊ ရောင်းချတဲ့လူတွေဆိုရင် ထောင်ထဲကိုသွား" ဟု ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းက ပြောသည်။

ထို့ပြင် လက်ရှိ ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်၍ မူးယစ်ဆေးဝါးသုံးစွဲသူများကို ဖမ်းဆီးခဲ့ရာတွင် တက္ကသိုလ်ကျောင်းသားများ၊ လူငယ်များနှင့် ဝန်ထမ်းများကိုပါ ဖမ်းဆီးရမိခဲ့ကြောင်း၊ သုံးစွဲသူများကိုလည်း ဥပဒေအရ ဖမ်းဆီး၊ ထောင်ချခြင်းများကြောင့် လူငယ်များ၏ အနာဂတ်အား ရိုက်ချိုးရာရောက်သဖြင့် သား၊ သမီးချင်းစာနာ၍ ၎င်းအနေဖြင့် စိတ်မကောင်းဖြစ်မိကြောင်း၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးခြင်းကို ပြည်နယ်အတွင်း ဖမ်းဆီးရုံသက်သက်မဟုတ်တော့ဘဲ ကုသရေးဘက်ကပါ မြင့်လာလျှင် ဟန်ချက်ညီညီ တိုးတက်သွားမည်ဟု ယူဆမိဖြစ်ကြောင်း၊ ဆရာဝန်ကြီးများ၊ ဆရာမများ၏ မူးယစ်ဆေးစွဲရောဂါကုသရေးလုပ်ငန်းများတွင် ၎င်းတို့ရဲတပ်ဖွဲ့မှ လုပ်ဆောင်နိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က "မူးယစ်ဆေးစွဲတဲ့ပြဿနာက တော်တော်ကြီးတဲ့ ပြဿနာမို့ တစ်နိုင်ငံလုံးအတိုင်းအတာထိရှိနေတယ်။ အသိပညာပေးရုံနဲ့ မလုံလောက်တော့ဘူး။ အခုဆိုရင် ကရင်ပြည်နယ်ရဲ့ မြို့နယ်ခုနစ်မြို့နယ်က တာဝန်ခံ ဆရာဝန်တွေကို သင်တန်းပေးဖို့ခေါ်ယူထားတယ်။ သူတို့ကို ရက်တိုသင်တန်းပေးမှာဖြစ်တယ်။ ကုသမှုအပိုင်းမှာ အခက်အခဲတွေရှိပေမယ့် အဲဒါကို ကျွန်တော်တို့က ပူးပေါင်းဖြေရှင်းသွားရမှာပဲ။ အဓိကလိုအပ်တဲ့ ဆေးတွေကိုလည်း စီစဉ်ပေးမယ်။ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ Guide Line လည်းပေးမယ်။ ပြီးတော့ Procedure တစ်ခါတည်း လွှဲပေးလိုက်မှာပါ" ဟုပြောသည်။

ထို့နောက် စိတ်ကျန်းမာရေးတာဝန်ခံ ဆရာဝန် ဒေါက်တာစိုင်းကျော်ခမ်းမောင်က "ကျွန်တော်တို့ စိတ်ကျန်းမာရေးဌာနကို ပုံမှန်အားဖြင့် လူနာ ၃၀ ကျော်လောက် လာရောက်ကုသကြပါတယ်။ ကာယကံရှင် ဆေးစွဲသူတွေရဲ့ဆန္ဒနဲ့ လာကြတာတော့ မဟုတ်ဘူး။ အခြေအနေဆိုးလာတဲ့အချိန် နောက်ဆုံးအဆင့်ကျမှ မိဘတွေက လာရောက်ပို့ဆောင်ကုသကြတာ များပါတယ်။ ကျွန်တော်တို့ ဖြစ်စေချင်တာက မူးယစ်ဆေးဝါးရဲ့ မကောင်းကျိုးတွေ သိနေပြီဆိုရင် ကိုယ်တိုင်ဆန္ဒ၊ ကိုယ်တိုင်အသိစိတ်နဲ့ လာရောက်ဆေးဖြတ် စေချင်တယ်။ အဲဒါတွေ လုပ်ဆောင်နိုင်အောင်လည်း ကျွန်တော်တို့ တိုးချဲ့ဆောင်ရွက်သွားမှာပါ" ဟုပြောသည်။

ကရင်ပြည်နယ်အတွင်း မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် စီမံဆောင်ရွက်မှုတွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ (MANA) မှ ငွေကြေးပံ့ပိုး ကူညီသွားမည်ဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးတွင် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်ရန် ကုသရေးဌာနများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# တရုတ်–အာဆီယံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များဖိုရမ် မြန်မာနိုင်ငံမှ ကုန်သည်ကြီးများတက်ရောက်

**မန္တလေး ဇန်နဝါရီ ၁**

တရုတ်-အာဆီယံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ဖိုရမ်အား တရုတ်နိုင်ငံ စစ်ဆောင်ပနားမြို့တွင် ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပရာ တရုတ်နှင့်အာဆီယံနိုင်ငံများမှ စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ ကုန်သည်များ၊ တရုတ်နိုင်ငံ ကူမင်းမြို့အခြေစိုက် မြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မန္တလေးမြို့၊ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံမှ ကုန်သည်ကြီးများ တက်ရောက်ကြသည်။

ယခုနှစ်သည် တရုတ်နှင့် အာဆီယံနိုင်ငံများ ဆက်ဆံသည့် ၂၅ နှစ်မြောက်ဖြစ်ပြီး တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ အကြီးဆုံး စီးပွားကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ နှစ်စဉ်ကုန်သွယ်မှု ကန်ဒေါ်လာ ဘီလီယံ ၁၆၀ ထိရှိပြီး အဓိကအားဖြင့် ဘဏ္ဍာရေး၊ ခရီးသွား၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဖိုရမ်၊ Think Tank အစရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အား ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးထားကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် မြေငှားရမ်းခြင်းကို ပြုလုပ်နိုင်ကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား လျှပ်စစ်စွမ်းအင်၊ သတ္တုတွင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားရာ ကုမ္ပဏီ ၁၃၁ ခုက ကန်ဒေါ်လာ ၁၈ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသည်ဟု မြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်က ဆွေးနွေးပြောကြားခဲ့သည်။

**၀၀၂**



# ကော့သောင်းမြို့ရေပေးဝေရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကြည့်ရှု

**ကော့သောင်း ဇန်နဝါရီ ၁**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများသည် မြို့သောက်သုံးရေပေးဝေရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများအား ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နှစ်စဉ်နွေရာသီတွင် သောက်သုံးရေ အခက်အခဲဖြစ်လေ့ရှိသည့် ကော့သောင်းမြို့နေပြည်သူများ သောက်သုံးရေလိုအပ်ချက်များအား ဖြည့်ဆည်းပေးမည့် အဆိုပါ ရေပေးဝေရေးစီမံကိန်းအား ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာချေးငွေ JICA အစီအစဉ်ဖြင့် Road Master ကုမ္ပဏီမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပင်မရေအရင်းအမြစ်ရရှိနိုင်မည့် ယင်းဝါရေလှောင်တမံ ရေစစ်ကန်တည်ဆောက်ပြီးစီးမှု၊ မြို့ပေါ်ရပ်ကွက်များသို့ ရေပိုက်လိုင်းသွယ်တန်းမှု၊ ဘုရင့်နောင်ကုန်းမြေ ရေစုကန်တည်ဆောက်ပြီးမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး တာဝန်ရှိသူများအား အကြံပြုတိုက်တွန်းသည်။

အဆိုပါစီမံကိန်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် မတ်လ အတွင်းပြီးစီးရန်လျာထားပြီး မြို့ပေါ်ရပ်ကွက် ပြည်သူများထံသို့ သောက်ရေ၊ သုံးရေများဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## လူငယ်ပရဟိတ သွေးလှူရှင်များအဖွဲ့သို့ငွေလှူ




**ကျောက်တန်း ဇန်နဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ပညာရည်မြှင့်တင်မှုကော်မတီမှ တံတားမြို့ရှိ မေတ္တာသင်္ဂဟ လူငယ်ပရဟိတသွေးလှူရှင်များအဖွဲ့သို့ ပရဟိတလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒီဇင်ဘာ ၂၉ ရက်က အလှူငွေကျပ် ၃၀၀၀၀၀ ကို ပေးလှူခဲ့ရာ မေတ္တာသင်္ဂဟအသင်း၏ နာယကတစ်ဦးဖြစ်သူ ဦးဝင်းမြင့်ဦးနှင့် အဖွဲ့ဝင်လူငယ်လေးများက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ပညာရည်မြှင့်တင်မှုကော်မတီသည် တံတားမြို့ အ-ထ-က ကျောင်းသို့ ၆၅၀၀၀၀ ကျပ်၊ မူလတန်းကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ဓမ္မစကူးကျောင်းတို့အား တစ်ကျောင်းလျှင် ငွေကျပ် ၂၅၀၀၀၀ စီနှင့် မူကြိုကျောင်းသို့ ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# ဘီးလင်းမြို့နယ် သိမ်ငှုလယ်မြေအတွင်း ဆားထုတ်လုပ်ခြင်း လုပ်ငန်းအားပိတ်သိမ်းရပ်ဆိုင်း



**ဘီးလင်း ဇန်နဝါရီ ၁**

သထုံခရိုင် ဘီးလင်းမြို့တွင် နှစ်စဉ်ဒေသခံ တောင်သူများ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေခဲ့သည့် သိမ်ငှုလယ်မြေအတွင်း ဆားလုပ်ငန်း လုပ်ကိုင်နေမှုကို မွန်ပြည်နယ် အစိုးရအဖွဲ့က ဒီဇင်ဘာ ၂၆ ရက် ရက်စွဲပါစာဖြင့် ဆားလုပ်ငန်းကိုရပ်ဆိုင်းပေးရန် ဆားလုပ်ငန်းရှင်ထံသို့ အသိပေးအကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်မြေအတွင်း လယ်မြေဧက (၂၀၀) ခန့်ကို ဆားလုပ်ငန်းရှင်တစ်ဦးမှ ငါးနှစ်အတွင်း နေလှန်းဆားချက်လုပ်ခဲ့သောကြောင့် မရမ်းကုန်း၊ ပိုင်တန်လေး၊ ရွာတန်းရှည်၊ ငါးဘတ်ချောင်း၊ ကော့ဘိန်းကျေးရွာများက ဒေသခံပြည်သူများအတွက် အကျိုးစီးပွားကို နှစ်စဉ်ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်းသိရသည်။

ယင်းမြေအမျိုးအစားသည် (R) မြေအမျိုးအစားဖြစ်၍ စပါးစိုက်ပျိုးမြေဖြစ်သောကြောင့် အခြားနည်းသုံးခွင့်ပြုထားသည့် မြေမဟုတ် သောကြောင့် ဆားလုပ်ငန်းကို လုပ်ကိုင်ခွင့်မပြုကြောင်းလည်း ဘီးလင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီထံမှ သိရသည်။

**နေသွေး(ဘီးလင်း)**

## ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးနှင့်အဖွဲ့ တာချီလိတ်မြို့ရေပေးဝေရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းသည် တာဝန်ရှိသူများနှင့်အတူ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနနှင့် တာချီလိတ်(ရှမ်းအရှေ့) ရေပေးဝေရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာတတိယပတ်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်လျက်ရှိသည့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးဌာနမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ အင်ဂျင်နီယာမှူး ဦးလှမျိုးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ တာချီလိတ်ရေပေးဝေရေးလုပ်ငန်းအား တာချီလိတ်မြို့နှင့် ၁၀ မိုင်ခန့်အကွာ လွယ်တော်ခမ်းကျေးရွာအုပ်စုအတွင်း မယ်ဆိုင်နွဲ့ချောင်းဖျားတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများ ၈၉ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းမှစတင်၍ မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်ရှိ အိမ်ထောင်စုများသို့ ရေပိုက်လိုင်းများဖြင့် သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် ရက်ကန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဇန်နဝါရီ ၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းများနှင့် စာရင်းဇယားများရေးသွင်းထားမှု အခြေအနေများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများက ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ခံဘူးကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ ဖလန်ကျင်းကျေးရွာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



မိတ္ထီလာခရိုင်နှင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဝမ်းတွင်းမြို့နယ်ရှိ မြစိမ်းရောင်စီမံကိန်းဝင် ခံဖူးကျေးရွာ၊ ပြည်တော်သာကျေးရွာနှင့် ဖလန်ကျင်းကျေးရွာများသို့ ကွင်းဆင်း၍ စာရင်းဇယားများ ရေးသွင်းထားမှုအား စစ်ဆေးပြီး လိုအပ်သည်များ ပြင်ဆင်ပေးခြင်း၊ ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်း တစ်ခုဖြစ်သည့် ရက်ကန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းဝင်ဖြစ်သည့် ခံဘူးကျေးရွာသည် အိမ်ခြေ ၂၄၅ အိမ်၊ လူဦးရေ ၉၇၁ ဦးရှိပြီး ပြည်တော်သာကျေးရွာမှာ အိမ်ခြေ ၁၉၂ အိမ်၊ လူဦးရေ ၇၅၈ ဦးနှင့် ဖလန်းကျင်းကျေးရွာတွင် အိမ်ခြေ ၁၉၄ အိမ်၊ လူဦးရေ ၉၃၂ ဦးရှိခဲ့ရာ ၎င်းကျေးရွာများသည် ယခင်က စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြို့နယ်၏အဓိကကုန်ထုတ်လုပ်ငန်း တစ်ခုဖြစ်သည့် ရက်ကန်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရာမှ စီးပွားဖြစ်လုပ်ကိုင်လာနိုင်ကြောင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အောင်ချက်မြင့်မားစေရေး ခရိုင်အဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**အင်းတော် ဇန်နဝါရီ ၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် အထက်တန်းနှင့် အလယ်တန်းအဆင့် ဆရာ/ဆရာမများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်အောင်ချက်မြင့်မားရေး ခရိုင်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အထက်တန်းကျောင်းနှင့် အ-ထ-က (ခွဲ) ရေတွင်းကုန်းကျောင်းတို့တွင် ဒီဇင်ဘာ ၂၆ ရက်မှစ၍ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

အလယ်တန်းဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ၂၆ ရက်မှ ၂၈ ရက်ထိ အင်းတော် အ-ထ-က ကျောင်းတွင်လည်းကောင်း၊ အထက်တန်းဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက် ထိ အ-ထ-က (ခွဲ) ရေတွင်းကုန်းကျောင်းတွင်လည်းကောင်း ခရိုင်ပညာရေးမှူးကြီးကြပ်၍ အင်းတော်မြို့နယ်အတွင်းရှိ အလယ်တန်းဆင့်သင် ဆရာ၊ ဆရာမ ၂၀၈ ဦးနှင့် အထက်တန်းဆင့်တွင် ဗန်းမောက်မြို့နယ်နှင့် အင်းတော်မြို့နယ်ရှိ ဆရာ၊ ဆရာမ ၁၇၀ ဦးခန့်တက်ရောက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာသင်ကြားရေးတွင် စွမ်းဆောင်ရည်မြင့်မား၍ ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားစေရေးအတွက် နည်းပြဆရာများက ဘာသာရပ်အလိုက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင်**

## တောင်တွင်းကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

**တောင်တွင်းကြီး ဇန်နဝါရီ ၁**

ပွင့်လင်းခြောက်သွေ့သော ရာသီရောက်ရှိလာပြီဖြစ်သဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ် ၁၀ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၇၂ အုပ်စု၊ ကျေးရွာပေါင်း ၂၈၀ ရွာနှင့်ဈေးများ စက်သုံးဆီအရောင်းဆိုင်များတွင် မီးလောင်မှုမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေးက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ၊ မြို့ပေါ် (၁၀)ရပ်ကွက်မှ မီးသတ်ကားများ၊ ရေသယ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် မြို့နယ်ခန်းမအတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြလေ့ကျင့်မှုတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**



## ရေးမြို့နယ်တွင် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ဆွေးနွေး

**ရေး ဇန်နဝါရီ ၁**

မွန်ပြည်နယ် ရေးမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စီးပွားရေးလုပ်ငန်းရှင်များက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည် ။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ညွန့်က အမှာစကားပြောကြားပြီး မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက တန်းဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်လာခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမေစန်းချိုက ဆေးဝါး၊ဆေးပစ္စည်းနှင့် အလှကုန်ဖြန့်ဖြူးရောင်းချသူများအတွင်း ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရေးနှင့် ထိန်းညှိဆောက်ရွက်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်နယ်စားသုံးသူရေးရာ ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်မှ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွဋ်ထွဋ် (ရေး)**

## ပုသိမ်ကြီးမြို့နယ်တွင် မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၁**
မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာအုပ်စုရှိ မိုးစပါး ဧရာမင်း မျိုးသန့် စံပြကွက် ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၂၉ ရက်က ကွင်းအမှတ် (၅၀၃) တောင်သူ ဦးမျိုးသန့်၏ လယ်မြေ၌ ကျင်းပခဲ့သည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်သီတာအောင်၊ မြို့နယ်စက်မှုလယ်ယာ ဦးစီးမှူးဦးမြင့်ဌေးနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါရိတ်သိမ်းသည့် မျိုးသန့်မျိုးပွားဧရာမင်း မိုးစပါးစံပြကွက်တွင် သုည ဒသမ ၁၀ ဧကကွက်ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှတင်း ၁၂၀ အထိ ထွက်ရှိကြောင်းသိရသည်။**စာနည်ကိုကို**





## မင်းဘူးမြို့တွင် ရွေ့လျားဆေးကုသယာဉ်ဖြင့် အခမဲ့ကွင်းဆင်း ဆေးကုသမှုပေး

**မင်းဘူး ဇန်နဝါရီ ၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် မြို့နယ်လူမှုဖူလုံရေးရုံးနှင့် သုခမင်္ဂလာဆေးခန်းတို့ ပူးပေါင်း၍ လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအား ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် အခမဲ့ကွင်းဆင်းဆေးကုသမှုပေးခြင်းကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်လျှစ်စစ်ရုံးဝင်းအတွင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသယာဉ်တွင် မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်လွင်လွင်ခိုင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာကောင်းခန့်ဝေတို့ဦးစီးသော အဖွဲ့ဝင် ခုနစ်ဦးနှင့် ရွေ့လျားဆေးကုသယာဉ် ဒေါက်တာရဲမင်းအောင် ခေါင်းဆောင်သော ဆေးကုသဝန်ထမ်း ၁၂ ဦးတို့ လိုက်ပါခဲ့ကြပြီး လူမှုဖူလုံရေး အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများရှိ အာမခံအလုပ်သမား ၁၅၀ အား အခမဲ့ဆေးကုသဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဒီဇင်ဘာ ၂၆ ရက်က ထန်းကိုင်းရေနံမြေမှ အာမခံအလုပ်သမား ၉၁ ဦးအား အခမဲ့ဆေးကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးပြည့်**

## ဆောင်းတွင်းသီးနှံပေါ်ချိန် ကုန်စိမ်းနှင့် စပါးသယ်တောင်းများ အရောင်းတွင်ကျယ်



**မန္တလေး ဇန်နဝါရီ ၁**
ဆောင်းတွင်းကာလ ပန်းမုန်လာပေါ်ချိန်နှင့် စပါးပေါ်ချိန်များတွင် ကုန်စိမ်းတောင်းဖြစ်သည့် လေးကွင်းတပ် ထန်းလျှော်တောင်းနှင့် စပါးသယ်သည့် တစ်တင်းခွဲဝင်တောင်များ ရောင်းအားကောင်းလျက်ရှိသည်။ လေးကွင်းတပ် ကုန်စိမ်းတောင်း (ပန်းမုန်လာတောင်း) တစ်လုံးလျှင်ငွေကျပ် သုံးထောင်ဖြင့်ရောင်းချပြီး စပါးသယ်သည့် တစ်တင်းခွဲဝင် တောင်းတစ်တောင်းလုံးလျှင် ငွေကျပ်နှစ်ထောင့်ငါးရာဖြင့် ရောင်းချလျက်ရှိသည်။

ကျေးလက်ဒေသများ၌ ကုန်စည်သယ်ဆောင်မှုတွင် အသုံးများသော ပစ္စည်းမှာ ထန်းလျှော်တောင်းများပင်ဖြစ်သည်။ ထန်းလျှော်တောင်းများကို နွားစာသယ်ခြင်း၊ ကောက်ပဲသီးနှံမျိုးစုံသယ်ယူခြင်း၊ ဈေးတောင်းပြုလုပ်ခြင်း၊ သရက်သီးထည့်ခြင်း၊ နွားချေးကျုံးတောင်းပြုလုပ်ခြင်း၊ မြေတူးကျောက်သယ်တောင်းများ ပြုလုပ်ခြင်းမှအစ သယ်ယူပို့ဆောင်မှု လုပ်ငန်းတွင် ထန်းလျှော်တောင်းကို တွင်ကျယ်စွာအသုံးပြုကြသည်။

ထန်းလျှော်တောင်း ရက်လုပ်သည့် လုပ်ငန်းမှာ မိသားစုလုပ်ငန်းဖြစ်ပြီး ထန်းလျှော်သပ်သူ၊ တောင်းရက်သူ စသည်ဖြင့် မိသားစုစုပေါင်းလုပ်ဆောင်ကြရသည်။ ထန်းလျှော်တောင်းများကို ရာသီအလိုက်ပုံစံ ငါးမျိုးလောက် ရက်လုပ်ပြီး ရောင်းချလေ့ရှိသည်။ အများစုက နွားချေးကျုံးတောင်း၊ တစ်တင်းဝင်တောင်း၊ တစ်တင်းခွဲဝင်တောင်း၊ နှစ်တင်းဝင်တောင်း၊ ခွဲတောင်းများအဖြစ် ရက်လုပ်ကြသည်။လက်ရှိကာလ ဆောင်းတွင်းပိုင်း ပန်းမုန်လာပေါ်ချိန်နှင့် စပါးပေါ်ချိန်တွင် လေးကွင်းတပ် ကုန်စိမ်းတောင်းနှင့် နှစ်ကွင်းတပ် စပါးသယ်တောင်းများ ရောင်းအား ကောင်းလျက်ရှိသည်။ **နွေနဒီ(မြစ်ငယ်)**

## (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**
နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဒီဇင်ဘာ ၂၇ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

စာအုပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြည်သူ့စာကြည့်တိုက်အနီးရှိ သာစည်ကျေးရွာ၊ ရွှေတွင်းကုန်းကျေးရွာနှင့် ဗောဓိမြိုင်ကျေးရွာတို့မှ ကျောင်းသား၊ ကျောင်းသူများအား တီထွင်ကြံဆသည့်အတွေးအခေါ်နှင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထရရှိစေရန် ဂိမ်းကစားခြင်း၊ စက္ကူအရုပ်များပြုလုပ်ခြင်း၊ ဆေးရောင်ခြယ်ခြင်းနှင့် ပန်းချီရေးဆွဲခြင်းများ လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဓာတ်ပုံများနှင့် ကျောင်းသား၊ ကျောင်းသူလေးများ စိတ်ကူးပုံဖော်ရေးဆွဲထားသော ပန်းချီများအား စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆောင်းရာသီတွင် ထန်းမြူအိုးများ အရောင်းသွက်

**တပ်ကုန်း ဇန်နဝါရီ ၁**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်တွင် အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သည့် မိသားစုဝင်များ ဆောင်းရာသီ ထန်းရည်ပေါ်ချိန်တွင် ထန်းမြူအိုးများ ရောင်းအားကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခင်က ဘုရားပန်းအိုး၊ အလှပန်းအိုး၊ သောက်ရေအိုး၊ ဟင်းအိုး၊ ကောက်ညှင်းပေါင်းအိုး၊ ပန်းကန်ဆေးအင်တုံ၊ ဆီမီးခွက် အစရှိသောအိုးများကို ပုံမှန်ရောင်းချရပြီး ယခုအခါ ထန်းရည်ပေါ်အချိန်တွင် ထန်းရည်မြူအိုးများ အရောင်းသွက်ကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ထန်းမြူအိုးကို တစ်ရက်လျှင် အိုးကြမ်းအလုံး ၆၀ ခန့်အထိ ပြီးစီးအောင်ပြုလုပ်နိုင်ကာ အခြောသတ်အနေဖြင့် အလုံး ၃၀ ခန့်သာပြီးစီး၍ မြို့နယ်အတွင်းမှ ထန်းရည်ဆိုင်၊ ထန်းတက်လုပ်ငန်းရှင်များက လာရောက်ဝယ်ယူကာ တစ်လုံးကို ၁၅ကျပ်ဖြင့် ရောင်းချရကြောင်း သိရသည်။ **တင်စိုးလွင် (ပြန်/ဆက်)**



## ရွှေဘို–မြစ်ကြီးနားလမ်း ရွှေဘိုမြို့တွင်းလမ်းပိုင်းတွင် နိုင်လွန်ကတ္တရာလမ်းခင်းခြင်းများဆောင်ရွက်

**ရွှေဘို ဇန်နဝါရီ ၁**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံး၊ ငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၁၉ ဒသမ ၄၇၃ သန်းဖြင့် ရွှေဘို-မြစ်ကြီးနားလမ်း၊ ရွှေဘိုမြို့တွင်းလမ်းပိုင်းဖြစ်သော သုည-သုည ဒသမ ၈ ကီလိုမီတာကြား သုည ဒသမ ၈ ကီလိုမီတာ အရှည်ကို ၁၀ ဒသမ ၈ မီတာအကျယ်နှင့် သုည ဒသမ ၈-၁ ဒသမ ၈ ကီလိုမီတာကြား ၁ ကီလိုမီတာ အရှည်ကို ၁၄ ဒသမ ၆၃ မီတာ အကျယ်များဖြင့် ၈၇ ဒသမ ၅ မီလီမီတာထုရှိ နိုင်လွန်ကတ္တရာ (AC) လမ်းခင်းခြင်းနှင့် အဆိုပါလမ်းပိုင်းနှစ်ခုပေါင်းအရှည် ၁ ဒသမ ၈ ကီလိုမီတာအား သုည ဒသမ ၉ မီလီမီတာ အကျယ်ကွန်ကရစ်လမ်းပခုံးနှစ်ဖက်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရွှေဘိုခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေရဲလင်းနှင့်အဖွဲ့တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လမ်းခင်းခြင်း ဆောင်ရွက်နေမှုကို လာရောက်ကြည့်ရှုစစ်ဆေးရာ ရွှေဘိုခရိုင်လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေရဲလင်းက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်နေမှုများကိုရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စိုးသီဟ**(iprd)

# ဇီဝိတဒါနအခမဲ့ဆေးခန်း၌ ပြည်သူများအား ဆေးဝါးများ အခမဲ့ကုသပေးလျက်ရှိ




**မဒေါက် ဇန်နဝါရီ ၁**

မဒေါက်ဒေသ လူမှုကူညီရေးအသင်း၏ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ရှိ ဇီဝိတဒါနအခမဲ့ဆေးခန်း၌ အဌမအကြိမ်မြောက်ဆေးခန်းဖွင့်၍ အထွေထွေရောဂါများ စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါဆေးကုသပေးရာ ဇီဝိတဒါနဆေးခန်းသို့ မဒေါက်မြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူ ၁၄၆ ဦး လာရောက်ဆေးဝါးကုသခဲ့သည်။

ဆေးကုသပေးရာတွင် ဒေါက်တာခင်ယမင်းစု၊ မဒေါက်တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါက်တာခင်မာလွင်၊ ဒေါက်တာအိစန္ဒီသန်းဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ချိုချိုဝင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုသင်တန်းကျောင်းသူများ၊ မဒေါက်ဒေသလူမှုကူညီရေးအသင်းအမှုဆောင်များနှင့် အသင်းသားများက ကူညီဆောင်ရွက်ပေးခဲ့သည်။ အဆိုပါအခမဲ့ဆေးခန်းကို နှစ်ပတ်တစ်ကြိမ်ကြာသပတေးနေ့တိုင်း မွန်းလွဲ ၁ နာရီတွင်ဖွင့်လှစ်ပြီး ဆေးကုသကုန်ကျစရိတ်များအသင်းရန်ပုံငွေမှ ပံ့ပိုးပေးကာ ဒေသခံပြည်သူများကလည်း ထည့်ဝင်လှူဒါန်းကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)



# ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းပပျောက်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပုလဲ ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြို့မစည်ပင်သာယာရေးဈေးရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရဲအုပ်ခင်မောင်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ယာဉ်တိုက်မှုအန္တရာယ် လျော့နည်းပပျောက်စေရေးအတွက် ပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းကျော်က "ပုလဲမြို့နယ်အတွင်းမှာ ယာဉ်တိုက်မှုအန္တရာယ်ဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် မြို့မဈေးရှေ့မှာ မောင်းနှင်နေတဲ့မော်တော်ယာဉ်တွေနဲ့ မော်တော်ဆိုင်ကယ်တွေကို စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စရပ်တွေကို ပညာပေးဆွေးနွေးခဲ့ပါတယ်။ အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးအနေဖြင့် ပုလဲ-ဂန့်ဂေါကားလမ်းမနှင့် ပုလဲ-ယင်းမာပင်ကားလမ်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



rau;wkd;a'oujzwfarmufrD, f*Dv umu , fwmtwif 2000jynfESpfuphyfodoomau;&mo;ukdcif;[u 50r SufESnf xif14wefwdi15vkd;arwdif vkd20wdkif ywfefu;if8 yefwmufwf(&mopf)au;&mrS'ocjynfob m;xHwtyf uf a'opdvefjyjynf&;0jpDmerSvm0ef&Dr;u'Dfbm30&uf wiftcrjzef0ay;chumifoGonf

လှဝင်း(နတ်မောက်)

# ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အသိပေးရှင်းလင်း

**လွိုင်ကော် ဇန်နဝါရီ ၁**

ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ကာကွယ်ဆေးမရောက်ရှိသေးသော သွားလာရခက်ခဲသည့်ဒေသများဆီသို့ ကာကွယ်ဆေးထိုး လုပ်ငန်းများ ရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အသိပေးဆွေးနွေးပွဲတွင် ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ကယားပြည်နယ်အတွင်း ဆောင်ရွက်မည့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးနှင့် ကာကွယ်ဆေးမရောက်ရှိသေးသော ခက်ခဲသည့်ဒေသရှိပြည်သူများထံဆီသို့ ကာကွယ်ဆေးထိုးလုပ်ငန်းရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

စိုင်းညဏ်လင်းထွဋ်

# ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

**မိုင်းပန် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ မိုင်းပန်-လုံကြိမ် ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာနောက်ဆုံးပတ်က ယင်းလမ်းမုခ်ဦးနေရာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါကျေးလက်ကျောက်ချောလမ်းအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ၃၈ ဒသမ ၉၅ သန်းဖြင့် အရှည်လေးဖာလုံ အကျယ် ၁၂ ပေ ကျေးလက်ကျောက်ချောလမ်းအား တင်မြင့်ရီကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလမ်းသစ်အား ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းဝေလင်းနှင့် ကျေးရွာတာဝန်ခံတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# အရာတော်မြို့နယ်တွင် စပါးအထွက်နှုန်းမှန်ကန်ရေး စစ်တမ်းကောက်ယူ

**အရာတော် ဇန်နဝါရီ ၁**

၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးအထွက်နှုန်းနှင့် အထွက်နှုန်းမှန်ကန်ရေး စစ်တမ်းကောက်ယူနိုင်ရန်အတွက် ကိုယ်စားပြု စံကွက်ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ဇရစ်ကျေးရွာအုပ်စုတွင် ရိတ်သိမ်းပွဲပြုလုပ်ခဲ့သည်။

ယင်းသို့ စံကွက်ရိတ်သိမ်းရာတွင် ကွင်းအမှတ်(၅၇၉-က ) အတွင်း မိုးစပါးစိုက်ဧရိယာ ၁၅၅ ဧကရှိသည့်အနက် ရောမင်းစပါးမျိုး ၅၉ ဧကမှ ဧရိယာ ၁၂ ဧကအား ကိုယ်စားပြုသည့် ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ သုလ ဒသမ ၂၈ ဧကရှိတောင်သူဒေါ်ဝင်းမာ၏ စပါးစိုက်ခင်းတွင် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ၅၄ ဒသမ ၅၀ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ ဇရစ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။



ဖိုးချမ်း(မုံရွာ)

# တောင်သူလယ်သမားများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေး

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က နတ်မှော်လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအတွင်းရှိ တောင်သူများတွေ့ဆုံပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဝန်ကြီးချုပ် ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိနှင့်အတူ တာဝန်ရှိသူများသည် ဒေသခံတောင်သူလယ်သမားများ၏ အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်သည့်အတွက် ပွင့်ပွင့်လင်းလင်းတင်ပြပေးရန်လိုကြောင်း၊ တောင်သူများဘက်မှလည်း နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် မိမိတို့ဒေသအတွက် အကျိုးဖြစ်ထွန်းစေရန် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးဦးလှမြင့်က စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းမြစ်) လက်ထောက်ညွှန်ကြားရေးမှူးဦးသူရက နတ်မှော်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တောင်သူများမှ မိမိတို့၏ အခက်အခဲများနှင့် သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးတင်ပြကြရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က ပြန်လည်ဆွေးနွေးဖြေကြားပေးပြီး ဝန်ကြီးချုပ်က တောင်သူများ၏အခက်အခဲများကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြေရှင်းပေးခဲ့သည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ကျို့က္ကလီမြို့ ဒေသခံပြည်သူများနှင့်တွေ့ဆုံ သိမ်းဆည်းခံ လယ်ယာမြေကိစ္စရပ်များ ဆွေးနွေး



**ကျို့က္ကလီ ဇန်နဝါရီ ၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဝန်ကြီးများသည် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲက သံတွဲမြို့နယ် မဲနယ်ကွင်းကျေးရွာတွင် ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၆ သန်းဖြင့် ဇီးကျွန်းသားကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လုပ်နေသည့် အထက(ခွဲ) ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်ဆောက်လုပ်ခဲ့ခြင်းအဆင့်ဆင့်ကို ပြန်လည်တင်ပြရန်နှင့် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေး၊ အချိန်မီပြီးစီးဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ကျို့က္ကလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လယ်ယာမြေသိမ်းဆည်းခံတောင်သူများနှင့် တွေ့ဆုံပြီး သိမ်းဆည်းခံလယ်ယာမြေကိစ္စရပ်များနှင့်ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏မူဝါဒ၊ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များနှင့်အညီ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လယ်ယာမြေသိမ်းဆည်းခံ တောင်သူများက မိမိတို့၏ လယ်ယာမြေ ဆုံးရှုံးခဲ့ရသည့်ကိစ္စရပ်များအား တင်ပြကြရာ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများက ဒေသခံတောင်သူများ၏ တင်ပြချက်များအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူလူထုများနှင့် တွေ့ဆုံရ၍ မိမိအနေဖြင့် ဝမ်းသာမိပါကြောင်း၊ ပြည်သူလူထု၏လိုအပ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောက်ရွက်နေပါကြောင်း၊ ဒေသခံပြည်သူလူထု၏တင်ပြချက်၊ လိုအပ်ချက်များကို အလျင်စလို မဆောင်ရွက်ပေးနိုင်သော်လည်း အနှေးအမြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ဂွမြို့၌ ပြည်နယ်အစိုးရ၏ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ရခိုင်ရတနာမြေကုမ္ပဏီမှ တာဝန်ယူ ဖောက်လုပ်နေသည့် သိုင်းကျွန်းရွာအဝင်တွင် မြေသားလမ်း (၁/၄) မိုင်လမ်းပိုင်း၊ အောင်မင်္ဂလာမြို့နယ်ခန်းမ အကြီးစားပြင်ဆင်ဆောင်ရွက်နေမှု၊ ဂွမြို့ ဆိပ်ခံတံတား တည်ဆောက်မည့်နေရာတို့အား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အမှုအသွားအလာ စီမံခန့်ခွဲမှုအစီအစဉ်ဖြင့် မှုခင်းများစစ်ဆေးစီရင်ခြင်းဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း (၂၀၁၅-၂၀၁၇)အရ လှိုင်သာယာမြို့နယ် တရားရုံးအား ရှေ့ပြေးတရားရုံး (Pilot Court) အဖြစ် သတ်မှတ်၍ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ် (Caseflow Management) ဖြင့် မှုခင်းများစစ်ဆေးလျက်ရှိရာတွင် စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးညှိနှိုင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမှာစကားပြောကြားပြီး ရုံးအဖွဲ့မှူးက တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာ စီမံကိန်း၊ အမှုသွားအမှုလာ စီမံခန့်ခွဲမှုအစီအစဉ်နှင့် လှိုင်သာယာမြို့နယ် တရားရုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး နယ်စပ်ဒေသနှင့် လုံခြုံရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

## တလုတ္တော်–ငဖားဂျီကိုရေနံ့လမ်း ကျောက်ချောလမ်းခင်း

**ဟင်္သာတ ဇန်နဝါရီ ၁**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလခွင့်ပြု) ရန်ပုံငွေဖြင့် တလုတ္တော်မြို့နှင့် ငဖားကျေးရွာသို့ ချိတ်ဆက်သွားလာနိုင်သည့် ဂျီကိုရေနံ့လမ်း ၆/၂ ဒသမ ၅ မိုင်အနက် ၄/၀မိုင်အား ဒေသခံပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရေး ကျောက်ချောလမ်းအဆင့်မြှင့်တင်ခင်းကျင်းလျက်ရှိသည့် လုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဂျီကိုရေနံ့လမ်းပိုင်း ကျောက်ချောလမ်းခင်းနေမှုနှင့် ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇော်လွင်က လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က လမ်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ရန် တာဝန်ခံအင်ဂျင်နီယာများအား တွေ့ဆုံမှာကြားသည်။

အဆိုပါလမ်းအား (မူလခွင့်ပြုငွေ) ရန်ပုံငွေကျပ်သန်း ၂၃၄ ဒသမ ၇၄၈ ဖြင့် လမ်းအကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မထု ခင်းကျင်းသွားမည်ဖြစ်ရာ ယင်းလမ်းမကြီးပြီးစီးသွားပါက တလုတ္တော်တိုက်နယ်အတွင်းရှိ ဘိတ်ရိုးကျေးရွာအုပ်စုနှင့် ငါးဖားကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်များ ရောင်းဝယ်မှုနှင့် နွေ၊ မိုး၊ ဆောင်း သွားလာမှု အဆင်ပြေမည့် လမ်းမကြီးဖြစ်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်ထံက သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း မြေစာရင်းသင်တန်းဆင်း


**ရန်ကုန် ဇန်နဝါရီ ၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ် ၂၃ နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ် ၄၀ သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးမျိုးဦးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၃၄၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် အခြေခံမြေတိုင်းဘာသာရပ် တန်းမြင့်မြေတိုင်းဘာသာရပ် Total Station RTK-GPS များဖြင့် မြေတိုင်းတာခြင်းနှင့် Crop Database ဘာသာရပ်၊ ကွန်ပျူတာအသုံးပြုခြင်းနှင့် ကွန်ပျူတာဖြင့် မြေပုံရေးဆွဲနည်းပညာရပ်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် ငွေစာရင်းလုပ်ငန်းဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သုံးလ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ကြံတင်ယာဉ်များဖြတ်သန်းမောင်းနှင်ခြင်းကို ယာဉ်အန္တရာယ်ကင်းဝေးစေရန် တားမြစ်သင့်



**ရေတာရှည် ဇန်နဝါရီ ၁**
ရန်ကုန်-မန္တလေးအမြန်လမ်းပိုင်းတွင် ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်သေဆုံးမှုများ နေ့စဉ်လိုလိုကြုံတွေ့လျက်ရှိရာ သတ်မှတ်ဖြတ်သန်းခွင့်မရှိသော ဂိတ်ရှောင်ကုန်တင်ယာဉ်များနှင့် ကြံတင်ယာဉ်များကို ထိထိရောက်ရောက် တားမြစ်အရေးယူဆောင်ရွက်သင့်ကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေသည်။

ရေတာရှည်မြို့နယ်မှ အုတ်တွင်းမြို့နယ် သကြားစက်သို့ သွားရောက်ရောင်းချကြသည့် တောင်သူများမှာ ကေတုမတီမြို့သစ်၊ ဂျပန်လမ်းမှ အမြန်လမ်းပေါ် တက်ကာ နေ့စဉ်သွားရောက်လျက်ရှိနေပြီး ယာဉ်အသွားအလာ ပိုမိုများပြားလျက်ရှိသော အမြန်လမ်းမကြီးပေါ်တွင် အဆိုပါကြံတင်ယာဉ်များ မောင်းနှင်ခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိနေကြခြင်း ဖြစ်သည်။

“တောင်သူတွေ ကြံရာသီချိန်ဆိုတော့ လမ်းအသုံးပြုခွင့် ပေးထားတယ်နဲ့တူတယ်။ ဒါပေမယ့် ယာဉ်အန္တရာယ်ဖြစ်ပွားမှာကို စိုးရိမ်ရလို့ ခွင့်မပြုသင့်ပါဘူး။ အဲဒီကုန်တင်ယာဉ်တွေကြောင့် အခြားယာဉ်တွေပါ သတိထားသွားလာနေကြရတယ်”ဟု ရန်ကုန်မြို့မှ ပြန်လည်ရောက်ရှိလာသူတစ်ဦးက ၎င်း၏အမြင်ကို ပြောကြားသည်။

ယခုအချိန်၌ အမြန်လမ်းပိုင်း လမ်းလယ်ကျွန်းများ ဖျက်ခြင်းနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အချို့နေရာများ၌ လမ်းပိုင်းကန့်သက်ချက်များရှိရာ အစုံအဆန်သွားလာသည့် ယာဉ်များအနေဖြင့် သတိပြုမောင်းနှင်ရန်လိုအပ်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

## အသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်

**စလင်း ဇန်နဝါရီ ၁**
မင်းဘူးခရိုင် စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ ရက်တွင် မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် ယာဉ်မောင်းလိုင်စင်များကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းနိုင်ဦးက အန္တရာယ်ကင်းစေဖို့ မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လမ်းညွှန်အသိပေးဆိုင်းဘုတ် သင်္ကေတများအားလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းအသိပညာပေးဟောပြော၍ က. ည. နမှ တာဝန်ရှိသူများက မော်တော်ဆိုင်ကယ် လက်တွေ့စီးနင်းပြသခြင်းနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယာဉ်မောင်းလိုင်စင်လျှောက်ထားသူ ၇၃၈ ဦးအား ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၃၆) ကြိမ်မြောက် ထီဖေါက်စဉ် ၂၀၁၇ ခုနှစ် ၊ ဇန်နဝါရီလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀) ဆု

ဓ - ၃၇၉၀၁၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဈ - ၅၉၇၀၆၂ ယ - ၈၂၅၈၀၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ကဂ - ၁၀၁၃၄၆
ကဃ - ၁၅၈၉၇၄
ကဃ - ၄၂၉၅၀၆
ဗ - ၅၉၈၉၆၂
ပ - ၇၇၇၉၈၅

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ဝ - ၁၁၄၄၈၂
ည - ၅၁၃၅၀၃
ဂ - ၆၉၇၅၇၄
ယ - ၈၀၇၄၅၄
ပ - ၉၃၇၅၂၄
ဓ - ၉၉၅၈၁၃

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ

ခ - ၁၂၆၃၈၉
ထ - ၁၉၇၈၁၇
န - ၂၉၂၄၈၈
က - ၅၆၈၅၂၅
ခ - ၈၆၄၄၄၃
အ - ၉၀၀၃၂၄
မ - ၉၁၉၅၈၅

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | | |
|---|---|---|---|
| ည - ၁၀၁၇၁၇ | စ - ၃၄၆၈၇၆ | ဈ - ၇၃၉၈၅၉ | ကဂ - ၈၆၉၂၁၄ |
| ဓ - ၂၁၄၃၄၇ | ဌ - ၅၂၅၆၇၆ | ကဃ - ၇၈၀၅၆၁ | ဒ - ၈၈၃၄၅၂ |
| တ - ၂၃၅၀၈၀ | ဘ - ၅၅၇၇၄၀ | ကင - ၈၄၅၈၄၁ | ဖ - ၉၄၈၅၄၈ |
| ဘ - ၂၆၃၃၈၃ | ထ - ၆၄၄၂၁၉ | ကင - ၈၅၄၄၃၃ | |
| ကစ - ၃၃၅၅၁၀ | လ - ၇၀၀၈၄၇ | ကဂ - ၈၆၇၉၇၈ | |

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဋ - ၁၃၃၅၆၀ | အ - ၆၂၅၃၅၄ |
| ပ - ၁၇၄၆၅၅ | ထ - ၇၀၇၉၀၂ |
| ကက - ၂၃၄၂၇၈ | ဝ - ၇၀၈၆၃၂ |
| ကဆ - ၂၅၃၇၆၅ | န - ၈၁၈၅၇၅ |
| မ - ၃၀၄၁၄၄ | ကင - ၈၅၁၈၉၇ |
| ဟ - ၃၆၈၇၄၆ | သ - ၈၆၈၀၅၀ |
| ခ - ၅၀၀၈၉၇ | ဇ - ၈၇၇၅၁၃ |
| ကဆ - ၅၆၉၃၉၀ | ကဆ - ၈၈၇၈၁၁ |
| ကဇ - ၆၀၈၇၉၁ | အ - ၉၅၆၀၃၅ |
| ကဈ - ၆၀၉၃၂၈ | လ - ၉၅၆၈၉၅ |

## ဆုတစ်ဆုချင်းကျပ်(၂၅)သိန်းဆုများ

| | |
|---|---|
| ဇ - ၁၃၇၃၈၀ | ဆ - ၆၂၉၈၁၅ |
| ကက - ၂၀၆၂၆၃ | ဗ - ၆၄၄၁၇၉ |
| ယ - ၂၂၂၆၇၀ | ဌ - ၆၇၃၅၈၈ |
| ဏ - ၂၅၂၇၅၈ | ဍ - ၇၁၈၂၄၉ |
| ထ - ၃၁၉၄၈၉ | အ - ၇၆၉၆၄၂ |
| ဋ - ၄၂၅၄၈၀ | ဗ - ၈၃၀၁၂၃ |
| ကဂ - ၅၂၉၀၆၁ | ကင - ၈၃၈၉၉၇ |
| ဓ - ၅၄၆၇၁၀ | စ - ၉၁၁၇၁၀ |
| ဇ - ၅၅၈၀၅၇ | ဓ - ၉၅၁၂၆၀ |
| ခ - ၆၁၃၄၅၅ | ရ - ၉၉၇၁၁၂ |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ယ | ၁၀၅၆၅၃ | ကဂ | ၅၉၇၅၅၆ |
| ဗ | ၂၁၆၉၂၇ | ကဆ | ၆၀၀၀၄၇ |
| ကခ | ၂၃၀၁၂၁ | ပ | ၆၁၁၇၁၂ |
| ဈ | ၂၄၂၂၀၅ | ရ | ၆၆၉၄၈၃ |
| ဗ | ၂၈၄၂၇၃ | ရ | ၇၅၁၀၇၇ |
| ဋ | ၂၉၆၄၂၈ | ဍ | ၈၀၉၄၈၆ |
| ဆ | ၃၁၃၄၈၆ | ဝ | ၈၅၉၀၈၀ |
| လ | ၃၄၇၇၇၃ | ကဈ | ၈၇၈၅၀၈ |
| ဗ | ၃၅၂၆၆၆ | ဏ | ၈၈၂၅၅၉ |
| ခ | ၃၇၉၆၀၄ | ပ | ၉၁၃၆၅၀ |
| ည | ၃၈၁၈၆၄ | သ | ၉၂၃၉၃၉ |
| ဗ | ၄၆၅၁၂၅ | ကခ | ၉၂၈၁၃၃ |
| စ | ၄၉၀၈၆၇ | လ | ၉၄၂၄၃၆ |
| ပ | ၅၈၄၄၄၁ | | |

## ဆုတစ်ဆုချင်းဆုမဲစနစ်ကျပ်(၅)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဃ | ၁၅၀၃၁၆ | ခ | ၅၂၅၄၄၁ |
| ဗ | ၁၆၄၈၄၃ | ကဃ | ၅၄၅၆၁၉ |
| အ | ၁၇၉၇၂၀ | ပ | ၅၅၈၁၅၁ |
| သ | ၂၁၆၁၀၃ | ကဆ | ၅၆၁၆၅၆ |
| မ | ၂၆၀၈၆၀ | ဍ | ၆၂၃၈၀၀ |
| ယ | ၃၃၉၀၇၃ | ကင | ၆၃၃၅၆၃ |
| ယ | ၃၅၃၂၀၇ | ဓ | ၆၇၂၃၄၄ |
| ယ | ၃၅၆၃၀၉ | ခ | ၇၀၂၅၇၂ |
| က | ၃၉၅၃၇၁ | ကစ | ၇၂၁၅၃၃ |
| ခ | ၄၂၀၈၇၂ | င | ၇၉၅၀၆၀ |
| င | ၄၄၄၁၈၇ | ဖ | ၇၉၈၁၃၅ |
| ဟ | ၄၆၃၅၄၂ | ဓ | ၈၀၃၆၉၈ |
| ကခ | ၄၇၇၅၀၃ | ကခ | ၈၁၂၇၃၀ |
| ဘ | ၄၈၁၉၅၉ | ထ | ၈၉၅၉၁၄ |
| ဋ | ၄၈၂၆၅၉ | က | ၉၇၁၇၄၂ |
| အ | ၅၀၇၃၃၄ | ကဂ | ၉၉၂၅၀၀ |
| ဏ | ၅၁၁၀၄၄ | | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| ဖ | ၁၂၆၃၁ | န | ၇၃၄၁၈ |
| ထ | ၃၈၈၆၀ | ဓ | ၈၉၄၃၆ |
| ကဈ | ၅၁၄၃၃ | ဆ | ၉၄၄၂၃ |
| ဓ | ၅၅၆၆၄ | ဍ | ၉၄၆၈၄ |
| ထ | ၆၄၉၉၀ | ဝ | ၉၉၅၈၆ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ယ | ၁၂၈၃ | ဍ | ၆၂၂၂ |
| ဆ | ၂၀၂၇ | ယ | ၆၉၉၃ |
| ကဂ | ၃၇၉၇ | ဈ | ၈၈၉၄ |
| ဈ | ၅၅၁၅ | ဂ | ၉၀၅၄ |
| စ | ၅၇၀၇ | ခ | ၉၉၀၅ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| စ | ၁၂၅ | ဒ | ၇၂၈ |
| က | ၂၈၂ | ရ | ၇၅၉ |
| ထ | ၃၀၉ | ည | ၇၉၃ |
| တ | ၃၅၇ | ကဂ | ၈၃၈ |
| ဋ | ၄၀၇ | ဂ | ၈၄၆ |
| ဖ | ၆၁၃ | | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ(၅)သောင်းဆုများ

| | |
|---|---|
| ကင | ၄၀ |
| ကက | ၈၈ |
| က | ၉၆ |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၇ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၃၃၆) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၄၂၂၃၉)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်ကျင်းပမည့် (၃၃၇) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင်လည်း ဆုမဲပေါင်း (၄၂၂၃၉)ဆု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၃။ အောင်ဘာလေထီ ဝယ်ယူကံစမ်းသူများအနေဖြင့် (၃၃၇) ကြိမ်မြောက်အတွက် အောင်ဘာလေသိန်းဆုလက်မှတ်များကို(၃. ၁. ၂၀၁၇)ရက်နေ့နံနက် (၁၀) နာရီမှ မွန်းလွဲ (၂)နာရီအတွင်း အောက်ပါမြို့နယ်အခွန်ဦးစီးဌာနရုံးများတွင် လူတစ်ဦးလျှင် ထီစာအုပ်(၁)အုပ်မှ (၅)အုပ်ထိ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူတင်ပြပြီး ငွေသားလက်ငင်းပေးချေ၍ လွတ်လပ်စွာဝယ် ယူနိုင်ပါသည်-

(က) လှိုင်သာယာ (ခ) ရွှေပြည်သာ (ဂ) သန်လျင် (ဃ) ဒဂုံမြို့သစ်(မြောက်ပိုင်း)
(င) ဒဂုံ (စ) သာကေတ (ဆ) ကြည့်မြင်တိုင် (ဇ) တွံ့တေး

ဆုငွေစတင်ထုတ်ပေးမည့်ရက် (၉. ၁. ၂၀၁၇)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.

Hot Line - 01-200952

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

နှစ်သစ်ကူးဇန်နဝါရီလအထူး Promotion ခရီးစဉ်ကြီး Jan - 14,21,26

(၁၅)ရက် – ကျသင့်ငွေ (၁၂၅)သိန်း အစား {၁၀.၉} သိန်း

(၈) ရက် – ကျသင့်ငွေ (၁၁၅)သိန်း အစား {၈.၉} သိန်း

ဝန်ဆောင်မှုနှင့်စိတ်ချမ်းသာမှုအပြည့်အဝ စျေးနှုန်းအသက်သာဆုံး ဘုရားဌာနနေရာဒေသအစုံဘုရားဖူးချင်သူများအတွက် အပိုကြေးလုံးဝကောက်ထားခြင်းမရှိ တိတိကျကျစရိတ်ငြိမ်း (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှင်(၁)ဦး (၅%)အပတ်စဉ် အင်္ဂါ၊ စနေ နေ့တိုင်းထွက်ရှိပါမည်။

Feb - 2,16,18,23,28 / Mar - 2,11,14,18,21,25 /Apr - 1,8,11,18

ရုံးချုပ် - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ရန်ကုန် - ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေး - ၀၂- ၂၄၅၄၀၊ ၀၉- ၇၇၈၈၂၂၂၅၀ တောင်ကြီး - ၀၈၁-၂၀၀၁၇၃၊ ၀၉- ၇၇၈၈၂၂၂၄၀

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဇဗေါ၊ ဘားအံဘုရားစုံနှင့်ချစ်သူ့မြို့
Hotel S/P (Visa) ဆိုင်ယာမင်းကျေး ကားလမ်းခရီး(75000) Jan-6,13,2027
09421073634, 777636630

**GOLDEN CITY**
ချောင်းသာ (နေ့စဉ်)
(စား+တည်း+ကား-ငြိမ်း)
၃၅၀၀၀/– ၊ ၅၅၀၀၀/–
(ကားစီးလုံးငှားနိုင်သည်။)
09-450765726, 09-454466958

**ဒီနဲ့ ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ**

- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၄ ညအိပ် / ၁၅ ရက်) 900 USD + ၄၀၀၀၀/-
  ထွက်ခွာမည့်နေ့ရက်များ – ဇန်နဝါရီ (၂၂)၊
  ဖေဖော်ဝါရီ (၃၊ ၁၂၊ ၁၉၊ ၂၆)၊ မတ် (၅၊ ၁၂၊ ၁၉၊ ၂၆)၊ ဧပြီ (၂၊ ၉)။
- အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၇ ညအိပ် / ၈ ရက်) 800 USD + ၄၀၀၀၀/-
  ထွက်ခွာမည့်နေ့ရက်များ – ဧပြီ (၁၂)။
- သီရိလင်္ကာဘုရားဖူးခရီးစဉ် (၆ ညအိပ် / ၇ ရက်) 1250 USD + ၃၀၀၀၀/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀/– လျှော့ပေးပါသည်။
(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး ၊ အန္တရာယ်ရှိသော ညပက် ကားမောင်းခရီးသွားခြင်းလုံးဝမရှိပါ။)

ဒီနဲ့ ဘုရားဖူးအဖွဲ့ – အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ မိတ်လေ့တားအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ရွှေဂုံတိုင်လမ်း၊ စမ်းချောင်း။
ဖုန်း – 536348 , 537707 , 537708 , 09 500 1763 , 09 501 3727 , 09 256174414 , 09 516 4664
မြို့ဒေသသာသနာပြုအဖွဲ့ – အမှတ်(၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဝတန်း၊ ရန်ကုန်။ ဖုန်း – 545215, 545216 , 555173
မန္တလေးရုံးခွဲ – (I-6)၊ ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၁၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး၊ ဖုန်း – 09 402 64 8989, 09 5300305

ABC
သက်သတ်လွတ် အဆင့်မြင့် ပဲငံပြာရည် အချို အင်
၂၀၁၇ နှစ်သစ်မှစ၍ ကျန်းမာပျော်ရွှင်စေရန်ဆုမွန်ကောင်းတောင်းပါသည်။




**နာမည်ကျော်စားဖိုမှူးများရဲ့လက်စွဲ**
ဖုန်း – ၀၉ ၅၅၀ ၆၉၃၈၊ ၀၁ ၃၈၀၃၁၁

မြန်မာလူငယ်များအတွက် စီးပွားရေးဘာသာရပ်များအပါအဝင် **" MBA အကြောင်းဆွေးနွေးပွဲ "**




- MBA ကို ဘယ်လိုလူမျိုးတွေ၊ ဘယ်လိုအသက်အရွယ်မှာ သင်ယူသင့်သလဲ / ဘယ်လိုအသုံးချမလဲ
- MBA ကို အင်ဂျင်နီယာ၊ အိုင်တီ၊ ဆရာဝန်တွေအတွက် သင်ယူရင် ဘယ်လို အကျိုးရှိနိုင်မလဲ
- ဩစတြေးလျ MBA / အင်္ဂလန် MBA နဲ့ အမေရိကန် MBA တွေ ဘာတွေကွာခြားပါသလဲ၊ ဘယ်ဟာအကောင်းဆုံးလဲ
- MBA တက်ဖို့ GMAT တွေ GRE တွေ ပြင်ဆင်ထားဖို့ လိုပါသလား
- MBA ကို ပြည်တွင်းမှာ တက်တာနဲ့ ပြည်ပမှာ တက်တာ ဘယ်ဟာပိုအကျိုးရှိပါသလဲ

psb Academy | edutrust
Speaker : DR HUONG HA
Monash University, Australia / LKY School of Public Policy, National University of Singapore

CROWN EDUCATION
Award Winning Company

Jan 7th (Sat)
2:00 PM - 4:00 PM
NOVOTEL HOTEL,
(Eureka Room)

Register Now : 01 527 838 - 09 450 200 040 - 09 732 732 77

# ကြော်ငြာ

**ရွှေလမ်းခရီး...မှ ကျိုက်ထီးရိုး(နေ့စဉ်)**

095124678,09401589907

**ဦးအောင်ဟိန်းကျော်**

အတန်းအားလုံးစာအုပ်(လုံး၀)မကိုင်ဘဲသင်သည်

•Translation

အင်္ဂလိပ်စာရေးနည်း

အင်္ဂလိပ်စကားပြော သင်တန်း

•နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

•အင်္ဂလိပ်စကားပြော(Vol:1,2,3,4) •ရေးနည်း(Pre., Vol:1,2,3)

•3924681 •09517184

**ရွှေခင်းသာ**

ကားစီးလုံးငှားစီစဉ်ပေးသည်

FULLY AIR-CON EXPRESS

Ph: 09-420046635, 09-30207754, 09-262607878

B.Ed

JO/LO

Essay

**Myanmar Shwe Sin Moe (New Star)**
**Travel & Tour (Car Rental)**

မြဝတီ - မဲဆောက် - ဘားအံ (၄ရက်)
မန်း-မုံ-မေ (၄ရက်) ကျိုက်ထီးရိုး
ပုဂံ-ညောင်ဦး (၂ရက်) ချောင်းသာ နေ့စဉ်
အပတ်စဉ်သောကြာနေ့တိုင်း ငွေဆောင်

09-5139002, 09-253352517, 01-255942

**ရွှေဂဠုန်ညီ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဒေါ်ရွှေကြည် မွေးနေ့အလှူကုသိုလ်ယူ

(၁၅)ရက်-သံဝေဇနိယလေးဌာန+နယူးဒေလီ၊ နေရာစုံ

(၁၀)ရက်ခရီးစဉ်၊ (၈)ရက်ခရီးစဉ်

သံဃာတော်၊ ဆရာကြီးများအတွက် (အထူးလျှော့ဈေး)

ထွက်ခွာမည့်ရက် (၂.၂.၂၀၁၇)

အမှတ်(၁၆၂)မြေညီထပ်၊ ၄၀ါလမ်း၊ ဒါနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ - ၅၀၇၀၇၇၇၊ ၀၉ - ၄၂၁၁၄၉၄၀၁၊ ၀၉ - ၂၅၀၇၉၄၅၄၆

**မြတ်မော်တင်ပွဲတော်**

ဦးလေးတင့်-လှုပ်ခတ်တော်ပဂ္ဂိုလ်များ

**သုံးရာသီ** ဗမာ့ဒါန

မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ

Jan-6, 13

420144148, 421153797

**FORWARD (YGN)**

Travel & Tour Co.,Ltd

ချောင်းသာ နေ့စဉ်

09 259259180
09 259259181
09 259259182

**သန်းရွှေနှင့်ချောင်းရင်းမျာ:မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

Jan 3,6,13,20,27

Jan30

Ph: 01-380141, 01-241863, 09-43043109, 09-73251422

**အာရှနဂါး**

မြဝတီ/ကျိုက်ထီးရိုး

ချောင်းသာ/ငွေဆောင်

Ph : 703790, 09 799100100
707062, 09 797100100

**ဒေါ်ခင်မင်း** အလောင်းတော်ကဿပ Dec 30

09425355758,09255913926,09-252990976

Guest- 75000

Hotel- 75000

Hotel- 65000

## စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)

## အငြိမ်းစား သက်ကြီးပူဇော်ပွဲနှင့်

## ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စိုက်ပျိုးရေး(ရုံးချုပ်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော နှစ်ပြည့်+သက်ပြည့် အသက်(၇၅)နှစ်အထက် အငြိမ်းစားဝန်ထမ်း (၁၈၂)ဦးအား သက်ကြီးပူဇော်ပွဲနှင့် စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း(ရုံးချုပ်) နှစ်ပတ်လည်အစည်းအဝေးသို့ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားလွှာပေးပို့ပါသည်။

နေ့ရက်/အချိန် - ၇-၁-၂၀၁၇ရက်(စနေနေ့)၊ မွန်းလွဲ ၁း၀၀နာရီ

နေရာ - မျိုးစေ့ဌာနခွဲ၊ အစည်းအဝေးခန်းမ၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်။

အလှူငွေနှင့်ပစ္စည်းများကို နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းစိုက်ပျိုးရေးရုံး၊ မျိုးစေ့ဌာနခွဲ၊ ပိုးမွှားကာကွယ်ရေးဌာန၊ မြေအသုံးချရေးဌာန၊ ကြို့ကုန်း၊ ရန်ကုန်မြို့တွင် လက်ခံနေပါပြီ။

## မွေးနေ့ဆုတောင်း

## ကိုအောင်မျိုးကျော် [ရေကြောင်းအရာရှိ(ငြိမ်း)မြိတ်မြို့]

'အောင်'ရဲ့ ၂-၁-၂၀၁၇ရက်တွင် ကျရောက်သော အသက်(၄၀)ပြည့် မွေးနေ့မှသည် နှစ်(၁၀၀)တိုင်ပါစေ။

ဒယ်ဒီ -ဦးမျိုးဆွေ(အမျိုးသားကြီးပွားတိုးတက်ရေး၊ ရွှေထုတ်လုပ်ရေးကုမ္ပဏီ)

မာမီ -ဒေါ်သိန်းသိန်းငွေ [က/အ(ငြိမ်း) သန်လျင်မြို့၊ ရန်ကုန်။]

**KING STAR** ဖုန်း- 09 73049700, 09 73047572

ကွန်ပျူတာအတတ်သင် 30000Ks

→ Internet 12000Ks
→ i-Office 2010
→ D.T.P
→ Graphic Design
→ A+ Hardware

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့



OK$ ဖြင့် လက်မှတ်ခ ငွေပေးချေပြီး
ကံထူးရှင် ဖြစ်လိုက်ပါ။




အစီအစဉ်ကာလ - ဇန်နဝါရီလ၊ ၂၀၁၇။

အသေးစိတ် သိရှိလိုပါက okdollarapp 24 Hr Call Center : 01-377888, 09-450144455, 09-30000066



ဆီးချိုဆို ရှောင်သင့်တာရှောင်
ခွန်အားပြည့်ဖို့ ဗိုက်တာမက်(စ်)ကိုဆောင်




ဆီးချိုဝေဒနာခံစားနေရသူများသည် အစားရှောင်ရသဖြင့် နေ့စဉ်ခွန်အား ပြည့်ဝဖို့လိုအပ်ပါသည်။

ဆီးချိုဝေဒနာရှင်များအတွက် အထူးထုတ်လုပ်ထားသော ဗိုက်တာမက်(စ်) VITAMAXX အမှတ်တံဆိပ် "မာ(လ်)တီဗက်တစ်" ဗီတာမင်စုံအာဟာရဖြည့်စွက်စာတွင် ဗီတာမင်၊ သတ္တုဓာတ်များ၊ ကင်ဆာရောဂါကာကွယ်ပေးသောAntioxidant များနှင့် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များစွာပါဝင်ပါသည်။ ဗီတာမင်(၁၂)မျိုးနှင့် သတ္တုဓာတ်(၁၀)မျိုးပါဝင်သောကြောင့် အခြားဗီတာမင်အားဆေးများထက် အာဟာရပိုမိုကြွယ်ဝပါသည်။

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ စမ်းသပ်စစ်ဆေးခွင့်ပြုချက်ရယူပြီး အမေရိကန်နိုင်ငံမှ တိုက်ရိုက်တင်သွင်းဖြန့်ချိသည်။

အားအင်လိုအပ် ခွန်အားဖြည့်စွက် ဗိုက်တာမက်(စ်)

Zar & Zar Co., Ltd.
Tel: (01)8604552, 8604553, 8604554

**International Printing Equipment Supplier is looking for:**

**Sales Specialist**

**Requirement:**

* University or printing institute graduate
* Minimum 3 years' experience in selling printing equipment or consumable
* Fluent in speaking English
* Good technical know-how in Offset printing

**To apply please send your resume with recent photo to eaglewin.mmr@gmail.com**

ထိုင်ဝမ်ဝေ့ချွမ် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီမှ ထုတ်လုပ်သည်။

WEI CHUAN

ဝေ့ချွမ်
ဟင်းချက်ဟင်းချိုမှုန့်



ဆက်သွယ်ရန်
01 2300761
09 5139916

သာမန်အချိုမှုန့်ကဲ့သို့ အာခေါင်ခြောက်ခြင်း၊ ရင်ပူခြင်း၊ ရေငတ်ခြင်းမရှိစေဘဲ ကျန်းမာရေးအတွက်မထိခိုက်စေရန် အထူးစီမံထားပါသည်။

ညောင်ပင်လေးဈေး (B-250) ☎ : 01-707 721, 01-211 233 (Ext : 513)
• City Mart • Ocean • Capital • Sein Gay Har • Super One • Ga Mone Pwint • Gandamar • Star Mart • Orange • Myanmar Big Shop • Asia Light • Mi Tha Su Mart • City Express United Living Mall • abc Convenience Store

နယ်မှတစ်ဆင့် ရောင်းချလိုသူများ ဆက်သွယ်နိုင်ပါသည်။

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

နေရာတိုင်းဆောင်ထား

အရောက်ပို့
တပ်ဆင်
ရှင်းပြ

Rain Flower

3 Years



ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

CaféPOS®
စားသောက်ဆိုင်သုံးကွန်ပျူတာစနစ်

Dine In
Reservation
Bill
Tax
Discount
Table
Ordering
Print
Reports
Fast Food

Galaxy Software
www.galaxy.com.mm
Website

▲ (6)months Free Service
▲ Over (100) Employees
▲ (4) Branch Offices
Services

Galaxy Software Co., Ltd.
Yangon • 09-254151516 ,09-43029798
• 09-43064181 , 09-252424002
Mandalay • 09-440067577, 09-978030881
Naypyitaw • 09-257333214, 09-974432762
Pathein • 09-455042499, 09-455042500

"လျှင်မြန်စွာ ပျောက်ကင်းသက်သာချင်သူများအတွက်"



ကမ်းစော်ဆီ နှင့် လင်ဇီးဆီ တို့ဖြင့်
အချိုးကျဖော်စပ်ထားသော
ရွှေသမင် ကမ်းစော်ဒဏ်ကြေလိမ်းဆေးရှိပါတယ်။
ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာ အကြောတက်ဝေဒနာနှင့်
ကျိုးပေါင်းရောဂါများကိုပျောက်ကင်းစေပါသည်။

ကမ်းစော်ဆီ (စစ်စစ်) ဝယ်ယူရရှိနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက်ရှိသယံဇာတ သဘာဝ စပီရူလိုင်းနားစိမ်းပြာရေညှိအင်းများ







တွင်းတောင်အင်း (ဘုတလင်မြို့နယ်)




တွင်းမအင်း (ကနီမြို့နယ်)



တောင်ပျောက်အင်း (ကနီမြို့နယ်)





ရေခါးအင်း (စစ်ကိုင်းမြို့နယ်)

JUNE Spirulina




ရွှေသီတာ

" Let's conserve our Earth with Spirulina "
ကမ္ဘာမြေကြီးအား "စပီရူလိုင်းနား ဇီဝမြေဩဇာ" သုံးစွဲခြင်းဖြင့် ထိန်းသိမ်းကြပါစို့




"Build your Health & Environment with *Spirulina*"

HAPPY NEW YEAR 2017 !

# ကိုးတန်ကောက်ကျေးရွာအတွင်း ရဲတပ်ဖွဲ့ဝင်များ ရှင်းလင်းရေးဆောင်ရွက်စဉ် ဗီဒီယိုမှတ်တမ်းရိုက်ကူးခဲ့မှုနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ ညနေပိုင်းတွင် လူမှုကွန်ရက်စာမျက်နှာတစ်ခုမှ စတင်လွှင့်တင်ခဲ့သော ဗီဒီယိုဖိုင်တစ်ဖိုင်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အချို့က ရိုက်နှက်ကန်ကျောက်သည့် ပုံရိပ်များပါရှိလာခဲ့ပြီး ယင်းဗီဒီယိုဖိုင်၏ ရည်ညွှန်းချက်တွင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်သည်ဟု ဖော်ပြထားခဲ့ကြောင်း၊ ၎င်းဗီဒီယိုဖိုင်ကို ကိုးကား၍ သတင်းဌာနများတွင် ဆင့်ပွားဖော်ပြလျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဗီဒီယိုဖိုင်လွှင့်တင်ထားသည်ကို သိလျှင်သိချင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများထံ ယင်းဗီဒီယိုဖိုင်နှင့်စပ်လျဉ်း၍ စိစစ်ရန် ဆက်သွယ်မေးမြန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ စိစစ်ဖော်ထုတ်ပြီး ပြန်လည်ရှင်းလင်းတင်ပြချက်အရ ယင်းဗီဒီယိုဖိုင်မှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ကိုးတန်ကောက်ကျေးရွာအတွင်းသို့ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့ ပူးပေါင်းပါဝင်သည့်အဖွဲ့မှ ဝင်ရောက်ရှင်းလင်းခဲ့စဉ် ဖြစ်ပွားခဲ့သောဖြစ်စဉ်တစ်ခုကို ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ရွာအတွင်းရှင်းလင်းစဉ် အမှတ်(၃၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ် တေဇာလင်း ဦးစီးရဲတပ်ဖွဲ့ဝင် ၁၀ ဦးအဖွဲ့က ရွာသားများကို ထိန်းသိမ်းနေစဉ် ရဲတပ်သား ဇော်မျိုးထိုက်က ၎င်း၏လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်ဟု စိစစ်သိရှိရကြောင်း ဖော်ပြထားသည်။

ကိုးတန်ကောက်ရွာသို့ သွားရောက်ရှင်းလင်းရခြင်းအကြောင်းရင်းကို ဆက်လက်စိစစ်ရာတွင် မောင်တောမြို့နယ် နိုရူလာရဲကင်းစခန်း၌ ရှေ့တန်းအမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်မြင့်အောင် ဦးစီးရဲတပ်ဖွဲ့ဝင် ၁၁ ဦး လုံခြုံရေးဆောင်ရွက်နေစဉ် နိုဝင်ဘာလ ၃ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်သမားခြောက်ဦးသည် မောင်တော-အလယ်သံကျော်လမ်းအတိုင်း ဆိုင်ကယ်သုံးစီးဖြင့် မောင်းနှင်လာပြီး ရဲကင်းစခန်းဝင်ပေါက်အနီးရပ်တန့်ကာ ဆိုင်ကယ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ကင်းတာဝန်ကျရဲဒု-တပ်ကြပ် မင်းမင်းစိုးတွင် ညာဘက်ရင်အုံညှပ်ရိုးအောက်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ ညာလက်မောင်း သေနတ်ဒဏ်ရာ တစ်ချက်၊ ညာနံရိုးဖောက်ဝင်ဒဏ်ရာနှစ်ချက်ထိမှန်သေဆုံးပြီး ရဲတပ်ကြပ်မျိုးဇော်ကိုတွင် ညာလက်မောင်းတစ်ချက်၊ ဝဲဘက်ဝမ်းဗိုက်အောက် ရှပ်ထိမှန်ဒဏ်ရာတစ်ချက်တို့ရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ နိုရူလာရဲကင်းစခန်းကို ဝင်ရောက်ပစ်ခတ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်သူများသည် ကိုးတန်ကောက်ကျေးရွာသို့ သွားရောက်ရှောင်တိမ်းနေကြောင်း နယ်မြေသတင်းရရှိသဖြင့်လည်းကောင်း၊ နိုဝင်ဘာလ ၃ ရက်နေ့ နိုင်ငံခြားသံတမန်များအဖွဲ့ ကိုးတန်ကောက်ကျေးရွာသို့ ရောက်ရှိစဉ် ကျေးရွာလူထုမှ ကြိုတင်ဖြန့်ဝေပေးထားသော ဖြစ်စဉ်မှန်မဟုတ်သည့် စာရွက်စာတမ်းများကို ကိုင်ဆောင်ဆန္ဒပြသည့်အသွင်မျိုးဖြင့် ဆောင်ရွက်ခဲ့သဖြင့် စာများဖြန့်ဝေသည်ဟု သတင်းရရှိထားသူကို စိစစ်ဖော်ထုတ်ရန်အတွက် လည်းကောင်း၊ ကိုးတန်ကောက်ကျေးရွာအတွင်း နိုဝင်ဘာလ ၅ ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းခဲ့ရခြင်း ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းနေ့ ကိုးတန်ကောက်ရွာသို့ ဝင်ရောက်ရှင်းလင်းချိန်တွင် အကြမ်းဖက်အမှုများနှင့် သက်ဆိုင်သည့် နူးအာလောင်(၂၂)နှစ်၊ ဆော်လီမူလာ(၃၅)နှစ်နှင့် မာမွတ်နော်ဘီ(၃၂)နှစ်တို့ကို မြေမြှုပ်ထားသော ဓားမခြောက်ချောင်း၊ ဓားဦးချွန်တစ်ချောင်းနှင့် မိုန်းတံတစ်ချောင်းတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးခဲ့ပြီး ကျန်ရှိသည့် မပတ်သက်သူများကို ရွာအတွင်း အေးချမ်းစွာနေထိုင်ရန်မှာကြား၍ ပြန်လွှတ်ပေးခဲ့ကြောင်း။

ယခုဖြစ်စဉ်တွင် ဦးစီးခေါင်းဆောင် တာဝန်ရှိသူမှာ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲမှူး ရဲထွန်းနိုင်၊ အမှတ် (၃၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ် တေဇာလင်း၊ ဗီဒီယိုရိုက်ကူးသူ ရဲတပ်သားဇော်မျိုးထိုက်နှင့် ရွာသားများအား ရိုက်နှက်ကန်ကျောက်သူ ရဲတပ်သား ပြည့်ဖြိုးသွင်တို့ဖြစ်ကြောင်း ကနဦးစိစစ်ဖော်ထုတ်ရရှိခဲ့သည်ဟု သိရှိရသည်။

ရိုက်နှက်ကန်ကျောက်သည့် ကျန်ရဲတပ်ဖွဲ့ဝင်များအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း၊ ကနဦးစိစစ်ဖော်ထုတ်ရရှိသူများကို ထိန်းသိမ်းထားရှိပြီး ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# မန္တလေး-လားရှိုး-မူဆယ် ကားလမ်းပိုင်း ဂုတ်တွင်း၌ ယာဉ်ကြောပိတ်ဆို့ရာမှ လမ်းပြန်ပွင့်

**သီပေါ ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး၌ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် သွားလာခွင့်ပိတ်ထားသော အတက်ယာဉ်(မူဆယ်သွားယာဉ်)များကို ပြန်လည်သွားလာခွင့်ပြုလိုက်ပြီဖြစ်၍ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက ဂုတ်တွင်းလမ်းတွင် ယာဉ်ကြော ပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ယာဉ်တန်းကြီးမှာ ဂုတ်တွင်းမှ နောင်ချိုမြို့အထိ ရောက်ရှိနေသည်ကိုတွေ့ရပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပေးသဖြင့် ယနေ့နံနက်ပိုင်းက ကားလမ်းပွင့်သွားခဲ့သည်။

ဂုတ်တွင်းလမ်းတွင် ကွေ့အထပ်ပေါင်း ၃၀ ကျော် ရှိသည့်အနက် ယာဉ်ကြီးများ ရာနှင့်ချီပြေးဆွဲလာခြင်း၊ အဆင်း/အတက်ရှိ အချို့နေရာများ ကျဉ်းမြောင်းခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြစ်ပေါ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့နေ၍ ယာဉ်ငယ်လေးများ စည်းကမ်းမဲ့ ကျော်တက်ခြင်းများကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ပိုမို ဖြစ်ပွားစေပြီး အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရတတ်ကြောင်း၊ မန္တလေးမှ အသီးအနှံနှင့် သားငါးတင်ပို့ချိန်များတွင် ယာဉ်ကြောပိတ်ဆို့မှုနှင့်ကြုံတွေ့ရပါက ငွေကျပ်သိန်းပေါင်းများစွာ ဆုံးရှုံးနစ်နာရကြောင်း၊ ထို့အပြင် **စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✱**









# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အင်္ဂလန်နိုင်ငံ၊ လန်ဒန်အခြေစိုက် **Financial Times** (The Banker) ကပြုလုပ်သော ၂၀၁၆ ခုနှစ်အတွက် နိုင်ငံအလိုက်စွမ်းဆောင်ရည် အကောင်းဆုံးဘဏ်ဆုပေးပွဲတွင် မြန်မာနိုင်ငံအတွက် **" ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဘဏ်ဆု (Bank of the Year in Myanmar 2016) "** ကို ကမ္ဘောဇဘဏ်က လေးနှစ်ဆက်တိုက် ရရှိခဲ့ခြင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဒီဇင်ဘာလ (၁၅) ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင်ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော ကုမ္ပဏီများအနက် **" ကမ္ဘောဇဘဏ်လီမိတက် "** သည် **" ပထမနေရာ "** မှ **(၅)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း** သိရှိရသဖြင့် **" ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း "** အား အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**ဒေါက်တာသိန်းနိုင်**
**ဥက္ကဋ္ဌ နှင့်**
**အမှုဆောင်ဒါရိုက်တာအဖွဲ့**

ZENITH
STRATEGIC GROUP OF COMPANIES

## ကွယ်လွန်သူ Mr Tan Boon Pee ကျန်ရစ်ခဲ့သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့် ပတ်သက်၍ အမွေဆိုင်များသိစေရန်

ဒေါ်ယဉ်ယဉ်ရွှေ [၁၂/ဗတထ(နိုင်)၀၁၁၆၁၂] အမှတ်(၄၅)၊ (၄၅)လမ်း၊ (၉)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာလိုက်သည်။

Mr Tan Boon Peeအမည်ပေါက်ပိုင်ဆိုင်ခဲ့သော ရန်ကုန်မြို့၊ လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ် A2 (ဘိုးဘွားပိုင်မြေ) မြို့မအရှေ့၊ ဧရိယာ(၂၅'×၅၀')ပဋ္ဌမတန်းစား မြေအမျိုးအစားနှင့်ထိုမြေပေါ်ရှိ အမှတ်(၁၃၀)၊ (၁၉)လမ်းဟုခေါ်တွင်သော နှစ်ခန်းတွဲနှစ်ထပ်တိုက်ကျန်ရစ်ပါသည်။ Mr Tan Boon Peeတွင်သားသမီး(၄)ဦးကျန်ရစ်ကြောင်း၊ သားဖြစ်သူ ဦးဇော်ဝင်းသည် ၂၂-၆-၁၉၉၅ရက်က ကွယ်လွန်ခဲ့ပါသည်။ ဒေါ်ယဉ်ယဉ်ရွှေသည် ဦးဇော်ဝင်း၏ဇနီးဖြစ်ပါသည်။ Mr Tan Boon Peeသည် ၂၅-၁၂-၁၉၅၅ရက်က ကွယ်လွန်ခဲ့ပါသည်။ ယခုအခါထိုမြေ၊ တိုက်တို့နှင့်ပတ်သက်၍ အမွေခွဲလိုသည့်အတွက် ဒေါ်ယဉ်ယဉ်ရွှေက Mr Tan Boon Pee၏သားသမီးများကို ရှာဖွေသော်လည်း အဆက်အသွယ်မရ၊ မတွေ့ရှိရပါ။

သို့ပါ၍ Mr Tan Boon Pee၏ အမွေဆက်ခံခွင့်ရှိသူများသည် အထောက်အထားအခိုင်အမာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဒေါ်ယဉ်ယဉ်ရွှေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း အမြန်ဆုံးဆက်သွယ်ပါရန် ကြော်ငြာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရွှေလှိုင်တင် B.A, HGP, PDGL, DBL**
**(စဥ်-၁၀၆၈၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၆/၃၈) (၅-လွှာ)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇**




## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၉၀၈)၊ အောင်သပြေအနောက်(၁၀)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ အမှတ်(၉၀၈)ခေါင်းရင်းဘက်အလျားပေ၂၀×အနံပေ ၆၀မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်သူဟုဆိုသူ (မြေအမည်ပေါက် ဦးကွန်း၏သမီး) ဒေါ်သန်းဌေးထံမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နီနီ [၁၂/မရက(နိုင်)၁၁၀၇၃၄]**
**အမှတ်-၂၃၊ ၁၁၈-လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## လယ်မြေရောင်းမည်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၈ရပ်ကွက်၊ ဂရန်ကွင်း၊ ပဲခူးမြစ်ပတ်လမ်း၊ ကွန်ကရစ်လမ်းမကြီးမေးတင်၊ ပုံစံ(၁၀၅)ကျပြီး၊ လယ်မြေ(၃၈)ဧကရောင်းမည်။ အကျိုးဆောင်များ ဆက်သွယ်နိုင်သည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၉၆၇၈၅၈၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ တိုက်အမှတ်(၁၈၉)၊ မြေညီထပ်(ယာ)အခန်း၊ ၃၉-လမ်းဟုခေါ်တွင်သော တိုက်ခန်းကို ယင်းတိုက်ခန်း၏ အမည်ပေါက်ဖြစ်သူ ဦးမြင့်ဝေ [၁၂/သဃက(နိုင်)၁၁၈၆၅၆] (ကွယ်လွန်)၏ တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်စန်းမြင့် [၁၂/ သဃက(နိုင်) ၁၀၂၉၁၆]ကို ကိုင်ဆောင်ထားသူထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ တရားဝင်ဥပဒေနှင့်အညီ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများကိုယူဆောင်၍ ဤကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်စာချုပ်ကြီးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးထင်ကျော် B.Sc., H.G.P., R.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၅၃၁၅)/၉၀**
(၁၃၈)၊ ပ-ထပ်၊ ၃၂-လမ်းလယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၂၁

## ရောင်းမည်

(100'x40')၊
စစ်ကဲလမ်း၊ ပြည်။
ဖုန်း-၀၉-၂၅၄၆၁၆၄၄၃

## အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၂၅၁/ခ)၊ မြေကွက်တည်နေရာအမှတ်(၂၅၁/ခ)၊ ခနောင်ဒွီ(၂)လမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဦးသိန်းလွင်[၁၂/သဃက(နိုင်)၀၈၁၈၂၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသိန်းလွင်မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ၂၉-၆-၂၀၁၅ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ နှစ်(၆၀)ဂရန်မိတ္တူမှန် လျှောက်ထားလာရာ ဌာနလုပ်ထုံးလုပ်နည်းအရခွင့်ပြုခဲ့ပြီး၊ မူလထုတ်ပေးထားသော ၂၅-၁-၉၆ ရက်စွဲပါ ဂရန်အမှတ်တွဲအမှတ်-၅၄/ ၃၆/အဂတ အမည်ပေါက် ဦးသိန်းလွင်ဖြင့် ထုတ်ပေးခဲ့သော ဂရန်မူရင်းစာအုပ်အား ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

